
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရွှေအဥ္စလီ

---

# နောင်တမရှိသောအချစ်

စိုးမိုး - တပေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၂၀၄၂၁၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၂၃၀၁၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


## အခန်း (၁)

"ဟင်း...ဟင်း"

"ဟော...လူနာသတိရလာပြီ"

"ဟင်"

"သဒ္ဒါ...သဒ္ဒါ"

"အင်း"

"သဒ္ဒါသတိရလာပြီလားဟင်၊ မောင့်ကိုကြည့်ပါဦး"

ညည်းညူသံလေးနှင့်အတူ အမြင်အာရုံ ဝေဝါးလျက် မျက်ခွံလေးတွေ ဖွင့်လို့မရအောင် လေးလံနေသည့်ကြားက အားယူလျက် မျက်ဝန်းလှလှလေးအစုံသည် ဖြည်းညှင်းစွာ ပွင့်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုန်းစပ်နေသော မျက်ဝန်းများရဲ့ အမြင်အာရုံတွင် သူမ မြင်တွေ့လိုက်ရသည်က ခန့်ညားတည်ကြည်ချောမွေ့ပါသော ရုပ်သွင်နှင့် စိုးရိမ်မှုများ ယှက်ဖြာနေသည့် မျက်ဝန်းအစုံဖြင့် သူမအား မျက်တောင်မခတ် အကြည့်စူးစူးများဖြင့် အုပ်မိုးငုံ့စိုက်ကြည့်နေပါသည့် လူတစ်ယောက်။

"ဟား…သဒ္ဒါရယ်၊ သတိရလာပြီနော် မောင်ဝမ်းသာလိုက်တာဗျာ"

သူမကြည့်နေဆဲမှာပင် လူရွယ်သည် သူမလက်လေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း သူမမျက်နှာလေးထက် သူ့မျက်နှာ အုပ်မိုးကြည့်နေလိုက်သည်။

ဘုရားရေ…

သူ…သူ ဘယ်သူပါလိမ့်။ ပြီးတော့ သူမကရော ဘယ်ကိုရောက်နေတာလဲ။

"ဟင်…အို…အို"

"အား…ကျွတ်…ကျွတ်"

သူမအား အနီးကပ်အုပ်မိုးကြည့်နေသော သူ့မျက်နှာကို





မြင်လိုက်ရသည့်အတွက် ကြောက်လန့်မှုတို့နှင့်အတူ သူမကိုယ်သူမ ဘယ်ရောက်နေရသည်လဲဆိုသော အတွေးနှင့် စဉ်းစားလိုက်ရုံဖြင့် သူမဦးခေါင်းတစ်ခုလုံးသည် မခံမရပ်နိုင်အောင် အုံခဲနာကျင်သွားရသည်။

"သဒ္ဒါ…သဒ္ဒါ၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဗျာ"

မျက်ဝန်းလေးကို ဖျတ်ခနဲမှိတ်လျက် ခေါင်းကို လက်လေးနှင့် ဖိအုပ်ကာ ညည်းညူလိုက်သည့် သဒ္ဒါကြည်ဖြူကို ရဲထွဋ်သည် ဘယ်လိုမှ ဟန်မဆောင်နိုင်စွာ စိုးရိမ်ပူပန်သွားရသည်မို့ သူမကိုယ်လေးကို တယုတယ ပွေ့ယူလိုက်တော့…

"အို…ရှင် ရှင် ဘယ်သူလဲ၊ ဘာလုပ်တာလဲ၊ လွှတ် လွှတ်၊ ကျွန်မကို လွှတ်ပါ"

တည်ကြည်ချောမွေ့လွန်းသော ရဲထွဋ်မျက်နှာကို စိမ်းလဲ့သော အကြည့်များဖြင့် ထိတ်လန့်ကြောက်ရွံ့စွာ ကြည့်လျက် ပြောလိုက်တော့ ရဲထွဋ်သာမက အခန်းထဲရှိလူအားလုံး မျက်နှာပျက်သွားရလေသည်။

"သဒ္ဒါ…သဒ္ဒါ မောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကမောင်လဲ၊ မသိဘူး၊ ရှင့်ကိုကျွန်မမသိဘူး၊ ကျွန်မကိုလွှတ်ပါ၊ ကျွန်မ ကျွန်မ ဘယ်ရောက်နေတာလဲ"

အကြည့်တွေသာမက အပြုအမူများကလည်း စိမ်းစိမ်းကားကားဟန်လေးနှင့် ရဲထွဋ်လက်ထဲမှ ရုန်းထွက်နေသော သဒ္ဒါကြည်ဖြူကြောင့် လူချောကြီး ရဲထွဋ်မှာ နလုံးသား မခံမရပ်နိုင်အောင် နာကျင်သွားရပြီး…

"ဟင်…သဒ္ဒါ သဒ္ဒါရယ်၊ ဒေါက်တာ သဒ္ဒါကိုကြည့်ပါဦးဗျာ၊ သဒ္ဒါ ဘာဖြစ်တာလဲမသိဘူး၊ လုပ်ပါဦး ဒေါက်တာ"

အချစ်ရဆုံးသူ၏ စိမ်းကားမှုကြောင့် ဆတ်ဆတ်ခါဆောက်တည်ရာမရ ခံစားမှုများဖြင့် ရဲထွဋ်သည် ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူအား ပြောလိုက်သည်။

ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူမှာ အခြေအနေကို နားလည်စွာ သိလိုက်ရပြီဖြစ်သည်။

"ရှင်ဘယ်သူလဲ၊ ဘာတွေပြောနေတာလဲ၊ ရှင့်ကို ကျွန်မ မသိဘူး၊ ဖယ် ဖယ် ကျွန်မသွားမယ်"

"ဟာ…သဒ္ဒါ သဒ္ဒါ"





ခုတင်ပေါ်မှ ဆင်းမည့်ဟန်ပြင်နေသော သဒ္ဒါကြည်ဖြူကိုယ်လေးကို ရဲထွဋ်သည် အမိအရ ဆွဲဖက်ထားလိုက်တော့…

"အို…ရှင် ရှင်၊ လွှတ် ကျွန်မကိုလွှတ်၊ ရှင့်ကို ကျွန်မ မသိဘူး၊ လွှတ်ပါ"

ရှက်ရွံ့ထိတ်လန့်နေဟန်ကလေးနှင့် သဒ္ဒါကြည်ဖြူသည် ရဲထွဋ်ကိုယ်ကြီးကို သူမလက်လေးနှင့် တွန်းဖယ်လိုက်သည်။

"မောင်ရဲထွဋ်"

သဒ္ဒါကြည်ဖြူ အခြေအနေကို လုံးလုံးနားလည်သဘောပေါက်သွားရပြီဖြစ်သော ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူသည် သဒ္ဒါကြည်ဖြူအတွက် စိတ်မကောင်းဟန်လေးနှင့် ရဲထွဋ်လက်မောင်းကို ဆုပ်ကိုင်ကာ ခေါ်လိုက်သည်။

ရဲထွဋ်အကြည့်များက ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူထံ ရောက်ရှိသွားလေသည်။

"မောင်ရဲထွဋ် ဆရာနဲ့ အပြင်မှာ ခဏစကားပြောကြရအောင်"

ရဲထွဋ်မှာ ချစ်ရသူအတွက် စိုးရိမ်စိတ်မချမှုများဖြင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဆရာဝန်ကြီး ဒေါက်တာ ဦးမင်းသူနှင့်အတူ အခန်းပြင်သို့ ထွက်လာခဲ့လိုက်သည်။

အခန်းအပြင်သို့ ရောက်သည်နှင့်...

"ဆရာ...သဒ္ဒါ့အခြေအနေ"

"ဟင်း"

ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူမှာ ရဲထွဋ်စကားကို ရုတ်တရက်မဖြေပါ။ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်ရင်း

"ဆရာလည်း စိတ်မကောင်းပါဘူး မောင်ရဲထွဋ်"

"ကျွန်တော် ဘယ်လိုနားလည်ရမလဲဆရာ၊ သဒ္ဒါ့အခြေအနေက"

"စိတ်ကိုနိုင်နိုင်ထားပြီး နားထောင်ပါ မောင်ရဲထွဋ်၊ သဒ္ဒါကြည်ဖြူရဲ့ အခြေအနေက အရှင်းဆုံးပြောရရင်တော့ သူ လုံးဝ အတိတ်မေ့သွားခဲ့ပါပြီ"

"ဗျာ"

ကြားလိုက်ရသည့်စကားက ရဲထွဋ်အတွက် ယုံနိုင်ဖွယ်ရာမရှိ။ သူချစ်လှပါသည့် သဒ္ဒါကြည်ဖြူနှင့် ပတ်သက်ကာ ရဲထွဋ်





အနေနှင့် ဘယ်လိုမှ မထင်မှတ်ခဲ့သည့်အဖြစ်။

"ဆရာ"

"မောင်ရဲထွဋ်"

"သူ လုံးဝအတိတ်မေ့သွားခဲ့ပြီ ဟုတ်လား"

ရဲထွဋ်အမေးကို ရင်ဆိုင်မဖြေဝံ့ မဖြေရက်သလို အကြည့်များကိုလွှဲရင်းမှ ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူ ခေါင်းညိတ်အဖြေပေးလိုက်တာကိုကြည့်ပြီး ရဲထွဋ် ရုတ်တရက်တော့ အသိနှင့်ခန္ဓာ လွတ်သွားရသလို ရင်မှာ ဖော်မပြနိုင်သည့် ကြေကွဲထိခိုက်ခြင်းများဖြင့် ခံစားမှုတွေက ပြင်းပြင်းထန်ထန် ပေါက်ကွဲမတတ်ခံစားသွားရသည်။

သည်နောက် သူသည် ချစ်ရသူအတွက် ယူကျုံးမရ ကြေကွဲထိခိုက် ဝမ်းနည်းနာကျင်ခြင်းများဖြင့် သူ့ကိုယ်ကြီးသည် အခန်းနံရံကို မှီရပ်လိုက်သည့်တိုင် သူ့မျက်နှာချောချောကြီးကတော့ ဖြင့် ကြေကွဲထိခိုက်နာကျင်မှုများ အဖုံးဖုံးဖြင့် မျက်ဝန်းအစုံမှာ နီရဲ စိုစွတ်နေတော့သည်။

ဖြစ်ရလေခြင်း။ အချစ်ရဆုံးချစ်သူလေးမှာမှ ဒီလိုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးမျိုး ဖြစ်ရလေခြင်းဆိုသည့် ဖြေမဆည်နိုင်သည့် ထိခိုက်နာကျင်ခြင်း အတွေးများဖြင့် ရဲထွဋ်သည် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထွေးရင်းမှ အံကိုကြိတ်ထားလိုက်သည်မှာ မေးကြောကြီးများ တင်းကာနေရတော့သည်။

"ဆရာကိုယ်တိုင် စိတ်ထိခိုက်ရပေမယ့် ဒီရောဂါမျိုးဟာ လုံးလုံးပြန်မကောင်းနိုင်တော့တဲ့ ရောဂါမျိုးမှ မဟုတ်ပဲ မောင်ရဲထွဋ်၊ ဆရာတို့ အကောင်းဆုံးနည်းလမ်းကို ရှာကြတာပေါ့"

အားပေးသလို သူ့ပခုံးကို ဆုပ်ကိုင်လျက် ပြောလိုက်သည့် ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူ၏ စကားတွေက သူ့နားထဲ ဝင်တစ်ချက် မဝင်တစ်ချက် ရဲထွဋ်အသိထဲမှာတော့ ဆုံးရှုံးရပြီဟူသော အတွေးများနှင့် ချစ်သူလေး အဖြစ်ဆိုးက သူ့ရင်ကို မချိအောင် နာကျင်နှိပ်စက်နေတော့သည်။

"သဒ္ဒါရယ်"

"ဖြစ်မှဖြစ်ရလေရယ်ဗျာ၊ မောင် ဘယ်လိုဖြေနိုင်တော့မှာလဲ၊ သဒ္ဒါ့အတွက် မောင့်ရင်မှာ မချိနိုင်တော့ပါဘူးဗျာ" ဟူ၍ ရဲထွဋ်သည် စိတ်မှာ ကျိတ်မနိုင်ခဲမရဖြင့် စကားတွေဆိုနေလိုက်ပါ





တော့သည်။

"မောင်ရဲထွဋ်"

"ဆရာ"

"သဒ္ဒါကြည်ဖြူအတွက် ဆရာတို့အကောင်းဆုံးနည်းလမ်းကို ရှာတွေ့ကြမှာပါ၊ ခုလောလောဆယ်မှာတော့ သူ့ရဲ့အခြေအနေကို ကြည့်ပြီး ဆရာတို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ကြတာပေါ့ ကွယ်"

"ဆရာရယ်"

အကောက်ခွန်အရာရှိလေး ရဲထွဋ်အနေနှင့် ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူအား ဒီထက်ပို၍လည်း သူစကားမဆိုဖြစ်တော့ပါ။ ဆိုရန်လည်း သူ့အနေနှင့် စကားမရှိတော့။

အချစ်ဆုံးချစ်သူအတွက် ထိခိုက်ခံစားနေရသည့် ဝေဒနာက သူ့ရင်ထဲ မွန်းကြပ်ပိတ်လှောင်လျက် ခံစားမှုတွေ ဆိုးဝါးလာရသည့်အဖြစ်။

"သဒ္ဒါရယ်...မောင့်ရင်ထဲကို မင်းဝင်ကြည့်လိုက်စမ်းပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ရသော ရင်အစုံ၊ ကွဲကြေမတတ် ခံစားရသည့် နှလုံးသားတို့ဖြင့် ရဲထွဋ်သည် မချိတင်ကဲစကားများကို ရင်မှာသာ ကျိတ်ဆိုရင်း သဒ္ဒါကြည်ဖြူရှိရာ အခန်းထဲသို့ ပြန်ဝင်ခဲ့လိုက်သည်။

တည်ကြည်ခန့်ညားသော သူ့မျက်နှာချောချောကြီးသည် ခံစားမှုကြောင့် ညှိုးရော်နေရကာ ခြေလှမ်းတိုင်းမှာလည်း လေးလံနေရသည်။

ရင်ဝယ် မီးတောင်တစ်ခု ပေါက်ကွဲနေသည့်အလား ခံစားမှုတွေ မွန်းကြပ်နေရသော ရဲထွဋ်သည် နာကျင်လွန်းသောရင်အစုံ၊ ကြေကွဲလွန်းသော ခံစားမှုတွေနှင့် သဒ္ဒါကြည်ဖြူမျက်နှာလေးကို လှမ်းကြည့်ကာ အခန်းထဲသို့အဝင်…

''ကိုလေး''

''ဟင်''

သဒ္ဒါကြည်ဖြူနှုတ်မှ ခေါ်သံလေးကြောင့် အံ့သြရလွန်းသဖြင့် ရဲထွဋ် မှင်သက်သွားရသည်။

သည်နောက် နားမလည်နိုင်စွာ သူ့အကြည့်တွေက သဒ္ဒါကြည်ဖြူဘေးတွင် ရှိနေသော ဆရာမလေးထံ အကြည့်များရောက်





ရှိသွားရတော့ ဆရာမလေးသည် သူ့အကြည့်များကို နားလည့်သောဟန် အကြည့်ရှုးရှုးလေးနှင့် သူ့အား ပြန်ကြည့်လာလေသည်။

အကောက်ခွန်အရာရှိလေး ရဲထွဋ်မှာ ရင်မှာမောလျှန်းထွေးသည့် ခံစားမှုတွေနှင့် သဒ္ဒါကြည်ဖြူအနား ခြေလှမ်းသွက်သွက်နှင့် လျှောက်လာကာ သူ့လက်အစုံက သူမပခုံးလေးအား ဆုပ်ကိုင်လိုက်ပြီး

''သဒ္ဒါရယ် မင်း မင်း''

''သဒ္ဒါ တောင်းပန်ပါတယ် ကိုလေး၊ သဒ္ဒါ ဘာဖြစ်သွားမှန်းမသိဘူး၊ ကိုယ့်အစ်ကိုဖြစ်တဲ့ ကိုလေးကိုမှမဟုတ်ဘူး၊ သဒ္ဒါ အားလုံးကို မမှတ်မိတော့လောက်အောင် ဖြစ်သွားတယ်၊ ဒီကဆရာမလေးက သဒ္ဒါနာမည်ကို ပြောပြတယ်၊ ပြီးတော့ ကိုလေးဟာ သဒ္ဒါရဲ့ ကိုလေးလို့ပြောမှ သဒ္ဒါသိတော့တယ်၊ သဒ္ဒါကို ခွင့်လွှတ်ပါနော် ကိုလေး''

စောစောက သူကြုံတွေ့ခဲ့သလို စိမ်းကားသည့် မျက်ဝန်း၊ ခါးသီးသည့် အပြုအမူများနှင့်မဟုတ်တော့ဘဲ ယခုတော့ဖြင့် ကြည်စင်သော မျက်နှာနွမ်းနွမ်းလေးနှင့် သူ့အား တောင်းပန်ရှင်းပြ

www.burmeseclassic.com



စကားဆိုနေသော သဒ္ဒါကြည်ဖြူကိုကြည့်ပြီး အကောက်ခွန်အရာရှိလေး ရဲထွဋ်၏ရင်ထဲဝယ် နာကျင်ကြေကွဲ ခံစားရမှုတို့က ပိုလို့တိုးသွားရတော့သည်။

ရင်ဝယ် မချိနာကျင်မှုများဖြင့် ရဲထွဋ်သည် ချစ်ရသူဝေဒနာရှင်လေး၏ အလှဆုံးမျက်နှာလေးကို ရီဝေစိုစွတ်သောမျက်ဝန်းညိုများအစုံနှင့် စိုက်ခနဲပြန်ကြည့်ရင်း သဒ္ဒါကြည်ဖြူ၏လက်လေးကို ဆုပ်ထွေးကာ

"သဒ္ဒါ"

"ရှင် ကိုလေး"

"ကိုလေးတဲ့လား သဒ္ဒါရယ်"

လွန်စွာလှပလျက် ချစ်စရာအပြုံးနှမ်းယဲ့ယဲ့လေးနှင့် မျက်လွှာလေးချကာ ပြုံးလိုက်ပုံကြောင့် ရဲထွဋ်သည် နာကျင်သွားရသည့် နှလုံးသားအတွက် မခံစားနိုင်တော့သည့်အလား ဆရာမလေးကိုကြည့်လိုက်တော့ ဆရာမလေးသည်လည်း သူ့အကြည့်ကိုနားလည်သလို တောင်းပန်သည့်အကြည့်လေးဖြင့် ကြည့်ရင်း အနားမှ ထွက်သွားလေ၏။





"ကိုလေး"

"ဗျာ"

"သဒ္ဒါကိုခေါ်တာ ကိုလေးဘာပြောမလို့လဲဟင်"

"အဟွန်း…တခြားမဟုတ်ပါဘူး သဒ္ဒါရယ်၊ သဒ္ဒါနေကောင်းပြီဆို မောင်တို့ အဲ ကိုလေးတို့ အိမ်ပြန်ကြရအောင်နော်"

"ဟင်…ဟုတ်ပါရဲ့၊ ဒါနဲ့ သဒ္ဒါက ဘာဖြစ်လို့ ဆေးရုံရောက်နေရတာလဲဟင် ကိုလေး၊ သဒ္ဒါ သဒ္ဒါ ဘာဖြစ်လို့လဲ ကိုလေး"

တစ်ရက်နှင့် တစ်နေ့လုံးလုံး ဆေးရုံတွင် သတိလစ်ခဲ့ရုံမက ပြီးခဲ့သည့်အတိတ်မှအဖြစ်များအတွက် ကိုယ့်ကိုယ်ကို ဘာမှမမှတ်မိရှာတော့သည့် ချစ်သူမိန်းမချောကိုကြည့်ပြီး အကောက်ခွန်အရာရှိလေး ရဲထွဋ်ရင်မှာ ချစ်သူအတွက် မခံစားနိုင်တော့ပါ။

"သဒ္ဒါ"

"ရှင်"

"သဒ္ဒါကို ဆရာမက ဘာပြောသေးလဲ"

"ဟင့်အင်း…တခြားဘာမှမပြောပါဘူး၊ သဒ္ဒါနေမ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလို့ ဆေးရုံရောက်တဲ့အကြောင်းနဲ့ ကိုလေးဟာ သဒ္ဒါရဲ့ အစ်ကိုဆိုတဲ့အကြောင်းပဲ ပြောပါတယ်၊ ကိုလေး သဒ္ဒါဘာဖြစ်တာ လဲဟင်"

သဒ္ဒါကြည်ဖြူအမေးကြောင့် ရဲထွဋ်မှ သက်ပြင်းတစ်ချက်ကို ကျိတ်ချလိုက်ပြီး…

"သဒ္ဒါ ကားမှောက်လို့ ခေါင်းမှာ ဒဏ်ရာနည်းနည်းရပြီး ဆေးရုံရောက်တာ"

"ရှင်"

"သဒ္ဒါ…သဒ္ဒါကားမှောက်လို့ ဟုတ်လား ကိုလေး"

"ဟုတ်တယ် သဒ္ဒါ၊ သဒ္ဒါမောင်းလာတဲ့ကား ဘရိတ်ချော်ပြီး လမ်းဘေးသစ်ပင်နဲ့ ဝင်တိုက်လို့ ဒဏ်ရာရပြီး ဆေးရုံရောက်တာ"

"ဒါပေမယ့် မစိုးရိမ်ပါနဲ့ သဒ္ဒါ၊ သဒ္ဒါ ဘာမှကြီးကြီးမားမား ဒဏ်ရာမရပါဘူး၊ ခေါင်းမှာ ဒဏ်ရာနည်း နည်းရတာကလွဲရင် ပေါ့လေ၊ ဒါကလည်း ဆေးစားဆေးသောက် ဖြည်းဖြည်းချင်း ပျောက်သွားမှာပါ၊ မောင်လေ အဲ ကိုလေး သဒ္ဒါ အကြောင်းကြားရ





တော့ ရင်မှာ ဘယ်လောက်စိတ်ပူသွားရတယ်မှတ်လဲ၊ သဒ္ဒါ တစ်ခုခုများဖြစ်ပြီလားဆိုတဲ့ အတွေးနဲ့ ကိုလေးရင်တစ်ခုလုံး ပေါက်ကွဲမတတ်ပါပဲ သဒ္ဒါရယ်"

ပြောရင်းက ရဲလွင်မှသည် ရင်မှာမချိသလို သဒ္ဒါကြည်ဖြူ ပခုံးလေးကို တင်းတင်းလေး ဖျစ်ညှစ်လိုက်သည်။

"ကိုလေးရယ် သဒ္ဒါကို ခွင့်လွှတ်ပါနော်၊ ကိုယ့်အတွက် ဒီလောက်စိတ်ပူတဲ့ အစ်ကိုကိုမှ သဒ္ဒါ မစဉ်းစားဘဲ ခါးခါးသီးသီး စကားတွေပြောမိတယ်၊ သဒ္ဒါ အမှားတွေ သဒ္ဒါရိုင်းပျမှုတွေကို ကိုလေး နားလည်ခွင့်လွှတ်ပေးပါရှင်"

အစ်ကိုဖြစ်သူကို အားနာတောင်းပန်ဟန်လေးနှင့် စိတ်မကောင်းစွာပြောရင်း သဒ္ဒါကြည်ဖြူသည် ရဲထွဋ်၏ ရင်ခွင်ထဲ မျက်နှာလေးအပ်ကာ ဆိုလိုက်မိပါသည်။

ချစ်ရသူထံမှ တောင်းပန်စကားနှင့် ရင်ခွင်ထဲ တိုးဝင်လာသော ကိုယ်လုံးနွေးနွေးလေးကို ရဲထွဋ်သည် အသာအယာသိုင်းပွေ့ထားရင်းမှ…

"ကိုလေးကို တောင်းပန်ဖို့မလိုပါဘူး သဒ္ဒါရယ်၊ သဒ္ဒါမှာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိပါဘူး၊ ရှိခဲ့လည်း သဒ္ဒါကို ကိုလေး အပြစ်မယူပါဘူးဗျာ"

"ကိုလေးရယ်"

ဘဝသစ်၊ စိတ်သစ်နှင့်ရှိနေရသော သဒ္ဒါကြည်ဖြူမှာ သူမအပေါ် ချစ်ရှာလွန်းသည့် အစ်ကိုဖြစ်သူအပေါ် ပို၍အချစ်တိုးသွားဟန်နှင့် ရဲထွဋ်ကိုယ်ကြီးကို သူမလက်လေးနှင့် တင်းတင်းလေးဖက်ထားလိုက်ပြီး...

"သဒ္ဒါကို ကိုလေး သိပ်ချစ်တာပဲလားဟင်"

"ချစ်တာပေါ့ သဒ္ဒါရယ်၊ ကိုလေးဘဝတစ်ခုလုံးနဲ့ရင်းပြီး သဒ္ဒါကိုချစ်ခဲ့ရတာပါကွယ်"

ထိုစကားကိုတော့ဖြင့် အကောက်ခွန်အရာရှိလေး ရဲထွဋ်သည် သူ့ရင်မှ နက်ရှိုင်းစွာ ဖြစ်ပေါ်လာသည့် ခံစားမှုဖြင့် လေးနက်တည်ကြည်စွာ အမှန်တကယ်ဆိုလိုက်ခြင်းသာ ဖြစ်ပါသည်။

သဒ္ဒါကြည်ဖြူဆိုတာက သူ့ဘဝ၊ သူ့နှလုံးသားများပေးဆပ်၍ နှင့်သည်းစွာ ချစ်ခဲ့ရသည့် ချစ်သူလေးပင်ဖြစ်သည်မဟုတ်ပါလား။

သို့သော် သူ့ဘဝ၊ သူ့နှလုံးသားများ ပေးဆပ်၍ ချစ်ခဲ့ရ





သော ချစ်သူလေးသည် သူ့အား ချစ်သူတစ်ယောက်အဖြစ် ချစ်ခဲ့သည်ကို မေ့၍ သူမစိတ်တွင် သူ့အား အစ်ကိုတစ်ယောက်အဖြစ်နှင့်သာ သိနေသောအခါ

"ဟူး"

"သဒ္ဒါရယ်"

"မောင်တို့နှစ်ယောက် ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့်ခုလိုအဖြစ်မျိုးနဲ့ လာကြုံနေရတာလဲဗျာ"ဆိုသည့်စကားကိုတော့ ရဲထွဋ်သည် ရင်မှာ နာကျင်ကြေကွဲထိခိုက်မှုတွေဖြင့် စိတ်မှာနင့်သည်းဝမ်းနည်းစွာ ဆိုလိုက်လေသည်။

"ကိုလေး"

"ဟင် ဗျာ"

"သဒ္ဒါခေါ်နေတာကြာလှပြီ၊ ကိုလေး ဘာတွေစဉ်းစားနေတာလဲဟင်"

မျက်နှာလေးမော့လျက် သူ့လက်မောင်းအား ဆုပ်ကိုင်ကာခေါ်နေသူလေးကို ရဲထွဋ်သည် အပြုံးဟဟနှင့် ငေးခနဲစိုက်ကြည့်ရင်း

"အဟွန်း...ဆောရီးသဒ္ဒါရယ်၊ သဒ္ဒါ ကိုလေးကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပြောမလို့လဲဟင်''

''သဒ္ဒါတို့အိမ်ပြန်ကြမယ်ဆို၊ ကိုလေး သဒ္ဒါကို အိမ်ပြန် ခေါ်သွားမယ်မဟုတ်လားဟင်''

ကြည်စင်သော မျက်ဝန်းပြာပြာလေးက သူမအား တစ်ယောက်တည်းထားခဲ့မည်ကို ကြောက်ရွံ့နေဟန် အကြည့်လေး ကို မြင်ရတော့ ရဲထွဋ်မှာ ချစ်သူလေးအတွက် ရင်မှာ နင့်ခနဲ ခံစားသွားရကာ...

''စိတ်ချပါသဒ္ဒါရယ်၊ ကိုလေးချစ်တဲ့ သဒ္ဒါကို ကိုလေး တစ်ယောက်တည်း မထားခဲ့ပါဘူး၊ သဒ္ဒါကို ကိုလေး အိမ်ပြန် ခေါ်သွားမယ်၊ သဒ္ဒါ အိမ်ပြန်မယ်မဟုတ်လား''

''ဟုတ်''

ကလေးတစ်ယောက်လိုပင် သဒ္ဒါကြည်ဖြူသည် ခေါင်းလေးညိတ်ပြလေ၏။

ထိုစဉ် ဆရာမလေးသည် အခန်းထဲသို့ပြန်ဝင်လာကာ

''ဦးရဲထွဋ်က သဒ္ဒါကြည်ဖြူကို အိမ်ပြန်ခေါ်သွားမလို့ ဆို''





''ဟုတ်ကဲ့ ဆရာမ''

''ဒါဆို ဆရာဝန်ကြီးနဲ့ ခဏသွားတွေ့လိုက်ပါနော်''

''သဒ္ဒါ ဆရာမနဲ့ ခဏနေခဲ့ဦးနော်၊ ကိုလေး မကြာဘူး ပြန်လာခဲ့မယ်''

''ကိုလေး''

''ပြောလေသဒ္ဒါ''

''မြန်မြန်လာခဲ့နော်''

''သဒ္ဒါရယ်''

ခဏလေးအနားမှ ပျောက်သွားသည်ကိုပင် မလိုလားဟန် မျက်နှာနွမ်းနွမ်းလေးဖြင့် သူ့အားပြောနေသူလေးကို ရဲထွဋ်သည် အားပေးသလို သူမလက်လေးကို ဖျစ်ညှစ်လိုက်ပြီး...

''သဒ္ဒါ ဘာမှအားမငယ်နဲ့နော်၊ ကိုလေးမကြာဘူး ချက်ချင်းပြန်လာခဲ့မယ်သိလား''

ရဲထွဋ်သည် ဆရာမအား အပ်ခဲ့ပြီးနောက် သဒ္ဒါကြည်ဖြူ အနားမှ ထွက်လာခဲ့ရသော်လည်း သူ့စိတ်များကတော့ သူမလေးထံ တွင်သာ ကျန်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူရှိရာ ရုံးခန်းသို့ရောက်သည်နှင့်

“လာ မောင်ရဲထွန်း၊ ထိုင်”

ရဲထွန်းသည် ဆရာဝန်ကြီးဒေါက်တာဦးမင်းသူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ပြီး…

“ဆရာ”

“ခဏလေးမောင်ရဲထွန်း၊ မောင်ရဲထွန်း ဘာပြောမယ်ဆိုတာ ဆရာသိတယ်၊ မောင်ရဲထွန်းမပြောခင် ဆရာအရင်ပြောပါရစေဦး”

“ပြောပါဆရာ”

“အဆိုးထဲကအကောင်းလို့ ပြောရမယ် မောင်ရဲထွန်း၊ သဒ္ဒါကြည်ဖြူရဲ့ ရောဂါအခြေအနေက ပြန်ကောင်းလာဖို့ ဆရာတို့မှာ အများကြီး မျှော်လင့်ချက်ရှိတယ်”

“ဗျာ ဆရာ ဒါတကယ်ပြောတာလား”

“တကယ်ပါ မောင်ရဲထွန်း၊ မောင်ရဲထွန်းနဲ့ သဒ္ဒါကြည်ဖြူဟာ ဆရာ့ရဲ့သားနဲ့သမီးတွေဆိုလည်း မမှားပါဘူး၊ မင်းတို့ နှစ်ဖက်





မိဘတွေမရှိတော့ပေမယ့် ဆရာဟာ ဆရာ့သူငယ်ချင်း သားသမီးတွေအပေါ်မှာ ကိုယ့်သားသမီးတွေလို သဘောထားခဲ့တာ မောင်ရဲထွန်းလည်း သိပါတယ်လေ၊ ဒါကြောင့် မောင်ရဲထွန်းနဲ့ သဒ္ဒါကြည်ဖြူတို့ရဲ့ ကောင်းကျိုးကိုသာ ဆရာလိုလားတယ်ဆိုတာ မောင်ရဲထွန်း သိပါလိမ့်မယ်”

ရဲထွန်းသည် ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူ၏ တည်ကြည်ခန့်ညားသော မျက်နှာကို ငေးခနဲကြည့်မိသွားရသည်။

စိတ်ရင်းမနောကောင်းကာ သူနှင့် သဒ္ဒါကြည်ဖြူအပေါ် စေတနာထားရှာလွန်းသော ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူသည် သူတို့၏မိဘဆိုလည်းမမှားပေ။

ရဲထွန်းနှင့် သဒ္ဒါကြည်ဖြူ၏ မိဘများမရှိတော့ပေမယ့် ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူသည် မိဘများ၏ သူငယ်ချင်းကောင်း ပီသစွာ သဒ္ဒါကြည်ဖြူနှင့် သူ့အပေါ် ရင်ဝယ်သားကဲ့သို့ မေတ္တာထားရှာသူလည်းဖြစ်သည်။

“ပြောရရင် မောင်ရဲထွန်းရယ်၊ ဒီလိုအတိတ်မေ့ရောဂါမျိုးဆိုတာက ဆယ်ယောက်မှာ တစ်ယောက်ဖြစ်ခဲတဲ့ ရောဂါမျိုးပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကုလို့မရဘူးလားဆိုတော့လည်း မဟုတ်ဘူး၊ သူ့ကို သေချာ အနီးကပ်ဂရုတစိုက်နဲ့ ကုသပေးမယ်ဆိုရင် သဒ္ဒါကြည်ဖြူရဲ့ ရောဂါဟာ တစ်မျိုးပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်တယ်၊ အခိက လိုတာက သူ့အနားမှာ အမြဲဂရုစိုက်စောင့်ရှောက်ပေးဖို့တော့ လူလိုတယ်၊ မောင်ရဲထွဋ် အဲဒီအတွက် ဆရာအကြံပေးချင်တာကတော့ အကျုမိန်းကလေးတစ်ယောက်နဲ့နေတဲ့ သဒ္ဒါကြည်ဖြူကို မောင်ရဲထွဋ် အနားမှာ အနီးကပ်ခေါ်ထားစေချင်တယ်၊ ရှင်းရှင်းပြောရရင်တော့ မောင်ရဲထွဋ်အနားမှာ သဒ္ဒါကြည်ဖြူကို ထားဖို့ပါပဲ''

''ဟင်း''

ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူစကားကို နားထောင်ပြီး ရဲထွဋ် သက်မတစ်ချက်ချလိုက်လေသည်။

ရဲထွဋ်သည် ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူ၏စကားကို နားလည်ရပြီဖြစ်သည်။ နားလည်သည်နှင့်အမျှ သူ့ရင်အစုံသည်လည်း ထိနိုက်ကြေကွဲနေရ၏။

အတိတ်မေ့ဝေဒနာသည် တစ်ယောက်ကို ဘယ်အချိန်မှာ ပြန်ကောင်းလာနိုင်မည်ဆိုကာ ဘယ်သူမှမပြောနိုင်ပါ။





သဒ္ဒါကြည်ဖြူ၏ ဝေဒနာသည် အချိန်တစ်နှစ်အတွင်း ပျောက်မည်လား။ နှစ်နှစ် သုံးနှစ် ဒါမှမဟုတ် တစ်သက်လုံး ဒီအတိုင်းပဲဖြစ်နေမည်လားဆိုတာလည်း ကြိုတင်၍မပြောနိုင်သည့် ဝေဒနာမျိုး။

သည်လိုအခြေအနေမှာ သဒ္ဒါကြည်ဖြူကို အကျုမိန်းကလေးနှင့် တစ်ယောက်တည်းထားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်သည့် အဖြစ်။

သည်အဖြစ်ကို ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူသည် ကြိုတွေးမိပုံရကာ သူ့အား ဒီစကားပြောနေခြင်းဖြစ်ကြောင်း ရဲထွဋ် နားလည်ပါ၏။

နားလည်၍လည်း သူ့ရင်မောနေရခြင်းဖြစ်သည်။ ဘဝသစ်တွင် စိတ်သစ်၊ လူသစ်နှင့် ရှိနေရသော သဒ္ဒါကြည်ဖြူအနေနှင့် သူ့ကို အစ်ကိုတစ်ယောက်ဆိုသည့် အသိနှင့် ရှိနေနိုင်ပေမယ့် ရဲထွဋ်အနေနဲ့က ချစ်ရသူ ချစ်သူမိန်းမချောကို တစ်မိုးအောက် အတူနေပါရက် နေ့စဉ်မြင်တွေ့နေပါရက်နှင့် ညီမငယ်တစ်ဦးလို သဘောထားဖို့ဆိုတာ ချစ်သူကို သိပ်ချစ်ခဲ့သည့် သူ့အနေနှင့် ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖို့ရာ လွယ်မည်မဟုတ်ပါ။

ဘဝတစ်လျှောက်လုံးတွင် အချိန်နာရီစက္ကန့်များကို သူချစ်ရပါသည့် သဒ္ဒါကြည်ဖြူအတွက် ကုန်ဆုံးစေခဲ့ရသော ရဲထွဋ်။ ထိုအဖြစ်ကို သူ့အနေနှင့် ရင်ဆိုင်နိုင်ဖို့ လွယ်မည်မဟုတ်ပေမယ့်လည်း သူရင်ဆိုင်ရမည်သာဖြစ်သည်။

ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူ မပြောခင်ကတည်းက အတိတ်မေ့ဝေဒနာ ခံစားနေရရှာသည့် ချစ်သူလေးကို ရဲထွဋ်သည် သူရှိသည့် သူ့အရိပ်အောက် သူ့မျက်စိအောက်တွင် ထားရန် ဆုံးဖြတ်သူလည်းဖြစ်သည်။

ယခုတော့ သူ့ဆုံးဖြတ်ချက်တွေ ပိုမိုခိုင်မာရပြီမို့ ရဲထွဋ်သည် ချစ်သူလေးအတွက် အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်းများကို စဉ်းစားရင်း ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူကို နှုတ်ဆက်ကာ ထွက်လာခဲ့လိုက်သည်။

သည်နောက် သူ့ခြေလှမ်းများက ချစ်သူလေးနှင့်အတူ ရတနာဒီပခြံကြီးရှိရာဆီသို့ ဦးတည်လိုက်သည် မဟုတ်ပါလား။

❀ ❀ ❀



# အခန်း (၂)

"ကိုလေး"

ချိုကြည်ဝေလွင်အသံလေးဖြင့် ခေါ်ရင်း သူ့အနားသို့ ရောက်လာသော သဒ္ဒါကြည်ဖြူကို ရဲထွဋ်သည် လွမ်းဆွတ်ရီဝေနက်ရှိုင်းသော မျက်ဝန်းများဖြင့်ကြည့်ရင်း

"သဒ္ဒါ"

ပြန်ထူးရင်းက သဒ္ဒါကြည်ဖြူလက်လေးတစ်ဖက်ကို ဆုပ်ထွေးဖျစ်ညှစ်လိုက်သည်။

"ကိုလေးကို သဒ္ဒါကြည့်နေတာကြာပြီ၊ ခြံထဲမှာလာထိုင်ပြီး တစ်ယောက်တည်းထိုင်ပြီး ကိုလေး ဘာတွေတွေးနေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကြည်ဖြူအမေးကြောင့် ရဲထွဋ်မှာ ကိုယ့်အကြောင်း ကိုယ်သာသိ ဆိုသလို မချိပြုံးပြုံးလိုက်ပြီး

"အဟွန်း…ကဲ ပြောပါဦး၊ သဒ္ဒါကရော ကိုလေး ဘာတွေတွေးနေတယ်လို့ထင်လဲ"

ရဲထွဋ်သည် ပြောရင်းက နုထွေးသန့်စင်ချောမောလှပလွန်းသော သဒ္ဒါကြည်ဖြူမျက်နှာလေးကို ငေးစိုက်ကြည့်ရင်း သူမပခုံးလေးကို အားမလိုအားမရနှယ် သိုင်းဖက်လိုက်သည်။

ထိုအဖြစ်ကို သဒ္ဒါကြည်ဖြူကတော့ဖြင့် မသိပါ။ မျက်ခုံးလှလှလေးကို ကုပ်ကွေးရင်းက စဉ်းစားသလို တစ်ချက်ငြိမ်သွားရပြီး

"သဒ္ဒါတစ်ခုစဉ်းစားမိပြီ ကိုလေး"

"ဘာများလဲဗျ၊ ပြောပါဦး"

သဒ္ဒါကြည်ဖြူ မျက်နှာလေးသည် ရှုမှုန်မှုန်လေးရှိသွားရပြီး…

"ကိုလေး ကိုလေးချစ်သူအကြောင်း စဉ်းစားနေတာ မဟုတ်လား"





"သဒ္ဒါရယ်"

သူ့ရင်ကို ထွင်းဖောက်မြင်သလို သူမစကားက မှန်နေသည်မို့ ရဲထွဋ်မျက်နှာချောချောကြီးမှာ ညှိုးသွားရသည်။

သဒ္ဒါကြည်ဖြူ ပြောစကားသည် မှန်ပါ၏။ သူစဉ်းစားနေသည်ကလည်း သူ့နှလုံးသားများ ပေါက်ကွဲမတတ် ချစ်ရပါသည့် ချစ်သူမိန်းမချောလေး သဒ္ဒါကြည်ဖြူအကြောင်းသာ ဖြစ်ပါသည်။

အကောက်ခွန်အရာရှိလေး ရဲထွဋ်နှင့် အထက်တန်းရှေ့နေမလေး သဒ္ဒါကြည်ဖြူဆိုတာက ငယ်စဉ်ကတည်းက လူကြီးချင်းရင်းနှီးရာမှ သံယောဇဉ်တွယ် ချစ်ခင်လာရသည့်သူနှစ်ဦး။

ငယ်စဉ်ကလေးဘဝမှာလည်း ကလေးမို့ ဖြူဖြူစင်စင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်သံယောဇဉ်ရှိခဲ့သလို အရွယ်လေးတွေရလာပြန်တော့လည်း သိပ်လှသော သဒ္ဒါကြည်ဖြူနှင့် ယောကျ်ားပီသ ချောမောသော ရဲထွဋ်တို့သည် တစ်ဦးအပေါ်တစ်ဦး အရောင်များ ပြောင်းလာလျက် တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘချင်းကလည်း သူငယ်ချင်းမို့ ဆွေမျိုးရင်းတမျှ ရင်းနှီးကြသလို လူငယ်တွေဖြစ်သည့် ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူတို့ နှစ်ဦးမှာလည်း ချစ်လိုက်ကြသည်မှာ သည်းသည်းလှုပ် မြင်ရသူပင် အားကျရလောက်သည့်အထိ တစ်ဦးအပေါ်တစ်ဦး ကြင်နာမှုတွေဖြင့် သည်းခံအလိုလိုက်ချစ်နိုင်ကြလွန်းသူများဖြစ်ကာ ရည်ရွယ်ချက်များ ပြည့်စုံသည့် တစ်နေ့တွင် နှစ်ဦးသား လက်ထပ်ရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူ၏ ချစ်ခရီးသည် အရာရာ ပျော်ရွှင်ခြင်းအတိနှင့် အဆင်ပြေရသည်မှာ ပန်းခင်းလမ်းနှယ်ပင် ဖြစ်သည်။

သို့သော် မမျှော်လင့်ဘဲ နှစ်ဘက်မိဘများ ဘုရားဖူးသွားရာမှ ကားအက်စီးဒင့်ဖြစ်ပြီး ကွယ်လွန်သွားသည့်အခါမှာတော့ ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူတို့အတွက် ဘဝသည် ခြောက်သွေ့သွားရသလို ရင်မှာကွက်လပ်ဖြစ်ကျန်ရစ်ခဲ့လေသည်။

မိဘများအတွက် ရင်မှာ ဖြေမဆည်နိုင် ကြေကွဲရသော်လည်း ယောကျ်ားသားမို့ ရဲထွဋ်မှာ ချစ်သူလေး အားငယ်မည်စိုးကာ





သဒ္ဒါကြည်ဖြူရှေ့တွင် မားမားမတ်မတ် ရပ်တည်နိုင်အောင် ကြိုးစားရင်း သဒ္ဒါကြည်ဖြူအပေါ် သူ့အချစ်များ ဆထက်တိုး ချစ်ရခဲ့လေသည်။

နှစ်ဦးနှစ်ဘက်အတွက် မိဘများက အမွေအနှစ်တွေ ထားခဲ့သည်မို့ သဒ္ဒါကြည်ဖြူနှင့် ရဲထွဋ်ဘဝအတွက် ငွေကြေးဆိုတာ သူတို့ဘဝတစ်လျောက်မှာတော့ ပူပင်စရာမလိုတော့ပါ။

သည်လိုနှင့်ပင် ရဲထွဋ်သည် အကောက်ခွန်အရာရှိလေးဘဝကို ရောက်ရှိခဲ့သလို သဒ္ဒါကြည်ဖြူမှာလည်း အထက်တန်းရှေ့နေအဖြစ်နှင့် ရပ်တည်နိုင်ခဲ့ပြီမို့ သူတို့နှစ်ဦး၏ ဘဝသည် နီးစပ်ရန် မဝေးတော့ပြီဖြစ်သည်။

တစ်နေ့ ထိုတစ်နေ့သည် ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူဘဝကို ရှင်ရက်ခွဲစေရသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရလေသည်။

ငွေကြေးချမ်းသာသည့် မိဘများမှ ဆင်းသက်လာသော တစ်ဦးတည်းသော သားသမီးများပီပီ ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူသည် လုပ်ငန်းအသွားအပြန်ကို ကားကို ကိုယ်တိုင်မောင်းလျက် သွားလာတတ်သူများဖြစ်သည့်အလျောက် သဒ္ဒါကြည်ဖြူသည်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှအပြန် သူမမောင်းလာသော ကားလေးသည် ဘရိတ်ချော်လျက် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ လမ်းဘေးသစ်ပင်နှင့် ဝင်တိုက်ကာ သူမဘဝသည်လည်း အမှောင်ကျခဲ့ရလေသည်။

ဘဝကို မျှော်လင့်ချက်၊ ပျော်ရွှင်ခြင်း၊ ကြည်နူးမှုတွေနှင့် တည်ဆောက်ရန် ပြင်ဆင်ထားသော ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူအတွက် ကံကြမ္မာဖာတ်ဆရာသည် သူတို့နှစ်ဦးအား မျက်နှာသာ မပေးခဲ့ပါ။

တစ်ယောက်နှင့်တစ်ယောက်ကြား အပြစ်တစ်စုံတစ်ရာ မရှိသလို နားလည်မှုလွဲ မုန်းခဲ့သည်လည်းမရှိပါဘဲ ရှင်ကွဲခွဲခဲ့ရသည့်အဖြစ်လောက် သူတို့နှစ်ဦးအတွက် နာကျင်ဖွယ်ရာမရှိတော့ပါ။

အတိတ်မေ့နေသည့် ဝေဒနာသည်လေးဖြစ်သည့် သဒ္ဒါကြည်ဖြူသည် ဘာကိုမှမသိ၍ မခံစားရပေမယ့် လူကောင်းတစ်ယောက်ဖြစ်သည့် အကောက်ခွန်အရာရှိလေး ရဲထွဋ်မှာတော့ ချစ်သူ၏ ကြည်စင်နုထွေးသောအလှ ရင်ကိုစွဲမက်စေသည့် အပြုံးတို့နှင့်အတူ သူ့အား အစ်ကိုတစ်ယောက်အသိဖြင့် ရင်းရင်းနှီးနှီး ချဲ့နှဲ့နေတတ်သည့် ချစ်သူလေးကိုကြည့်ပြီး ရဲထွဋ် လွတ်ထွက်မတတ်





ဖြစ်ခဲ့ရသည့် သူ့အချစ်စိတ်များ သူပြန်ထိန်းခဲ့ရသည်ကလည်း အခါခါပင်ဖြစ်သည်။

ယခုလည်းကြည့် ချစ်ရသူနှင့်အတူ တစ်မိုးအောက်မှာ နေရပါသော်လည်း ချစ်သူကိုမြင်ခွင့် ကြည့်ခွင့်မရသည့် သူ့အဖြစ်အတွက် ရင်မှာမချိသည့်နှလုံးသားဖြင့် လွမ်းလွမ်းဆွေးဆွေး ကျိတ်ကာ နာကျင်ရသည့် နှလုံးသားအတွက် ကြေကွဲနေတုန်း သူမလေးသည် သူ့အနားသို့ ဖြန်းဆိုရောက်လာလျက် သူမကိုယ်လေးသူ့ရင်ခွင်ထဲ တိုးဝင်မတတ် ချွဲနွဲ့နေရသော ချစ်သူလေးကြောင့် ရဲထွဋ်သည် အထိန်းချုပ်မဲ့စွာ ပေါက်ကွဲချင်နေရသည့် သူ့အချစ်စိတ်တို့ကို သူပြန်၍ ချိုးနှိမ်ရင်း သဒ္ဒါကြည်ဖြူ၏ ဝင်းမွတ်သွယ်လျသည့် ဖူးဖူးစင်စင် မျက်နှာလေးကို မျက်ဝန်းညိုညိုကြီးအစုံနှင့် ငေးစိုက်ကြည့်ကာ...

"သဒ္ဒါပြောသလို ကိုလေးချစ်သူအကြောင်း ကိုလေးစဉ်းစားနေတယ်ဆိုရင်ရော"

"ဟင်...ဟင့်အင်း...ဟင့်အင်း၊ ကိုလေးချစ်သူမထားရဘူး၊ ကိုလေး ကိုလေး သဒ္ဒါကိုပဲချစ်ရမယ်၊ သဒ္ဒါကလွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး တခြားသူဘယ်သူ့ကိုမှ မချစ်ရဘူးသိလား၊ အဟင့် ဟင့်
ဟင့်''

လုံးလုံးအတိတ်မေ့နေရှာသည်ဆိုပေမယ့်လည်း သဒ္ဒါကြည်ဖြူ၏ မသိစိတ်လေးသည် လူချောကြီးဖြစ်သည့် ရဲထွဋ်ထံတွင် တွယ်ငြိကျန်ခဲ့သေးဟန်တူပါ၏။

သိစိတ်မှာတော့ အစ်ကိုဖြစ်သူသည် ညီမအပေါ် အချစ်လျှောကာ အချစ်သစ်ရှာရပါ့မလားဆိုသည့် ဝမ်းနည်းကြေကွဲစိတ်နှင့် မျက်ရည်တွေက ပါးပြင်နုနုထက် ဆင့်ဆက်သလို ကြွေကျလာလေသည်။

ကလေးတစ်ယောက်လို တအိအိနှင့် ငိုနေသော သဒ္ဒါကြည်ဖြူ၏ မျက်ရည်များကို ရဲထွဋ်မှာ မကြည့်ရက်၊ မမြင်ရက်သလို မျက်နှာပျက်သွားရာမှ သူမပါးပြင်ပေါ်က မျက်ရည်စများကို ခပ်ဖွဖွဖယ်ရှားပွတ်သုတ်ပေးရင်း...

''မငိုနဲ့လေကွာ၊ ကလေးလည်းမဟုတ်ဘဲနဲ့ ဒီမျက်ရည်တွေက ဘာလို့ကျနေတာလဲ''

'အို ငိုမှာပဲ၊ ကိုလေး သဒ္ဒါကိုမချစ်တော့ဘူးမို့လား၊ အဟင့်





ဟင့် ဟင့် သဒ္ဒါသိပါတယ်၊ ကိုလေး သဒ္ဒါကို မချစ်တော့ဘူးဆိုတာ''

သူ့လက်ကို ဖယ်ရှားကာ ပြောလည်းပြော မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ပိုကျလာသော သဒ္ဒါကြည်ဖြူကြောင့် ရဲထွဋ်မျက်လုံးပြူးသွားကာ

''ဟာ...ဟိတ်...ဟိတ် မငိုနဲ့ဆိုကွာ၊ သဒ္ဒါကို မချစ်ဘူးလို့ ဘယ်သူကပြောလို့လဲဗျာ''

မျက်ရည်တွေနဲ့ပေမယ့် ဝင်းဝင်းဖန့်ဖန့် အလှက ပျက်မသွားသည့်အပြင် ပို၍ပင် လှသွေးကြွယ်နေသည့် ချစ်သူကြောင့် ငေးမောသွားရသော ရဲထွဋ်သည် သက်ပြင်းမောကို ကျိတ်ကာချရင်း သဒ္ဒါကြည်ဖြူ ပခုံးလေးကို တင်းတင်းသိုင်းဖက်လျက် သဒ္ဒါကြည်ဖြူပါးပြင်ထက်မှ မျက်ရည်စများကို သူ့ပါးပြင်ချောချောကြီးနှင့် ဖယ်ရှားပေးနေပါတော့သည်။

တစ်ဆက်တည်း သဒ္ဒါကြည်ဖြူ၏ မသိစိတ်ထဲတွင် သူ့အပေါ် သဝန်တိုစိတ်လေးရှိနေသေးပါလားဆိုသော အသိဖြင့် ရဲထွဋ်ရင်ထဲ သိမ့်ခနဲ လှုပ်ခါသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါရယ်"

မျက်ရည်တွေနှင့် သူ့ရင်ခွင်ထဲ တိုးဝင်လာသူလေးကို ရဲထွဋ်သည် မချင့်မရဲနှင့် ပြန်လည်ထွေးပွေ့ရင်း သူမနဖူးဝင်းဝင်းလေးကို ဖျတ်ခနဲ တစ်ချက်ငုံ့နမ်းလိုက်သည်။

"ကိုလေး"

"ဗျာ"

"ကိုလေးမှာ သဒ္ဒါထက်ပိုပြီး ချစ်ရမယ့်သူ တကယ်ပဲရှိလားဟင်"

"အဟွန်း ဟွန်း ဟွန်း ပြောပါဦးဗျာ၊ သဒ္ဒါက ဘယ်လိုထင်လဲဆိုတာ"

"အို…သဒ္ဒါမသိဘူး၊ သဒ္ဒါမသိဘူး၊ ကိုလေး သဒ္ဒါကလွဲပြီး ဘယ်သူ့မှမချစ်ရဘူး"

ပြောပြီး သူ့ရင်ခွင်ဝယ် မျက်နှာလေးအပ်ထားလိုက်လေသည်။ ရဲထွဋ်မှာ ချစ်သူ၏ ကလေးဆန်မှုကို အပြုံးနှင့်ကြည့်ကာ သူမမျက်နှာလေးကို သူ့ရင်ခွင်ထဲက ဆွဲယူမော့စေလိုက်ပြီး…

"မငိုပါနဲ့သဒ္ဒါ၊ သဒ္ဒါ မျက်ရည်တွေမြင်ရတာ ကိုလေး





ရင်မှာ ထိခိုက်ရလွန်းလို့ပါ၊ ဒီမယ် ကိုလေးပြောမယ်၊ သဒ္ဒါ သေချာနားထောင်နော်၊ ကိုယ့်ဘဝမှာ သဒ္ဒါဟာ ဘယ်သူနဲ့မှ အစားထိုးချစ်လို့မရတဲ့အချစ်ရဆုံးသော သူတစ်ယောက်ဆိုတာ သဒ္ဒါ သိလိုက်ပါတော့ဗျာ"

"ကိုလေး ကိုလေးရယ်"

လိုချင်တာရသွားသည့် ကလေးငယ်တစ်ယောက်လို သဒ္ဒါကြည်ဖြူမှာ အစ်ကိုဖြစ်သူ လူချောကြီး ရဲထွဋ်ထံမှ သူကြားချင်သည့်စကားကို ကြားလိုက်ရသည်မို့ စိတ်ဝယ် ကျေနပ်သွားရသလိုမျိုး ရဲထွဋ်ကိုယ်ကြီးကို သူမလက်လေးနှင့် မမှီမကမ်း သိုင်းဖက်ထားလိုက်သည်။

ရဲထွဋ်မှာ ချစ်သူကို ပိုင်ပိုင်ထွေးပိုက်မရသည့် အဖြစ်အတွက် ကံကြမ္မာကိုပင် အပြစ်တင်ရမည်လား။ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ ရင်ဝယ် နာကျင်ခံခက် မချင့်မရဲဖြစ်ရမှုတွေနှင့်သာ သူ့နှလုံးသားများ နာကျင်လို့သာနေပါတော့သည်။

နာကျင်မှုကြောင့်လည်း ရဲထွဋ်သည် သဒ္ဒါကြည်ဖြူမျက်နှာလေးကို စူးစူးနစ်နစ် ငေးစိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



''သဒ္ဒါ ကိုလေးကို သိပ်ချစ်တာပဲလားဗျာ''

ရဲထွဋ်အမေးတွင် သဒ္ဒါကြည်ဖြူ မျက်နှာလေး တည်သွားရတော့ ရဲထွဋ်မှာ နားမလည်ဟန်နှင့် မျက်ခုံးထူထူကြီး ပင့်တက်သွားရကာ...

''ကိုလေးမေးတာ ဘာလို့မဖြေတာလဲသဒ္ဒါ''

''သဒ္ဒါ ဝမ်းနည်းလို့''

''ဘယ်လို''

''ဝမ်းနည်းလို့ ဟုတ်လား''

''ဟုတ်တယ်၊ ဒီလောကကြီးမှာ ပြေးကြည့်မှ ဒီအစ်ကိုနဲ့ ဒီညီမ နှစ်ယောက်တည်းရှိတာ အစ်ကို့ကိုချစ်တဲ့ ညီမတစ်ယောက်အနေနဲ့ သဒ္ဒါအချစ်တွေအားလုံး ကိုလေးတစ်ယောက်တည်းအပေါ်မှာသာရှိတာ ကိုလေးမသိတော့ သဒ္ဒါ ဝမ်းနည်းတာသိလား''

ရစ်ဝဲကျချင်လာရသည့် မျက်ရည်စများကို မျက်တောင်ရှည်ကြီး တဖျတ်ဖျတ်နှင့် ပုတ်ခတ်သိမ်းဆည်းရင်း သူမချစ်တာမသိရပါ့မလားဆိုသည့် ဝမ်းနည်းစိတ်နှင့် အသံလေးတုန်ခါသွားရသော သဒ္ဒါကြည်ဖြူကိုကြည့်ပြီး ရဲထွဋ် သူ့ကိုယ်သူ ခွင့်မလွှတ်





ချင်တော့ပါ။

သဒ္ဒါကြည်ဖြူဆိုသည့် သူမလေးအသိထဲတွင် သူ့အား အစ်ကိုတစ်ယောက်လိုသာ သိထားသည်မို့ အစ်ကိုဖြစ်သူသည် ညီမဖြစ်တဲ့ သူမအပေါ် အချစ်လျှော့မှာကိုလည်း စိုးရိမ်နေရှာဟန်တူပါ၏။

''ဆောရီးပဲ သဒ္ဒါရယ်၊ ကိုလေး သဒ္ဒါ့အချစ်ကို မသိလို့မဟုတ်ပါဘူးကွာ၊ သဒ္ဒါ ကိုလေးကို ဘယ်လောက်ချစ်လဲဆိုတာ သိချင်လို့''

''ကိုလေးနော် မေးပြန်ပြီလား''

''ဟင် မမေးရဘူးလား''

''သဒ္ဒါချစ်တာ ကိုလေးတကယ်မသိဘူးလား''

''သိတယ်ဗျ''

''ဒါနဲ့ ဘာလို့မေးနေသေးလဲ''

''အဟွန်း ဒီကောင်မလေး ကိုလေးကို မချစ်တော့ဘူးဆိုရင် ကိုလေးလည်း ချစ်သူထားရင်ကောင်းမလားလို့''

''ကြည့်စမ်း ကြည့်စမ်း၊ သွား ကိုလေးမကောင်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကိုလေး ဒီစကားပဲပြောတာမဟုတ်လား၊ သိပါတယ်နော် ကိုလေး သဒ္ဒါကို မချစ်တော့ဘူးဆိုတာ''

ချစ်လွန်းလို့ ခက်နေရတာပေါ့ ဆိုသည့်စကားကိုတော့ ရဲထွဋ်မ မပြောဖြစ်တော့ပါ။ အကြောင်းမှာ သဒ္ဒါကြည်ဖြူသည် အစ်ကိုဖြစ်တဲ့သူ့အား စိတ်ဆိုးသလို နှုတ်ခမ်းလေးစူလျက် သူ့အနားက ချာခနဲလှည့်ထွက်သွားသောကြောင့် ဖြစ်သည်။

''ဟာ…ဟိတ် ဒါဘယ်လဲ''

''အို မသိဘူး၊ ဖယ် လွှတ် လွှတ်''

ဖျတ်ခနဲဆိုသလို သဒ္ဒါကြည်ဖြူလက်မောင်းလေးကို သူ့လက်နှင့် လှမ်းဆွဲလိုက်တာကြောင့် သဒ္ဒါကြည်ဖြူကိုယ်လေးက သူ့ဘက်သို့ ယိုင်ခနဲပါလာရသည့်တိုင် သူ့လက်ထဲမှ သူမအားလေးနှင့် အတင်းရုန်းထွက်ယူလိုက်သည်။

ရဲထွဋ်မှာ ချစ်သူလေး စိတ်မကောင်းအောင် ပြုရက်ပြီဟူသောအတွေးဖြင့် ရင်မှာ ချစ်ရသူအတွက် အသနားပိုသွားကာ သဒ္ဒါကြည်ဖြူကိုယ်အိအိလေးကို သူ့လက်အစုံနှင့် ခပ်ဖွဖွထွေးထားလိုက်ပြီး…





''ကိုလေးကို စိတ်မဆိုးပါနဲ့ဗျာ၊ ကိုလေးက သဒ္ဒါကို ချစ်လို့စတာပါ''

''ဘာချစ်တာလဲ၊ ချစ်ရင် သဒ္ဒါမကြိုက်တဲ့စကား ကိုလေးပြောပါ့မလားလို့''

ဆိုးနွဲ့နေသည့် ညီမလေးတစ်ယောက်ပမာ သဒ္ဒါကြည်ဖြူသည် ရဲထွဋ်အပေါ် နှုတ်ခမ်းလေးစူ ခြေလေးဆောင့်လျက် အပြစ်တင်သလိုဆိုလိုက်လေသည်။

ရဲထွဋ်မှာ ရင်မှာမချိရပေမယ့် ချစ်သူ၏ ဆိုးနွဲ့စိတ်ကောက်မှုလေးများ တစ်ချိန်ကအဖြစ်ကို သတိတရနှင့် ရင်မှာ ကြည်နူးမှုဖြစ်စေရသည်မို့ သဒ္ဒါကြည်ဖြူအပေါ် ချစ်သူဘဝ အချစ်တွေဆုံးရှုံးခဲ့ပေမယ့် ညီမတစ်ယောက်လိုတော့ သူမအပေါ် ချစ်ခွင့်ရသေးသည်မို့ ဖြေသာအတွေးနှင့် ကျေနပ်ရင်း သူမကိုယ်လေးကို ရင်ခွင်ထဲ ဖိကပ်ကာ ဆံနွယ်နုနုလေးများကို သူ့ အသာအယာ ရှိုက်နမ်းလိုက်ပြီး

''နောက်ဆို သဒ္ဒါမကြိုက်တာ ကိုလေးမပြောတော့ဘူးနော် ဟုတ်လား၊ ကဲ ကိုလေးကို စိတ်ဆိုးပြေတော့နော်''



www.burmeseclassic.com

www.burmeseclassic.com



''ကိုလေးရယ်''

အလိုလိုက်ခံရသည့် သူတစ်ယောက်လို ကျေနပ်သွားဟန် နှစ်ခြိုက်စွာပြုံးလိုက်သည့် သူမထံမှ အပြုံးကိုမြင်မှ ရဲထွန်းသည်လည်း သူမနည်းတူ ပြုံးနိုင်တော့သည်။

''ကိုလေး''

''ဗျာ''

''ကိုလေး ဘယ်သွားစရာရှိသေးလဲ''

''ဟင့်အင်း မရှိပါဘူး၊ ဘာဖြစ်လို့လဲသဒ္ဒါ''

''ဒါဆိုအတော်ပဲ၊ သဒ္ဒါ ကိုလေးအကြိုက် ထောပတ်ထမင်းနဲ့ ဆိတ်သားနှပ်ထားတယ်၊ ပြီးတော့ ပုဇွန်ငပိကြော်ရယ် အအီပြေသောက်ဖို့ ချဉ်ပေါင်ခါးဟင်းချို ချက်ထားတယ်''

''ဟာ ဒါဆို ကိုလေးတော့ ဒီနေ့စားကောင်းဦးမှာပဲ''

''ဒါပေါ့၊ ဒါမှ ကိုလေးမိန်းမမယူဘဲ သဒ္ဒါလက်ရာကိုပဲ တသသနဲ့ရှိရမှာ''

''မင်းတော့ကွာ''

စကားတတ်လွန်းသည့် သဒ္ဒါကြည်ဖြူကို ရဲထွန်းသည်





ချစ်စနိုးဟန် မချင့်မရဲနှင့် သူမနဖူးလေးကို သူ့လက်သီးဆုပ်လေးနှင့် ခပ်ဖွဖွထုလိုက်တော့

''အား''

''ဟင် နာသွားလား သဒ္ဒါ''

''ဟင့်အင်း ကိုလေး သဒ္ဒါကို ဂရုစိုက်အောင်လို့''

''အဟွန်း မိချွဲမလေး''

''ချွဲတာမဟုတ်ဘူး၊ ကိုလေးကိုချစ်တာ''

''ဗျာ''

ရဲထွန်းသည် မျက်ဝန်းများတောက်ပလာလျက် ရင်တွေ တဖျတ်ဖျတ်ခုန်လာရကာ သဒ္ဒါကြည်ဖြူ အတိတ်ကိုသတိရပြီလား ဟူသော အတွေးနှင့်အကြည့်

''ဟင် ကိုလေး သဒ္ဒါကိုဘာကြည့်တာလဲ''

သူ့အကြည့်တွေကို သဒ္ဒါကြည်ဖြူသည် နားမလည်သလို တွေတွေလေးပြန်၍ ငေးကြည့်ရင်းက မေးလိုက်သည်။

ထိုအခါမှ ရဲထွန်းသည် သတိရလာသူတစ်ယောက်လို လှုပ်လှုပ်ရှားရှားရှိလာကာ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမဟုတ်ဘူး သဒ္ဒါ၊ ကိုလေး မိုက်ဆာပြီ၊ ထမင်းသွားစားကြရအောင်နော်”

ရဲထွန်းမှ ပျက်သွားရသည့်မျက်နှာကို ပြင်ရင်းမှ သဒ္ဒါကြည်ဖြူပခုံးလေးကို ဆုပ်ကိုင်ဆွဲခေါ်ရင်း တိုက်ထဲသို့ ခေါ်လာခဲ့လိုက်သည်။

❊ ❊ ❊



# အခန်း (၃)

ဘာလိုလိုနှင့် သဒ္ဒါကြည်ဖြူတစ်ယောက် ရဲထွန်းပိုင်ဆိုင်ရာ ရတနာဒီပခြံကြီးထဲသို့ ရောက်ခဲ့သည်မှာ လများပင် တစ်လပြီးတစ်လ ကုန်ဆုံးခဲ့ရပြီဖြစ်သည်။

ကုန်ဆုံးခဲ့သည့်အချိန်များနှင့်အတူ သဒ္ဒါကြည်ဖြူ၏ဝေဒနာမှာလည်း အခြေအနေတိုးတက်လာခြင်းမရှိပါပေ။

အတိတ်မေ့ဝေဒနာသည်တစ်ယောက်လို့ ပြောရသည်ကလွဲပြီး သဒ္ဒါကြည်ဖြူကို ကြည့်ရသည်က ပကတိလူကောင်းတစ်ယောက်ပမာပင်။

အတိတ်မှဖြစ်ခဲ့သည့် အဖြစ်အပျက်များအားလုံးကို လုံးလုံးလျားလျားမေ့ခဲ့သည်ကလွဲပြီး သဒ္ဒါကြည်ဖြူသည် ပကတိ



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းတစ်ယောက်လို သွားလာနေထိုင် စားသောက်အလုပ်လုပ်နေသည်မို့ ရဲထွဋ်မှာ သူမလေးကိုကြည့်ပြီး တစ်ခါတစ်ရံ ဝေဒနာသည်လေးပါလားဆိုသည့်အသိ မေ့နေရတဲ့အထိပင်ဖြစ်သည်။

ရတနာဒီပခြံကြီးနှင့် ကြီးကျယ်ခမ်းနားလွန်းသည့် တိုက်ကြီးတစ်ဆောင်လုံးမှာလည်း သူမအသံလေးနှင့် ဝေစီနေရသလို နေရာတိုင်းမှာလည်း သူမ၏အရိပ်လေးကို တွေ့နေရသည်မို့ ရဲထွဋ်မှာ ဝေဒနာသည် သူမလေးကို မနည်းတားယူရသည့်အထိပင်ဖြစ်သည်။

သူဘယ်လောက်ပင် တားပါသော်လည်း သူမလေးသည် နားထောင်တတ်သူမဟုတ်ပေ။ ရဲထွဋ်ကိုကြောက်၍ ဟုတ်ကဲ့ဟုဆိုကာ ခေါင်းလေးညိတ်ခဲ့ရပေမယ့် ရဲထွဋ်ကွယ်ရာရောက်သည်နှင့် သဒ္ဒါကြည်ဖြူသည် သူမလုပ်ချင်ရာကို ခေါင်းမာစွာ လုပ်နေတတ်သူလည်းဖြစ်သည်။

သဒ္ဒါကြည်ဖြူဆိုတာ ဒီလိုမိန်းကလေးမျိုး။ အစ်ကိုအဖြစ်သိထားသည့် ရဲထွဋ်အပေါ်တွင် ညီမတစ်ယောက်အနေနှင့် သည်းသည်းလှုပ်ချစ်တတ်သလို အစ်ကိုဖြစ်တဲ့သူ မိန်းမယူသွားမည်ကိုသည်း သူမသည် သေမလောက် ကြောက်ရွံ့တတ်သူဖြစ်သည်။

သူမစိတ်ထဲတွင် အစ်ကိုဖြစ်တဲ့သူ သူမအား ပစ်သွားမည်ကို ဘာကြောင့်ရယ်မသိ စိတ်မှာ တွေးပူနေတတ်သူမို့ ရဲထွဋ်အား သူမမျက်စိအောက်က အပျောက်မခံခဲ့ပါ။

ရဲထွဋ်ကိုယ်တိုင်ကလည်း အလုပ်သွားအလုပ်ပြန် အချိန်ကလွဲလို့ သူ့အတွက် ကျန်အချိန်အားလုံးကို သဒ္ဒါကြည်ဖြူအတွက် ကျေကျေနပ်နပ် ပေးထားခဲ့သူဖြစ်သည်။

ချစ်သူရယ်လို့ ယုယကြင်နာမှုတွေနှင့် ရှိမနေခဲ့သည်ကလွဲ ြီး တစ်ယောက်ကိုတစ်ယောက် ကိုလေး သဒ္ဒါဆိုသည့် စကားသံလေးဖြင့် ရတနာဒီပခြံကြီးတစ်ခြံလုံး သက်ဝင်လှုပ်ရှားစေခဲ့ရသည်။

အကောက်ခွန်အရာရှိလေး ရဲထွဋ်သည် ချစ်ရသူမိန်းမချော သဒ္ဒါကြည်ဖြူအား မျက်စိအောက်က အပျောက်မခံ အမြဲစောင့် ကြည့်ရင်းမှ သူမအတွက် လိုအပ်သည့် ဆေးဝါး၊ အစားအသောက် ာအစ သူကိုယ်တိုင် အချိန်မှန်မှန်တိုက်ကျွေး။ သဒ္ဒါကြည်ဖြူ၏ န်းမာရေးကို အထူးဂရုစိုက်ခဲ့လေသည်။

သူ၏ဂရုစိုက်မှုကြောင့်လားမသိပါ။ သဒ္ဒါကြည်ဖြူသည်

www.burmeseclassic.com



ဆေးရုံမှဆင်းလာကာစနှင့် မတူဘဲ ကျန်းမာရေးမှာ သိသိသာသာ ကောင်းမွန်လာရပြီဖြစ်သည်။

အလုပ်မှလည်း အနားယူထားရသည့်အပြင် အစား အသောက် အနေအထိုင်ကိုပါ ဂရုစိုက်လျက် ဆေးကို မှန်မှန်တိုက် ကျွေးကာ ဂရုစိုက်လွန်းသည့် ရဲထွဋ်ကြောင့် သဒ္ဒါကြည်ဖြူ တစ်ယောက် ယခင်ကထက်ပင် ကျန်းမာစိုပြေလျက် ပို၍လှပနေရ လေသည်။

ကြည်စင်ဝင်းမွတ်ကာ သွယ်လျရှင်းသန့်သော ကိုယ်ဟန် နှင့် အပြစ်ဆိုစရာမရှိ ဖူးဥပြည့်တင်းနေသော အလှများကို ပိုင်ဆိုင် ထားသော သဒ္ဒါကြည်ဖြူသည် အရွယ်လေးရောက်ချိန်မှစ၍ သူ့ အချစ်ကို လိုချင်ကြသူများက ဒုနှင့်ဒေးပင် ဖြစ်သော်လည်း သဒ္ဒါ ကြည်ဖြူသည်ကတော့ ဂရုမစိုက်ခဲ့ပါ။

သူမဂရုစိုက်ခဲ့သူမှာ တစ်ယောက်တည်းရှိပါသည်။ ထိုသူ မှာ သူမနှင့် ကလေးဘဝကတည်းက ခင်မင်သံယောဇဉ်တွယ်ငြိ လာခဲ့ရသူ ရဲထွဋ်ပင်ဖြစ်သည်။

ဝင်းစက်ရွှန်းမြသောအလှတွေနှင့် သဒ္ဒါကြည်ဖြူအလှ





သည် တကယ့်ကို ရက်ရက်စက်စက် လှပသလောက် ရဲထွဋ်သည် လည်း ယောကျ်ားပီသသော တည်ကြည်ခန့်ညားမှုတွေနှင့် လူချော တစ်ယောက်ပင်ဖြစ်လေသည်။

ပခုံးကားကား၊ ရင်အုပ်ကျယ်ကျယ်ဖြင့် မြင့်သောအရပ်နှင့် အတူ အဆီပိုမရှိ ကျစ်လစ်သိပ်သည်းသော ခန္ဓာကိုယ်က ကြည့် ကောင်းလျက် ယောကျ်ားပီသမှုကို ဖော်ပြနေသလို မျက်ခုံးနက်နက်၊ နှာတံချွန်ချွန်၊ တင်းတင်းစေ့ထားသော နှုတ်ခမ်းအစုံနှင့် မျက်ဝန်းညို စူးစူးတစ်စုံက ရဲထွဋ်၏ ထူးခြားမှုတွေပင် ဖြစ်သည်။

ယောကျ်ားပီသကာ တည်ကြည်ခန့်ညားချောမွေ့သော အကောက်ခွန်အရာရှိလေး ရဲထွဋ်မှာ မိဘများထားခဲ့သည့် အမွေ အနှစ် ငွေကြေးပစ္စည်းဆိုတာကလည်း သူ့အတွက် တစ်သက်စားလို့ မကုန်။

သည်လိုမျိုးလူတစ်ယောက်အနား မိန်းမချောတွေ ဝိုင်းဝိုင်း လည်နေသည်မှာမဆန်း။ ဆန်းသည်က သူ့စိတ်။ ရဲထွဋ်သည် သူ့အနား ဘယ်လောက်လှပချောမောသော မိန်းကလေးများ ကပ်နေ ပါစေ သူကတော့ဖြင့် မခံစားတတ်သည့် လူတစ်ယောက်လို မတုန်



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှိခဲ့သူသာ ဖြစ်သည်။

ထိုသို့ဖြစ်အောင်လည်း သူ့ရင်ထဲက အချစ်များအားလုံးကို သူသိပ်ချစ်ရပါသော သဒ္ဒါကြည်ဖြူထံတွင် ပေးအပ်ခဲ့ပြီဖြစ်သည်။

အရွယ်ချင်းကလည်းညီသလို နှစ်ဦးနှစ်ဖက် ချောမောလှပ လိုက်ဖက်လွန်းသည့် ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူတို့နှစ်ဦးသည် မြင်ရသူကို အားကျစေရသလို ရှေ့သွားနောက်လိုက်မှာလည်း လွန်စွာညီလှသူများဖြစ်သည်။

လူငယ်ချင်းကလည်း တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြသလို အားလုံးလည်း အဆင်ပြေနေပါရက်နှင့် မမျှော်လင့်သည့် ကံကြမ္မာဆိုးက သူတို့ချစ်သူနှစ်ဦးအား မညှာမတာ မျက်နှာသာမပေးခဲ့သောအခါ

"မောင့်အချစ်ဆုံးသဒ္ဒါရယ်"

အလုပ်မှအပြန် ကားကို ဂရုစိုက်မောင်းလာရင်းမှ ရဲထွဋ်သည် ချစ်ရသူ သဒ္ဒါကြည်ဖြူ၏ မျက်နှာလေးကို မြင်ယောင်ရင်းက ချစ်ရသူအတွက် ရင်မှာ နာကျင်မှုတွေနှင့် စဉ်းစားလာရာမှ သူမောင်းလာသည့်ကားက ရတနာဒီပခြံကြီးထဲသို့ပင် ရောက်ရှိလာ





ခဲ့ရပြီဖြစ်သည်။

ရဲထွဋ်မောင်းလာသော ကားက ရတနာဒီပတိုက်ကြီး၏ ဆင်ဝင်အောက်တွင် ရပ်သွားသည်နှင့်

"ဟော ကိုလေးပြန်လာပြီ"

ထုံးစံအတိုင်း ချိုအီနေရသော အသံလွင်လွင်နှင့်အတူ ဝင်းမှုန်အိစက်နေထွေးသော အလှတွေဖြင့် သဒ္ဒါကြည်ဖြူသည် သူမကြိုနေကြအတိုင်း ရဲထွဋ်အား အပြေးလေးဆီးကြိုလိုက်လေသည်။

"အဟွန်း ဟွန်း ဟွန်း"

ရင်မှာအမောပြေရသလို ရဲထွဋ်မှာ ချစ်သူမိန်းမချောကို အပြုံးလွန့်လွန့်နှင့်ကြည့်ရင်း...

"ဖြည်းဖြည်းလုပ်ပါ ကျောင်းအစ်မရယ်၊ မတော် ချော်လဲနေပါဦးမယ်"

"အဟင်း...မလဲပါဘူးကိုလေးရဲ့၊ သဒ္ဒါကို အိတ်ပေး"

ကြည်စင်သောအပြုံးလှလှလေးနှင့် သဒ္ဒါကြည်ဖြူဆိုရင်း ရဲထွဋ်လက်ထဲကအိတ်ကို ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်နှင့်ထပ်တူ ချစ်ရသည့် ချစ်သူလေး၏ အလှ ဆုံးမျက်နှာကို မြင်တွေ့လိုက်ရသဖြင့် ပင်ပန်းထားသမျှ အမောပြေ သွားရသည့် ရဲထွဋ်သည် သဒ္ဒါကြည်ဖြူအား မျက်ဝန်းညိုအစုံနှင့် ငေးစိုက်ကြည့်ရင်းက သူမပခုံးလေးကို တင်းတင်းလေး ပွေ့ဖက် လျက် အိမ်ထဲသို့ဝင်လာခဲ့လိုက်သည်။

''သဒ္ဒါ ဘယ်သွားသေးလဲ''

''ဘာဖြစ်လို့လဲ ကိုလေး''

''အဟွန်း အရမ်းသာနေလို့ဗျာ''

နှိုစိမ်းနုရောင် ကိုယ်ကပ်ဝတ်စုံလေးက ကြည်စင်ဝင်းမွတ် သော အသားအရေနှင့် လွန်စွာလိုက်ဖက်လှပကာ အလှကြီးလှလွန်း နေရသော သဒ္ဒါကြည်ဖြူကို ချစ်ရည်ရွှန်းသော မျက်ဝန်းညိုကြီးနှင့် ငေးစိုက်ကြည့်ရင်းက ရင်ဝယ် ချမ်းမြေကြည်နူးစွာ မေးလိုက်သည်။

ရဲထွဋ်စကားကြောင့် သဒ္ဒါကြည်ဖြူ၏ လှပသော မျက်နှာ လေးမှာ ရဲပသွားရပြီး...

''အဟင်း...သဒ္ဒါ ဘယ်မှမသွားပါဘူး ကိုလေးရဲ့၊ ကိုယ့် အစ်ကိုလာရင် ကြိုရအောင်လို့ လှလှလေးပြင်ထားတာ၊ ကိုလေး





မကြိုက်လို့လားဟင်''

''သဒ္ဒါရယ်...သဒ္ဒါလှတာ မကြိုက်ဘယ်ရှိပါ့မလဲဗျာ၊ ကိုလေးက သဒ္ဒါကို အမြဲလှနေစေချင်တဲ့သူပါ''

''အဟင်း...ဟင်း ဒါကြောင့် ကိုလေးကို သဒ္ဒါချစ်တာ''

သဒ္ဒါစကားကြောင့် ရဲထွဋ်ရင်ဝယ် အတိုင်းမသိ လှုပ်ရှား သွားရကာ ရင်တွေလည်း တဒိတ်ဒိတ်ခုန်လာရသည်။ ကစ်ဆက် တည်း သူ့အကြည့်များက သဒ္ဒါကြည်ဖြူမျက်နှာလေးဆီ အကြည့် ရောက်သွားတော့ သဒ္ဒါကြည်ဖြူသည် ကြည်စင်သော အကြည့် လေးနှင့် သူ့အား ပြုံးပြုံးလေးကြည့်နေသည်ကို မြင်ရတော့ ရဲထွဋ် ငင်သည် တစ်ဖက်သတ် လိုက်ခုန်သွားရသည့် သူ့ရင်ခုန်သံတွေ အတွက် သူမချင့်မရဲဖြစ်သွားရသည်။

မချင့်မရဲစိတ်နှင့် ရဲထွဋ်သည် သူ့ရှေ့မှ သဒ္ဒါကြည်ဖြူ ကိုယ်လေးကို ခပ်ဖွဖွပွေ့ဖက်လိုက်ပြီး...

''သဒ္ဒါ့အတွက် ပိတ်စအဆင်ဆန်းလေးတွေ တွေ့လို့ ဝယ်လေးဝယ်လာတယ်''

''ဟယ် လှလိုက်တာကိုလေးရယ်၊ ဒါတွေ ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကဝယ်လာတာလဲဟင်''

အိတ်ထဲမှပိတ်စများ ဖြန့်ကြည့်ရင်းက သဒ္ဒါကြည်ဖြူသည် အရောင်အသွေးဆန်းဆန်းနှင့် အဆင်လှသော ပိတ်စများကို ကြိုက်နှစ်သက်စွာ တယုတယ ကိုင်လျက် မေးလိုက်သည်။

''ကိုလေးသူငယ်ချင်းတစ်ယောက် နိုင်ငံခြားကပါလာတာ အဲဒါ သဒ္ဒါနဲ့ လိုက်မယ်ထင်လို့ ကိုလေးဝယ်လာတာ သဒ္ဒါကြိုက် ရဲ့လား''

''ကြိုက်တယ်ကိုလေး၊ အရမ်းကြိုက်တာပဲ၊ သဒ္ဒါရွေးရ တောင် ကိုလေးလောက် အဆင်ဆန်းဆန်းလေးတွေ ရွေးတတ် မဟုတ်ဘူး၊ ကျေးဇူးပဲကိုလေး''

''အဟွန်း ဘာအတွက်လည်း ပြောဦးလေဗျာ''

''သဒ္ဒါအတွက် ပိတ်စလှလှလေးတွေ အခုလိုဝယ်လာ လို့ပေါ့''

''ဒါဖြင့် ကျေးဇူးမတင်နဲ့''

''ဟင် ဘာဖြစ်လို့လဲ''

''ကိုလေးက သဒ္ဒါအတွက်ဆို တစ်သက်လုံး အခု





အမြဲဝယ်ပေးမှာမို့လို့ပေါ့''

''ကိုလေးရယ်''

သဒ္ဒါကြည်ဖြူစိတ်ထဲတွင် သူမအား ချစ်တတ်ရှာလွန်းသည့် အစ်ကိုပါလားဆိုသည့်အသိဖြင့် သူမပါးပြင်နုနုလေးကို ရဲထွဋ်၏ လက်မောင်းကြီးနှင့် ကပ်ကာထားလိုက်တော့ ရဲထွဋ်အကြည့်တွေက သဒ္ဒါကြည်ဖြူအပေါ် နက်ရှိုင်းစွာ ရောက်ရှိသွားရသည်။

သြော် သူ့အဖြစ်က ချစ်သူကိုမြင်ပါလျက်နှင့် ကြင်ခွင့်မရရှိသည့်အဖြစ်။

''ဟင်း''

နှာကျင်မောလျသော သက်မနှင့်အတူ ရဲထွဋ်သည် ချစ်သူယမင်းရွှေစင်၏အလှကို အားမလိုအားမရကြီးနှယ် ခပ်စိုက်စိုက်လေး ကြည့်လိုက်ပြီး

''သဒ္ဒါကြည့်ရတာ ဒီနေ့ ပိုပြီးလန်းဆန်းနေသလိုပဲ၊ ကိုလေးပေးတဲ့ဆေးတွေရော မှန်မှန်သောက်တယ်မဟုတ်လား''

''သောက်ပါတယ် ကိုလေးရဲ့၊ ကိုလေးက သဒ္ဒါကိုတွေ့ရင် လူမမာတစ်ယောက်ကို တွေ့သလိုပဲ ဆေးသောက်ပြီးပြီလား၊



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းရဲ့လားနဲ့ အမြဲမေးနေတာပဲ၊ သဒ္ဒါက ကိုလေးမျက်စိထဲမှာ လူမမာဖြစ်နေလို့လား''

နှုတ်ခမ်းဖူးဖူး ပြည့်ပြည့်တင်းတင်းလေးကို တစ်ချက်မျှ စူတင်းတင်းလေးလုပ်ရင်း သဒ္ဒါကြည်ဖြူသည် သူမအား လူမမာကြီးတစ်ယောက်လို ဆက်ဆံရပါ့မလားဆိုကာ မကျေမနပ်လေး ဆိုလိုက်မိပါသည်။

သူမလေး ဒီလို နှုတ်ခမ်းစူရပြန်တော့လည်း ရဲထွဋ်လူချောကြီးမှာ မနေတတ်သလိုဖြစ်သွားကာ

''ကိုလေးကို စိတ်မဆိုးနဲ့လေကွာ၊ ကိုလေးက သဒ္ဒါကို စိတ်ပူလို့မေးတာပါ''

''သဒ္ဒါကို ဘာလို့စိတ်ပူရတာလဲ ကိုလေး''

သဒ္ဒါကြည်ဖြူအမေးကြောင့် ရဲထွဋ်ထံမှ အကြည့်ရှူးရှူးတွေက သဒ္ဒါကြည်ဖြူ၏ ဖူးစင်နေရသည့် မျက်နှာလှလှလေးပေါ် နက်ရှိုင်းလေးနက်စွာ ရောက်ရှိသွားရပြီး

''ချစ်လို့၊ သဒ္ဒါ့ကို သိပ်ချစ်လို့ပေါ့ဗျာ''

ပြောရင်းက သူ့ထံမှ နူးညံ့သော အနမ်းတစ်ချက်က သဒ္ဒါ





ကြည်ဖြူနဖူးလေးထက် ရောက်ရှိသွားရာမှ ရဲထွဋ်သည် သူ့စိတ်ကို သူပြန်ထိန်းလိုက်သည့်နှယ် အံကိုတင်းခနဲ စေ့ကြိတ်လိုက်ကာ

''သဒ္ဒါ''

''ရှင် ကိုလေး''

နာမည်ခေါ်ပြီး ဘာမှမပြောသော ရဲထွဋ်ကို သဒ္ဒါကြည်ဖြူသည် စူးစမ်းသော မျက်ဝန်းလှလှလေးနှင့် ပြန်ကြည့်ပြီး...

''ကိုလေး သဒ္ဒါကိုခေါ်တာ ဘာပြောမလို့လဲဟင်''

''သြော် ဘာမှမဟုတ်ပါဘူး သဒ္ဒါ၊ ကိုလေး ရေချိုးတော့မယ်''

အကြည့်တည်တည်ရှူးရှူးကြီးကို လွှဲလျက် ရဲထွဋ်သည် အပေါ်ထပ်ရေချိုးခန်းဆီသို့ တက်လာတော့ သဒ္ဒါကြည်ဖြူသည်လည်း ရဲထွဋ်နှင့်အတူ တက်လာခဲ့လိုက်သည်။

သဒ္ဒါကြည်ဖြူစိတ်ထဲတွင် မောင်နှမဆိုသော အသိဖြင့် ရဲထွဋ်၏ လူပျိုအခန်းထဲသို့ ညီမတစ်ယောက်အနေနှင့် ရဲရဲတင်းတင်း ဝင်ထွက်သွားနေခြင်းဖြစ်သည်။

ယခုလည်း ရေချိုးရန် အခန်းထဲဝင်လာသည့် ရဲထွဋ်နောက်

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကြည်ဖြူသည် လိုက်ဝင်လာရင်းက ရဲထွဋ်အတွက် လိုအပ်တာများ လုပ်ကိုင်ပေးနေလေသည်။

"ကိုလေး ရေမြန်မြန်ချိုးနော်၊ တော်ကြာ အအေးမိနေဦးမယ်"

ရေချိုးခန်းသို့ဝင်ရန် ပြင်နေသော ရဲထွဋ်မှာ သဒ္ဒါကြည်ဖြူ စကားကြောင့် မျက်နှာချောချောကြီးမှာ ပြုံးလဲ့လဲ့ဖြစ်သွားရပြီး

"သဒ္ဒါက ကိုလေးအတွက် စိုးရိမ်လို့လား"

"ကိုလေးနော် ဒါကဘာစကားလဲ၊ သဒ္ဒါက ကိုယ့်အစ်ကိုအတွက်ပဲ မစိုးရိမ်ဘဲနေပါ့မလား"

သဒ္ဒါကြည်ဖြူထံမှ သူ့စေတနာကို နားမလည်ရပါ့မလားဆိုကာ ဝမ်းနည်းသံလေးနှင့် နှုတ်ခမ်းလေးစူကာ ပြောလိုက်တော့

"အဟွန်း ဟွန်း အလကား ကိုလေးစတာပါကွာ၊ သဒ္ဒါကိုယ့်အတွက်စိုးရိမ်တာ ကိုလေးသိတာပေါ့၊ အဲလိုစိုးရိမ်တာ သဒ္ဒါကိုလေးကို ချစ်လို့မဟုတ်လား"

"အင်း"

သူ့စကားကို ရှက်ပြုံးလေးနှင့် သဒ္ဒါကြည်ဖြူ ခေါင်းညိတ်





ပြလိုက်တော့ ရဲထွဋ်သည် ရင်နာစွာ သူ့မမျက်နှာလေးကို ငေးကြည့်မိသွားရသည်။

"ရေချိုးမယ်ဆို ကိုလေး ရေချိုးတော့လေ၊ သဒ္ဒါကို ဘာကြည့်နေတာလဲ"

ဖျတ်ခနဲဆိုသလို သူ့ထံရောက်ရှိလာသော သဒ္ဒါကြည်ဖြူအကြည့်များနှင့် ဆုံသွားရတာကြောင့် ရဲထွဋ်မှာ မချင့်မရဲကြီးပြုံးကာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

ရေချိုးခန်းထဲတွင် အတန်ကြာ ရေချိုးပြီး သူပြန်ထွက်လာတော့ သဒ္ဒါကြည်ဖြူသည် အခန်းဝမှနေ တဘက်ကြီးကိုင်လျက် သူ့အားစောင့်ကြိုနေလေ၏။

"ကိုလေး"

"အဟွန်း သဒ္ဒါရယ်"

သူသည်လည်း အခွင့်အရေးသမားမဟုတ်။

ချစ်သူနှင့် တစ်မိုးအောက်မှာ အတူနေရပြီး ချစ်သူမျက်နှာကို မြင်ခွင့်ရနေရုံနှင့်ပင် သူသာကျေနပ်နေရသူပင် မဟုတ်ပါလား။

"ကိုလေး ဒီမှာကိုလေးအတွက် အင်္ကျီ၊ ပြီးရင် အောက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့နော် ကိုလေး၊ သဒ္ဒါ ကိုလေးစားဖို့ ထမင်းပွဲသွားပြင်လိုက်ဦးမယ်''

ရဲထွဋ်မှ မတားမိလိုက်သေးခင် သဒ္ဒါကြည်ဖြူသည် ပေါ့ပါးသွက်လက်သော ခြေလှမ်းများနှင့် သူ့အနားက လှစ်ခနဲ ထွက်သွားရပြီဖြစ်သည်။

ခုတင်ပေါ်တွင် သူ့အတွက် သဒ္ဒါကြည်ဖြူ ထုတ်ပေးခဲ့သည့် အဝတ်အစားများကို ရဲထွဋ် ဝတ်ပြီးသည်နှင့် အောက်ထပ် ထမင်းစားခန်းသို့ ဆင်းလာခဲ့လိုက်သည်။

သူရောက်သွားချိန်မှာတော့ ထမင်းဝိုင်း အားလုံးအသင့်ဖြစ်သည်။

မောရမှန်းမသိ တလှုပ်လှုပ်နှင့်သာ အလုပ်တွေလုပ်နေသော သဒ္ဒါကြည်ဖြူ၏ ဝင်းဝင်းဖန့်ဖန့် မျက်နှာလေးကို ကြည့်ပြီး

''သဒ္ဒါရော တစ်ခါတည်းလာစားလေ''

''ကိုလေးစားနှင့်နော်၊ သဒ္ဒါ ကိုလေးစားတာကို ကြည့်ချင်လို့''

''အဟွန်း ဟွန်း မဟုတ်တာဗျာ၊ ကိုလေးတစ်ယောက်





တည်း ဘယ်လိုစားရမှာလဲ၊ သဒ္ဒါလည်း ကိုလေးနဲ့တစ်ခါတည်း လာစား''

ငြင်းမရတော့သည်မို့ သဒ္ဒါကြည်ဖြူမှာ မငြင်းသာတော့ဘဲ ရဲထွဋ်နှင့်အတူ ဝင်စားလိုက်ရသည်။

''စား ကိုလေး၊ အားလုံး သဒ္ဒါလက်ရာတွေချည်းပဲ၊ ဒါက ဝက်သားနဲ့ ပုန်းရည်ကြီး၊ ငါးခူစင်းကောအစပ်ချက်၊ ဘဲပေါင်းနဲ့ ကြံမဆိုင်ဟင်းချို၊ ဒီမှာက မှိုနဲ့ကန်စွန်းရွက်ကြော်၊ ပြီးတော့ ရခိုင်ငပိထောင်း''

ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ရွတ်ပြကာ သူ့ပန်းကန်ထဲသို့ ဟင်းများ ခပ်ထည့်ပေးနေသော သဒ္ဒါကြည်ဖြူကို ရဲထွဋ်သည် ခပ်ပြုံးပြုံးစိုက်ကြည့်ပြီး…

''အေးဗျ…သဒ္ဒါလက်ရာတွေက စားလို့ကောင်းတာ အရေးမကြီးဘူး၊ တော်ကြာ ကိုယ် ဗိုက်ရွှဲကြီးနဲ့ တအားဝသွားရင် ကောင်မလေးတွေမကြိုက်ဘဲ ဖြစ်နေဦးမယ်''

''ဟင်''

ချက်ချင်းလိုပင် မျက်ဝန်းအိမ်ထဲ မျက်ရည်ဥကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ဝဲတက်လာသော သဒ္ဒါကြည်ဖြူတစ်ယောက် ထမင်းစားပွဲမှ ဆတ်ခနဲ ထရပ်လိုက်တော့

"သဒ္ဒါ"

နှုတ်ခမ်းလေးဖိကိုက်ကာ ချာခနဲလှည့်ထွက်လာသော သဒ္ဒါကြည်ဖြူကို ရဲထွဋ်သည် နားမလည်သည့် အကြည့်တွေနှင့် ကြည့်ရင်း...

"သဒ္ဒါ သဒ္ဒါ၊ နေဦးလေ"

နေဦးဆိုပေမယ့် သဒ္ဒါကြည်ဖြူသည် မနေတော့ပါ။ ပါးပြင်ထက် အိခနဲကြွေဆင်းလာရသော မျက်ရည်စများ မဖယ်ရှားတော့ဘဲ မျက်နှာပေါ် လက်ကလေးအုပ်မိုးလျက် သူမအခန်းဆီသို့ အပြေးလေး တက်လာခဲ့လိုက်သည်။

သူမနောက်မှ ထပ်ကြပ်မကွာ လိုက်လာသူက ရဲထွဋ်ဖြစ်၏။ ရဲထွဋ်မှာ သူမ ဘာဖြစ်သွားသည်ကို မသိပါသော်လည်း မျက်ရည်တွေနှင့် ပြေးထွက်သွားသည့် သူမလေးအတွက် စိုးရိမ်စွာ ဖြင့်သာ လိုက်ပါလာရခြင်းဖြစ်သည်။

သဒ္ဒါကြည်ဖြူသည် အခန်းတံခါးကို ပိတ်မည်အပြု ရဲထွဋ်





သည် သူ့ကိုယ်ကြီးနှင့် ခံထားလိုက်ရင်းမှ

"သဒ္ဒါ"

"အို မခေါ်နဲ့၊ မခေါ်နဲ့၊ ကိုလေး သဒ္ဒါကိုမခေါ်နဲ့သိလား"

တအင့်အင့်နှင့် ငိုရှိုက်ရင်း သဒ္ဒါကြည်ဖြူသည် ခေါင်းအုံးပေါ် မျက်နှာလေးအပ်ထားလိုက်သည်။

"သဒ္ဒါ ဘာဖြစ်လို့ငိုရတာလဲဗျာ"

"အဟင့် ဟင့် ငိုမယ်၊ ငိုမယ်၊ ကိုလေး သဒ္ဒါကို ထားခဲ့ချင်နေတာမဟုတ်လား"

"ဗျာ"

သဒ္ဒါကြည်ဖြူ ဘာပြောသည်ဆိုတာကို ရဲထွဋ် ရုတ်တရက်တော့ နားမလည်နိုင်ပါ။ မျက်ရည်တွေက ခေါင်းအုံးပေါ် ရွှဲရွှဲနစ်လျက် ဝမ်းနည်းစွာ တအီးအီးငိုနေသူလေးကို ကြည့်ပြီး ရဲထွဋ် ကိုယ်တိုင်ကလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။

သူသိသည်က သူမလေးအတွက် စိတ်ပူနေခြင်းပင်ဖြစ်သည်။

"ကိုယ့်ကို နားလည်အောင်ပြောစမ်းပါဦး သဒ္ဒါရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါ ဘာကြောင့်ငိုရတာလဲဆိုတာ''

ရဲထွဋ်မှာ သဒ္ဒါကြည်ဖြူကိုယ်လေးကို သူ့ဘက်သို့ ဆွဲလှည့်ကာ မျက်နှာချင်းဆိုင်လိုက်သည်။ ထိုအခါ မျက်ရည်တွေနှင့် သဒ္ဒါကြည်ဖြူသည် သူ့အား ခပ်ရှုးရှုးလေး ကြည့်လာပြီး

''သဒ္ဒါကိုထားခဲ့ပြီး ကိုလေး မိန်းမယူဖို့ စဉ်းစားနေတာ သဒ္ဒါသိတယ်သိလား၊ ဒါကြောင့်မို့ ကိုလေး ခုတလော သဒ္ဒါကို တောင် ဂရုမစိုက်နိုင်ဘူးမို့လား၊ အဟင့် ဟင့် သိပါတယ်နော် သိပါတယ်၊ ကိုလေး သဒ္ဒါကို ထားခဲ့ချင်ပြီဆိုတာ''

''ဟောဗျာ''

သူမဘာကိုဆိုလိုသည်ကို ခုမှနားလည်သဘောပေါက် သွားရသည့် ရဲထွဋ်သည် သဒ္ဒါကြည်ဖြူစကားကြောင့် လေပြင်း တစ်ချက် မွှေနှောက်သွားရသလို ရင်မှာ လှုပ်ခါသွားရမှုနှင့်အတူ သူမ ဘာကိုစိုးရိမ်နေသည်ဆိုတာလည်း သူ သနားစိတ်နှင့် နားလည်သွားရသည်မို့ သဒ္ဒါပခုံးလေးကို ခပ်တင်းတင်းလေး သိုင်း ဖက်လိုက်ရင်းက သူမနှင့် အကြည့်ချင်းဆုံလိုက်ကာ

''သဒ္ဒါ''





''ကိုလေး''

''ကိုလေးကို မိန်းမယူမှာ သဒ္ဒါစိုးရိမ်နေလားဟင်''

သဒ္ဒါကြည်ဖြူသည် မျက်လွှာလေးချလျက် တိမ်ဝင်နေ သော အသံလေးဖြင့်

''ကိုလေး သဒ္ဒါကို တစ်ယောက်တည်း ထားခဲ့မှာ သဒ္ဒါ သိပ်ကြောက်တာပဲ''

''အို သဒ္ဒါရယ်၊ ကိုယ် ကိုယ် သဒ္ဒါကို တစ်ယောက် တည်း မထားခဲ့ပါဘူး၊ မထားခဲ့ပါဘူးဗျာ''

ရင်ဝယ်နာကျင်သော ခံစားမှုတွေနှင့် ရဲထွဋ်သည် သဒ္ဒါ ကြည်ဖြူမျက်နှာလေးနှင့် သူ့ပါးကို အပ်ထားလိုက်မိသည်။

''သဒ္ဒါထင်သလို ကိုလေး သဒ္ဒါကို ဂရုမစိုက်တာ မဟုတ်ပါဘူး၊ ခုတလော ကိုလေးရဲ့အလုပ်တွေက အရေးကြီးလို့ သဒ္ဒါကို အရင်ကလို ဂရုမစိုက်နိုင်တာ ကိုလေးကို ခွင့်လွှတ်ပါ''

သဒ္ဒါကြည်ဖြူမှာ တစ်လုံးချင်း ရှင်းပြနေသော ရဲထွဋ် စကားကြောင့် မျက်နှာလှလှလေးမှာ ပြုံးယောင်သန်းလာရသည်။

''ကြည့်စမ်းကွာ မျက်ရည်တွေနဲ့၊ နောက်ဆို ခုလိုမငိုရဘူး



www.burmeseclassic.com

www.burmeseclassic.com



နော် သဒ္ဓါ၊ သဒ္ဓါ ကိုလေးကို မိန်းမမယူစေချင်ဘူးမို့လား''

''အင်း''

ကလေးတစ်ယောက်လို နှုတ်ခမ်းလေးစူလျက် သဒ္ဓါ ကြည်ဖြူ ခေါင်းညိတ်လိုက်သည်။

ရဲထွဋ်မှ မျက်နှာချောချောကြီးမှာ ပြုံးသွားကာ

''စိတ်ချ သဒ္ဓါ၊ ကိုလေး ဘယ်တော့မှ မိန်းမမယူဘူးဆို တာ သဒ္ဓါကို ကတိပေးတယ်''

''ဟင် တကယ်၊ တကယ်လား ကိုလေး''

''အဟွန်း တကယ်ပေါ့ဗျ''

''အို ဝမ်းသာလိုက်တာကိုလေး၊ ဒါ ဒါ သဒ္ဓါကို ကိုလေး ချစ်လို့ပေါ့နော် ဟုတ်လား''

''ဒါပေါ့ဗျာ၊ ကိုလေးဘဝမှာ ကိုလေးချစ်တဲ့ ဟောဒီက သဒ္ဓါကသာ အရေးကြီးဆုံးပါပဲ''

''ကိုလေး ကိုလေးရယ်''

ဝမ်းနည်း၍လည်းငို၊ ဝမ်းသာ၍လည်းငိုနှင့် မျက်ရည်တွေ စီးကျလျက် သူ့ရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝင်လာသော





ချစ်ရသူလေးကို ရဲထွဋ်မှသည် မချိသည့်နှလုံးသားဖြင့် ခပ်တင်းတင်း လေး သိုင်းပွေ့ရင်းမှ သူ့ရင်ထဲ ပြိုတော့မည့်အချစ်မိုးတွေကို လူချော ကြီး ရဲထွဋ်မှသည် အတင်းပင် ချုပ်တည်းထားလိုက်သည်။

''ဟား''

စိတ်မှာ မောလျစွာနှင့်ပင် ရဲထွဋ်မှသည် နာကျင်မှုတွေနှင့် သက်ပြင်းမောကြီးကို ရှိုက်ထုတ်ရင်း ချစ်သူမျက်နှာလေးကိုသာ ဆွတ်ကျင်မှုတွေနှင့် ငေးကြည့်နေလိုက်ပါတော့သည်။

ဒီ ဒီ ဒီ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခြံထဲသို့ဆင်းလာရင်းက မိုးစွေ၏ အကြည့်များက တစ်ဖက်ခြံထဲသို့ အကြည့်များ ရောက်ရှိသွားချိန်မှာတော့

''ဟင်''

ရင်တွေသည် တဖျတ်ဖျတ်ခုန်သွားရသလို အကြည့်များကလည်း ပြင်းထန်သည့် ဆွဲငင်အားတစ်ခုနှင့် ကြုံလိုက်ရသလိုမျိုး အကြည့်ရှူးရှူးတို့က တစ်ဖက်ခြံထဲရှိ တစ်စုံတစ်ယောက်သောသူထံ ရှူးရှူးစိုက်စိုက် ရောက်ရှိသွားရသည်။

လှလိုက်တာ။ အေးချမ်းကြည်စင်လွန်းလှပါသည့် မျက်နှာလေး။ ငါတွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ ဒီမိန်းကလေးအလှက တကယ့်ကို ထူးထူးခြားခြားနဲ့ မြင်ရသူရင်ကို အေးမြမှုတွေနဲ့





မြန်မာဆန်ဆန် ကျက်သရေရှိတဲ့အလှ။ သိပ်လှတာပဲဆိုသည့် အတွေးစိတ်တို့နှင့် အင်ဂျင်နီယာလေး မိုးစွေသည် သူမရှိရာ တစ်ဖက်ခြံအနားသို့ ရောက်ရှိသွားလေသည်။

သဒ္ဒါကြည်ဖြူကတော့ မသိပါ။

ရဲထွန်းပြန်အလာကိုစောင့်ရင်း ညနေခင်းမို့ အေးအေးလူလူ ခြံထဲရှိ ပန်းပင်များအလယ်တွင် လိပ်ပြာလေးတစ်ကောင်လို လွန့်လူးပျံဝဲတော့မည့်ပမာ အရောင်အသွေးစုံ လှပဝေဆာနေသည့် ပန်းပင်များကို ရေပိုက်လေးနှင့် ပက်ဖြန်းရင်း မျက်နှာလှလှလေးမှာ အပြုံးလေး ခိုတွဲလျက်ရှိနေရသည်။

ခြံနှစ်ခုကြားအလယ်တွင် သံဆူးကြိုးများသာ ခတ်ထားသည်မို့ တစ်ဖက်ခြံနှင့် တစ်ဖက်ခြံ ရှင်းလင်းစွာမြင်ရပေမယ့် နှစ်ခြံလုံးမှာ ပန်းပင်များ ဝေဝေဆာဆာနှင့် ရှိရသည်မို့ ရုတ်တရက်တော့ဖြင့် လူတစ်ယောက်ကိုမြင်ဖို့ရာ မလွယ်ကူပါပေ။

သို့သော် သေချာကြည့်မည်ဆိုပါက မြင်တွေ့နိုင်သည့် အနေအထားလည်းဖြစ်ပါသည်။ သူမရှိရာ ခြံနားသို့ တရွေ့ရွေ့တိုးကပ်ရောက်ရှိလာသော အင်ဂျင်နီယာလေး မိုးစွေသည် တစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ခြံမှ သဒ္ဒါကြည်ဖြူအား မှင်သက်သူတစ်ယောက်လို ငေးကြည့်နေပေမယ့် သဒ္ဒါကြည်ဖြူ မိန်းမချောကတော့ ဘာဆိုဘာတစ်ခုမှ မသိပါပေ။

အစ်ကိုရင်းအဖြစ်သိထားသူ ရဲထွဋ်အား အလုပ်ပြန် စောင့်ကြိုနေသည်မို့ ပန်းခရမ်းပေါ်ဝယ် အနက်ချည်ဖောက် ကိုယ်ကပ်လက်ပြတ်ဝတ်စုံလေးနှင့် ကျောလယ်မှာ ဝဲနေသည့် ဆံနွယ်တို့ကို ဖြန့်ချကာ မျက်နှာလှလှလေးက ဝင်းမွတ်လှပလျက် သွယ်လျသောကိုယ်ဟန်၊ ခါးသေးရင်ချီပမာ လွန်စွာလှပတင့်တယ် လွန်းနေရသော သဒ္ဒါကြည်ဖြူအလှက အလှပေါ်အယဉ်ဆင့်ထားသည့်နှယ်။

သူမသည် ဘယ်သူပါလဲ။

သူမလေးသည် ဒီခြံကပါပဲလား။

အင်္ဂလိပ်နီယာတစ်ယောက်ဖြစ်သော မိုးစွေသည် ဒီခြံကို ပြောင်းလာသည်က မကြာသေး။ အလုပ်တာဝန်နှင့် မြန်မာပြည် အနှံ့ သွားနေရသော အင်ဂျင်နီယာလေးမိုးစွေသည် အလုပ်တာဝန် နှင့်ပင် ရန်ကုန်သို့ ပြန်ရောက်သည်မှာလည်း မကြာသေးပါပေ။





ရန်ကုန်ရောက်ပြီး မကြာမီ သူသည် ဒီခြံကို ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ မိုးစွေအနေနှင့် ဒီခြံကိုပြောင်းလာသည်က မကြာသေး သည်မို့ ပတ်ဝန်းကျင်တွင် ဘယ်သူတွေရှိနေမှန်းလည်း သူမသိ။

ယခုသိရပြန်တော့လည်း သူ့ရင်ကို စွဲငြိစေသည့် ရွှေစင် ရုပ်သွင် မိန်းမချောလေး။ မြင်မြင်ချင်း ချစ်မိသည့်အချစ်ဆိုတာ ဒီလိုခံစားမှုကိုများ ပြောသည်လားမသိပါ။

အလုပ်တာဝန်မှာသာ စိတ်လုံးလုံးနှစ်ထားခဲ့သော မိုးစွေ သည် အချစ်ဆိုတာကိုလည်း သူသည် မေ့နေခဲ့သူဖြစ်ပါသည်။ ပညာတတ် ရုပ်ရည်ခြင်းသာမက ငွေကြေးပြည့်စုံချမ်းသာသော လူချောတစ်ယောက်ဖြစ်သည့် အင်ဂျင်နီယာတစ်ယောက်ဖြစ်သည့် မိုးစွေနား မိန်းကလေးတွေရှိခဲ့ပေမယ့် ကျောက်စိုင်ကျောက်ခဲကြီး ပမာ နိုင်မာမာကျောခဲ့သော မိုးစွေကတော့ မတုန်လှုပ်မလှုပ်ရှားခဲ့ ပါ။

ဘယ်မိန်းမတစ်ယောက်အတွက်နှင့်မှ ဒီလိုခံစားချက်မျိုး မရှိခဲ့သော မိုးစွေ၊ ယခုတော့ နာမည်လေးမျှပင် မသိရပါသည့် မိန်းကလေးတစ်ယောက်ကိုမှ ဟန်မဆောင်နိုင်အောင် မြင်မြင်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိရသည့်အဖြစ်။

သဒ္ဒါကြည်ဖြူမှာ သူမအား အင်ဂျင်နီယာလေး မိုးဇွေ ကြည့်နေသည်ကို သတိမထားမိပါပေ။

ချိုကြည်သောမျက်နှာ၊ အေးမြသောအပြုံးလေးနှင့်သာ သူမသည် ပန်းပင်တွေနှင့် အလုပ်ရှုပ်နေရာမှ သူမအား တစ်စုံ တစ်ရာသည် ကြည့်နေသလို ခံစားရသည်မို့ သဒ္ဒါကြည်ဖြူ အကြည့်လေးတစ်နေရာဆီသို့ ဖျတ်ခနဲ ရောက်ရှိသွားရာ

''အို''

ပါးလေးတွေ နီမြန်းလျက် မျက်နှာလှလှလေး တောက်ပ သွားရသည်။

ဘုရားရေ။

သူမကို လူတစ်ယောက် ကြည့်နေပါရောလား။

ခန့်ထည်သောအသွင်၊ တည်ကြည်သောအကြည့်တွေနှင့် ထူးခြားစွာ မျက်ဝန်းစိမ်းလဲ့လဲ့ကို ပိုင်ဆိုင်ထားသော ဒီလူသည် ဘယ်သူပါတဲ့လဲ။

အင်ဂျင်နီယာလေး မိုးဇွေမှာလည်း မိန်းမချောသူ့ကို





မြင်သွားပြီမို့ ကြွေခြေထည်စွာနှင့်ပင် လူကြီးလူကောင်းဆန်သော အပြုံးနှင့် သူမရှိရာသို့ လျှောက်လာပြီး...

''အဟမ်း''

''ဟင် ရှင်''

အကြည့်လေးလွှဲထားသော်လည်း သူမရှေ့ မျက်နှာချင်း ဆိုင်လာရပ်သလို သံဆူးကြိုးသာ ခြားထားသည့် ခြံစည်းရိုးနား တိုးကပ်ရောက်ရှိလာသည့် လူရွှယ်ကြောင့် သဒ္ဒါကြည်ဖြူအကြည့် လေးက သူ့ထံ ဖျတ်ခနဲ ရောက်ရှိသွားရသည်။

ထိုအခါ သူမအား စူးစူးရှရှ နက်နက်ရှိုင်းရှိုင်းကြည့်နေ ပါသော သူ့အကြည့်များနှင့် အကြည့်ချင်းဆုံသွားရသည်။

''ဒီခြံကလား''

''ရှင်''

''အဟွန်း ဒီခြံကလားလို့ မေးတာပါ''

''ရှင်၊ ဟုတ်ကဲ့''

မျက်ဝန်းလေးပြူးကာ သူပြောသမျှ တရှင်ရှင်နှင့် ရှိနေ သူလေးကို မိုးဇွေသည် သဘောကျသလိုအပြုံးနှင့် စိုက်ခနဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်း...

"ကိုယ်က ဒီခြံကပါ"

"ဟုတ်ကဲ့"

"ကိုယ့်နာမည် မိုးဇွေပါ၊ ဒီကနာမည်ကရော"

"ရှင်"

"ခုဆို ကိုယ်တို့ အိမ်နီးချင်းတွေ ဖြစ်သွားပြီလေ၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေသဘောမျိုး သိသင့်တယ်ထင်လို့ မိတ်ဆက်တာပါ"

"ဟုတ်၊ ဟုတ်ကဲ့"

သဒ္ဒါကြည်ဖြူသည် သူမကိုယ်သူမလည်း ဘာဖြစ်နေသည်ကို မသိပေ။ ထူးခြားစွာ စိမ်းလဲ့လဲ့မျက်ဝန်းများကို ပိုင်ဆိုင်ထားသည့် လူရွယ်ရှေ့တွင် သဒ္ဒါကြည်ဖြူသည် ရင်ခုန်သံမြန်နေသည့် မိန်းမငယ်လေးတစ်ယောက်လို ရင်တွေခုန်၊ စိတ်လှုပ်ရှားနေရသည့်အဖြစ်။

သူ့ရှေ့တွင် သူမ ဒီလိုခံစားရသည်ကိုပင် သဒ္ဒါကြည်ဖြူမှာ သူမကိုယ်သူမ မနှစ်သက်သလိုမျိုး လှုပ်ရှားနေရသည့်စိတ်တွေ





ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းလိုက်ရင်း

"ကိုမိုးဇွေ ဒီကိုပြောင်းလာတာ မကြာသေးဘူးနဲ့တူပါရဲ့"

"အဟွန်း...ဟုတ်တယ်၊ ကျွန်တော် ဒီကိုပြောင်းလာတာ တစ်ပတ်ပဲရှိသေးတယ်"

"သြော် ဒါကြောင့် ရှင့်ကို သဒ္ဒါ မမြင်ဖူးတာကိုး"

"သဒ္ဒါတဲ့လား"

"သဒ္ဒါကြည်ဖြူပါ"

"လှတယ်ဗျာ"

"ရှင်"

"သြော် လှလှသလို နာမည်လည်းလှလို့ပါ"

ယခုမှသိရသည့် သူစိမ်းလူရွယ်တစ်ယောက်၏ စကားကြောင့် သဒ္ဒါကြည်ဖြူ ဝင်းပဖြူစင်သော မျက်နှာလှလှလေးမှာ ချက်ချင်းပင် သွေးရောင်လွှမ်းသွားရသည်။

ပြောလိုက်မိပြီးမှ မိုးဇွေသည် သူ့စကားမှားသွားရပြီကို သိပေမယ့် ပြင်ဖို့ရာ အခွင့်အရေးမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နီမြန်းတောက်ပနေရသော မျက်နှာရဲရဲလေးကိုသာ အားနာစိတ်နှင့် ငေးစိုက်ကြည့်ရင်း စကားပြောပွင့်လင်းရသည့် သူ့အဖြစ်ကို သူလည်း အားမလိုအားမရ ဖြစ်သွားရတော့သည်။

ရှုးရှသော သူ့အကြည့်များကြောင့် သဒ္ဒါကြည်ဖြူမှာ သူ့ရှေ့တွင် ဆက်ရပ်တည်ဖို့ အင်အားတွေ မရှိတော့အောင် ရှက်ရွံ့မှုတွေ လွှမ်းကဲလာရသည်မို့

"ဟို သဒ္ဒါကို သွားခွင့်ပြုပါဦးနော်"

ပြောပြီး သဒ္ဒါကြည်ဖြူသည် သူ့ရှေ့မှနေ သူမကိုယ်လေးကို ချာခနဲလှည့်အထွက်

"ခဏ သဒ္ဒါကြည်ဖြူ"

"ဟင်"

ထိတ်ခနဲခုန်သွားရသည့် ရင်နှင့်အတူ လှမ်းလက်စ ခြေလှမ်းလေးကလည်း သူ့အလိုလို ရပ်တန့်သွားရသည်က ထူးခြားသည့် သူ၏ဆွဲငင်အားကြောင့်သာ ဖြစ်ပါလိမ့်မည်။

သဒ္ဒါကြည်ဖြူ အကြည့်လေးက သူ့ရှိရာဆီသို့ ဖျတ်ခနဲ ရောက်ရှိသွားရာ





"ကိုယ့်ကို သဒ္ဒါကြည်ဖြူ မိတ်ဆွေအဖြစ် အသိအမှတ်ပြုမပြု"

"သဒ္ဒါ လူတစ်ယောက်ကို လွယ်လွယ်နဲ့ မခင်တတ်သလို လွယ်လွယ်နဲ့လည်း မိတ်ဆွေအဖြစ် လက်ခံလေ့မရှိပါဘူး၊ ဒါပေမယ့် ကိုမိုးဇွေက သဒ္ဒါတို့ရဲ့ခြံနီးချင်းတွေဆိုတော့"

"ဆိုတော့ ဘာဖြစ်လဲသဒ္ဒါ"

ခုမှသိရသည့် မိန်းကလေးတစ်ယောက်ရှေ့တွင် ဣန္ဒြေဆယ်ဖို့ကိုပင် သတိမရ။ သိချင်စိတ်ကို မမျိုသိပ်နိုင်စွာ မေးလိုက်သည့် အင်ဂျင်နီယာလေး မိုးဇွေ၏ အမေးကြောင့် သဒ္ဒါကြည်ဖြူ မျက်လွှာလေးချကာ စဉ်းစားသလို တစ်ချက်ငြိမ်သွားလေသည်။

သူ့ကြည့်ရတာ လူကောင်းသူကောင်းအပြင် ကြည့်ရတာလည်း တည်တည်ငြိမ်ငြိမ် ပညာတတ်လူတစ်ယောက်ဖြစ်မည့်ပုံရသည့်အပြင် ခြံချင်းကပ် အိမ်နီးချင်းပါလားဆိုသောအသိဖြင့် သဒ္ဒါကြည်ဖြူရှေ့ကိုကြည့်ကာ

"ကောင်းပြီလေ…သဒ္ဒါ ရှင့်ကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုပါတယ်၊ ဒါပေမယ့် ရှင့်ဘက်က သဒ္ဒါကိုတော့ ကတိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေးရလိမ့်မယ်''

''ဘာကတိများလဲ သဒ္ဒါကြည်ဖြူ''

''ရှင့်ဘက်က သဒ္ဒါအပေါ်မှာ မိတ်ဆွေအဖြစ်နဲ့ပဲ ရှိနေရမယ့်ကတိ''

''အဟွန်း ဒါတော့''

''ဘာလဲ မပေးနိုင်ဘူးလား''

''ပေးပါတယ်ဗျာ၊ ပေးပါတယ်၊ ဒါဆို ကိုယ်ကလည်း ပြောပါရစေဦး''

ဘာလဲဆိုသည့် အကြည့်လေးဖြင့် သဒ္ဒါကြည်ဖြူသည် မိုးဇွေအား ကြည့်လိုက်တော့

''သဒ္ဒါဘက်ကလည်း ကျွန်တော့်အပေါ် ဒီခင်မင်မှုကို ဘယ်တော့မှ မရုပ်သိမ်းပါဘူးဆိုတဲ့ကတိ''

''အို ဒါကတော့''

''အဟွန်း...ဟွန်း...ဟွန်း ဘာလဲ ကတိမပေးနိုင်ဘူးလား''

''ရှင်နော်''





ပြုံးလွှန့်လွှန့်မျက်နှာကြီးနှင့် သူမပြောသည့်စကား လိုက်ပြောနေသော မိုးဇွေကြောင့် သဒ္ဒါကြည်ဖြူ ရှက်ရောင်ဝဲဝဲလေးနှင့် နှုတ်ခမ်းစူသွားရသည်။

ဒီလူ ဘယ်လိုလူပါလိမ့်။

အခုမှတွေ့ပေမယ့်လည်း သူမအပေါ် ယခင်ကသိခဲ့သည့်လူတစ်ယောက်လို ရင်းနှီးရိပ်များဖြင့် ပြောဆိုဆက်ဆံမှုများ နွေးနွေးထွေးထွေးရှိနေပုံက သဒ္ဒါကြည်ဖြူစိတ်များ သူ့အပေါ် ရင်းနှီးမှုရရှိစေရသလိုလို။

သူ့စကားတွေသည် ဟန်ဆောင်မှုကင်းမှန်းလည်း သဒ္ဒါကြည်ဖြူ ဘာကြောင့်ရယ်မသိ စိတ်မှာ အလိုလိုယုံကြည်နေမိသည်။

''ဘယ်လိုလဲ ဒီကတိ ကိုယ့်ကိုပေးဖို့ သဒ္ဒါကြည်ဖြူဘက်က ဒီလောက်ပဲခက်နေပြီလား''

သူ့စကားကြောင့် သဒ္ဒါကြည်ဖြူ မခံနိုင်ဖြစ်သွားကာ

''ခက်တယ်ဆိုပေမယ့် အဲဒီကတိ ရှင့်ကို သဒ္ဒါပေးတယ်ဆိုရင်ရော''

''အဲဒီအတွက် သဒ္ဒါကြည်ဖြူကို ကိုယ် ကျေးဇူးတင်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ကျေးဇူးဆိုတာထက် သဒ္ဒါကတော့ ကတိတစ်လုံးကို တန်ဖိုးထားစေချင်တာပါပဲ"

သဒ္ဒါကြည်ဖြူသည် မိုးဇွေ၏ ရင်ထဲကို ထိုးဖောက်သိမြင်နေသလိုမျိုး သူမကိုယ်သူမ ကြိုတင်ဟန့်တားသည့်သဘောနှင့်ဆိုကာ အလှဆုံး မျက်ဝန်းရွှဲကြီးနှင့် မိုးဇွေအား ရင်ဆိုင်ကြည့်ပြီးနောက် သူ့အနားမှ ချာခနဲလှည့်ထွက်သွားလိုက်ပါတော့သည်။

ကျန်ရစ်ခဲ့သူ အင်ဂျင်နီယာလေး မိုးဇွေမှာ လှပပြေပြစ်သော သဒ္ဒါကြည်ဖြူ၏ နောက်ကျောလေးကိုကြည့်ပြီး ရင်မှာ ချစ်စိတ်တွေ လှုပ်ရှားဖွာနှင့် ရှိနေရတော့သည်။

အချစ်သည် တစ်ခါတစ်ရံ မထင်မှတ်ပါဘဲလည်း မျက်လည်လမ်းမှား ရောက်ရှိလာတတ်သည် မဟုတ်ပါလား။

ဥ ဥ ဥ



အင်ဂျင်နီယာလေးမိုးဇွေ အလုပ်ကပြန်ရောက်သည်နှင့် သူ့အခန်းဆီသို့ ဝင်ခဲ့လိုက်သည်။ ဒီနောက် သူသည် အဝတ်အစားပင် မလဲနိုင်ဘဲ အကြည့်တွေက တစ်ဖက်ခြံ မျက်နှာချင်းဆိုင်တိုက်မှ သူ့အခန်းနှင့်တည့်တည့်တွင် ရှိနေသည့် သဒ္ဒါကြည်ဖြူ မိန်းမချောလေး၏ အခန်းဆီသို့ အကြည့်များ ရောက်ရှိသွားရသည်။

ဒါကလည်း သူ့အတွက် တစ်နေ့အလုပ်မဟုတ်ပါ။ အလုပ်မှပြန်လာသည်ဖြစ်စေ၊ အပြင်တစ်နေရာမှ ပြန်လာသည်ဖြစ်စေ သူသည် ဘယ်နေရာမှ ပြန်ရောက်ရောက် ရောက်သည့်အချိန်မှာတော့ သူ့အကြည့်တွေသည် ဒီလိုပင် တစ်ဘက်ခြံမှ သဒ္ဒါကြည်ဖြူအခန်းဆီသို့ ရောက်တတ်မြဲ ရောက်ရမြဲဖြစ်ပေသည်။

ယခုလည်း သူ့အကြည့်များသည် သူမအခန်းရှိရာဆီသို့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်များ ရောက်သွားသည်နှင့်

"ဟင်"

ရင်အစုံသည် လှိုက်ခနဲ ဖိုသွားရပါသည်။ ကြည့်စမ်းပါဦး ဘယ်မျှအေးချမ်းကြည်နူးဖွယ် ကောင်းလိုက်ပါသည့် မြင်ကွင်းလည်းဆိုတာ။

အဖြူရောင်ဆွတ်ဆွတ်တွင် အနက်ကွက်လေးများပါသည့် ကြောင်လေးကို ရင်ခွင်ထဲထား ပွတ်သပ်ချော့မြူနေသည့် သဒ္ဒါကြည်ဖြူ၏ မျက်နှာလေးသည် အရမ်းကို ကြည်စင်ဝင်းမွတ်လှ လွန်းနေရသည်။

သည်မျက်နှာလှလှလေးကိုပင် မေ့မရနိုင်အောင် စွဲလမ်း မြတ်နိုး ချစ်နေမိသည်မို့ မိုးစွေရင်ဝယ် ကြည်နူးချမ်းမြေ့သော ခံစားမှုတွေနှင့် ရင်မှာ တိတ်တခိုးချစ်နေမိရသည့် ချစ်သူမျက်နှာကို ချစ်စိတ်တွေ ဖိတ်လျှံစွာနှင့်ပင် ငေးစိုက်ကြည့်နေလေသည်။

ကြည့်နေရင်းမှလည်း ရင်ထဲချစ်စိတ်တွေက သူမလေး အပေါ် ပို၍တိုးလာရသည့်အဖြစ်။

ချစ်တယ်သဒ္ဒါရယ်။ သိပ်ချစ်တယ်ဆိုသည့် စကားကို





အင်ဂျင်နီယာလေး ကိုမိုးစွေ စိတ်မှာ မချင့်မရဲကြီး ဆိုလိုက်သည်။

သဒ္ဒါကြည်ဖြူ၏ အလှသည် မြင်ရသူရင်ကို စွဲငြိစေရ သည်က အမှန်ဖြစ်သည်။ ဝင်းမွတ်ကြည်စင်နေထွေးသော သူမ၏ အလှနှင့် မျက်နှာလေးကို မြင်သူတိုင်း ဘယ်သူမှ နှစ်ခါပြန်လှည့် မကြည့်ဘဲ မနေနိုင်သလို သူမအလှ၌ မငြိတွယ်ဘဲလည်း မနေနိုင် ခဲ့ပါ။

ထိုသူများထဲတွင် အင်ဂျင်နီယာလေး ကိုမိုးစွေလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့လေသည်။

တကယ်တော့ မိုးစွေ၏ ဇာတိသည် ရန်ကုန်ကတော့ဖြင့် မဟုတ်ပါပေ။ တောင်ကြီးဇာတိဖြစ်သော မိုးစွေသည် ရှမ်းမှ မွေးဖွား လာသော သားရတနာတစ်ဦးပင် ဖြစ်လေသည်။

တောင်ကြီးမြို့ရှိ နန်းချယ်ရီခြံဆိုလျှင် မသိသူမရှိသလောက် ပင် ဟော်နန်းကြီးတမျှ လွန်စွာခန့်ညားလှပကာ ကြီးကျယ်ခမ်းနား လွန်းလှပေသည်။

ဖခင်ဦးစိုင်းမောင်သည် ရှမ်းသွေးပီပီ ဖြူစင်ဝင်းနှစ်သော အသားအရေနှင့် ယောကျ်ားပီသတည်ကြည်ခန့်ညားသော ရုပ်သွင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပိုင်ဆိုင်ထားသလို မိခင်ဖြစ်သည့် ဒေါ်ထိပ်တင်မမှာလည်း ကိုယ်တိုင်က မင်းမျိုးမင်းနွယ်မို့ အမျိုးဂုဏ်မြင့်ကာ လှပယဉ်ကျေးသည့် အမျိုးသမီးကြီးတစ်ယောက်ပင် ဖြစ်လေသည်။

ပစ္စည်းဥစ္စာဆိုတာ ပြောစရာမလိုအောင် ပြည့်စုံချမ်းသာကြွယ်ဝလွန်းသည့် ဒီလို အဘက်ဘက်က ပြည့်စုံသည့် မိဘနှစ်ပါးမှ မွေးဖွားလာသော ရှမ်းသွေးရောစပ်ထားသည့် ရှမ်းဗမာလူချောတစ်ယောက်ဖြစ်သော မိုးဆွေသည် ရှမ်းသွေးစပ် ဗမာချောချောသူမို့ ဖြူစင်ဝင်းနှစ်သော အသားအရေ၊ မြင့်မားသော ကိုယ်ဟန်၊ မျက်ခုံး မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း ဘာတစ်ခုမှ ပြောစရာမလိုအောင် ယောကျ်ားပီသသည့် ရုပ်သွင်ရှိသူဖြစ်သလို စိမ်းလဲ့တောက်ပစူးရှသည့် သူ့မျက်ဝန်းတစ်စုံကလည်း သူ၏ထူးခြားမှုပင် ဖြစ်သည်။

ဝန်ထမ်းဘဝဖြင့် နယ်တကာ တာဝန်ထမ်းဆောင်နေသော မိုးဆွေသည် အလုပ်တာဝန်နှင့် ရန်ကုန်ပြန်ရောက်သောအခါ မိဘများသည် တစ်ဦးတည်းသောသားအတွက် ယခုသူနေမည့်ခြံနှင့်တိုက်ကို ဝယ်ခဲ့လေ၏။

မိဘများကတော့ဖြင့် သူနှင့်အတူ လိုက်မနေနိုင်ပါ။





ဘောင်ကြီးမှာရှိသည့် စီးပွားရေးလုပ်ငန်း မြောက်မြားစွာက မိဘများကိုယ်တိုင် ဦးစီးနေရသည်မို့ သားကိုချစ်သော်လည်း စီးပွားရေးက ရှိသေးသည်မို့ သားနှင့်အတူ လိုက်မနေနိုင်ခဲ့ပါ။

မိုးဆွေအတွက် နေရန်ကိုသာ တိုက်နှင့်ခြံ ဝယ်ပေးခဲ့သည်မို့ မိုးဆွေမှာ ရန်ကုန်တွင် ခြံနှင့်တိုက်နှင့် စီးရန်ကားကလည်း အဆင်သင့်ပင်။

ရုပ်ရည်ချောမောရုံမက ငွေဂုဏ်၊ ရာထူးရှိသည့် မိုးဆွေအနားတွင် မိန်းမချော မိန်းမလှလေးတွေကလည်း များလှလေသည်။

သို့သော်

မိုးဆွေကတော့ မိန်းမဆိုလျှင် ဘယ်မိန်းမတစ်ယောက်နှင့်မှ ရင်းနှီးပတ်သက်ခဲ့ခြင်းမရှိပါ။ မိန်းမဆိုတာ သူ့အတွက် စိတ်ဝင်စားစရာမဟုတ်ပါဟူ၍လည်း ခံယူထင်မှတ်ထားသူဖြစ်သည်။

ထိုခံယူချက်အတိုင်းလည်း မိုးဆွေသည် သဒ္ဒါကြည်ဖြူကို တွေ့ခင်ကအထိ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့ပါသော်လည်း ဝင်းမွတ်ကြည်စင်နုထွေးသော အလှတွေနှင့် သိပ်လှသော သဒ္ဒါကြည်ဖြူကို တွေ့သည့်အချိန်မှာတော့ သူ့ခံယူချက်၊ သူ့အတွေးများ



www.burmeseclassic.com

www.burmeseclassic.com



သည် မှားယွင်းခဲ့ရပြီဖြစ်ကြောင်း သူသိခဲ့ရလေသည်။

အကြောင်းမှာ သူသည် သဒ္ဒါကြည်ဖြူဆိုသည့် မိန်းမ
ချောကို မြင်မြင်ချင်း ချစ်မိသွားရသောကြောင့်ဖြစ်သည်။

"ချစ်တယ်သဒ္ဒါရယ်၊ ကိုကို့အချစ်တွေကို မင်းလေးသိ
အောင် ဘယ်လိုပြောရမလဲဗျာ" ဟူ၍သာ မိုးစွေသည် ချစ်သော
သဒ္ဒါကြည်ဖြူအား သူ့အခန်းမှနေ ငေးစိုက်ကြည့်ရင်း မချင့်မရဲစိတ်
မျိုးသိပ်ထိန်းချုပ်ထားရသောစိတ်တို့ဖြင့် ရင်မှာသာ တိတ်တခိုးဆို
လျက် ချစ်ရသူကိုသာ ငေးကြည့်နေမိပါတော့သည်။

ဣ ဣ ဣ



## အခန်း (၅)

"သဒ္ဒါ"

"အမေ့"

"ဟင် ရှင်"

တွယ်ငြိမက်မောသော ပိုင်စိုးပိုင်နင်းဆန်လှသော ခေါ်သံ
နှင့် သူမရှေ့ရောက်လာသော မိုးစွေကို သဒ္ဒါကြည်ဖြူသည်
ဖြူးကျယ်ဝိုင်းစက်သော အံ့သြထိတ်လန့်ဟန်လေးနှင့်ကြည့်ကာ
ခြေလှမ်းလေး နောက်ဆုတ်သွားရသည်။

"သဒ္ဒါ"

"ရှင် ရှင် ဘယ်လိုလုပ်ဝင်လာတာလဲ"

သဒ္ဒါကြည်ဖြူမှာ သူမရှိရာခြံထဲသို့ ဝင်လာသော မိုးစွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ကာ အံ့သြဟန်လေးနှင့် မေးလိုက်သည်။

မိုးစွေမှာ သဒ္ဒါကြည်ဖြူကို ခပ်ပြုံးပြုံးကြည့်ရင်း

''အဟွန်း…ကိုယ့်ကိုတွေ့လိုက်လို့ အံ့သြနေတာလား သဒ္ဒါ''

''ဟို ရှင်''

''သဒ္ဒါကိုတွေ့လို့ ကိုယ်တော့ ဟိုမလွယ်ပေါက်က ဝင်လာတာ''

ခြံစည်းရိုးနှစ်ခုကြား မလွယ်ပေါက်ဖောက်ထားသည်မို့ မိုးစွေသည် ထိုမှဝင်လာခြင်းကို သဒ္ဒါကြည်ဖြူအား ပြောလိုက်သည်။

''သဒ္ဒါက ပန်းကလေးတွေကို ချစ်တတ်တယ်နော်၊ ကိုယ် သဒ္ဒါကို တွေ့လိုက်တိုင်း ပန်းပင်တွေကြားမှာ သဒ္ဒါ အမြဲရှိနေတတ်တယ်''

''သဒ္ဒါ သဒ္ဒါ''

စူးရှတောက်ပသော အကြည့်များကြောင့် သဒ္ဒါကြည်ဖြူ သည် ရုတ်တရက် သူ့စကားကို မဖြေတတ်အောင် ရှိသွားရသည်။

ဒါကိုပင် မိုးစွေမှာ တစ်မျိုးထင်ကာ





''သဒ္ဒါကြည့်ရတာ ကိုယ့်ကိုကြောက်နေသလိုပဲ၊ ဟုတ်လား''

''ရှင်…အို မဟုတ်ပါဘူး၊ သဒ္ဒါ ရှင့်ကိုတွေ့လိုက်လို့ ရုတ်တရက် အံ့သြသွားလို့ပါ''

''အဟွန်း ဆောရီး သဒ္ဒါ၊ ကိုယ် အလုပ်ကအပြန် သဒ္ဒါ ကို ခြံထဲမှာတွေ့လို့ ခြံရှင်ကိုခွင့်မတောင်းဘဲ ဝင်လာမိတာ ကိုယ့်ကို ခွင့်လွှတ်နော်''

မရပါဘူးဟူ၍လည်း ပြောလို့မဖြစ်တော့သည်မို့ သဒ္ဒါ ကြည်ဖြူသည် သူမရှေ့က သူ့ကိုမကြည့်ဘဲ မျက်လွှာလေးချလျက် မှ 'ရပါတယ်'ဟူ၍သာ ပြောလိုက်ရတော့သည်။

''ကိုယ် သဒ္ဒါကိုတွေ့ချင်နေတာ''

''ရှင်''

သူ့စကားက ဘာလိုလိုမို့ သဒ္ဒါကြည်ဖြူမှာ မျက်ဝန်းရွဲ ကြီးများ ဝိုင်းစက်သွားရကာ မျက်ခုံးလေး ပင့်ချီလျက် သူ့အား ကြည့်မိသွားရတော့

''အို''



www.burmeseclassic.com

www.burmeseclassic.com



အကြည့်စူးစူးများနှင့် ဆုံသွားရတာကြောင့် နှုတ်ခမ်းဖူးဖူး လေး ဖွင့်ဟသွားရတဲ့အထိ ရက်ရွှတ်လှုပ်မှုတွေနှင့် အနေခက်သွား ရသူမှာ သဒ္ဒါကြည်ဖြူပင်ဖြစ်သည်။

ဘုရားရေ ဒီလူ သူမကို ဘယ်လိုကြီးကြည့်နေတာပါလိမ့်။

အင်ဂျင်နီယာလေး မိုးစွေမှာလည်း အနီးကပ်သေချာကြည့် ပါမှ ဝင်းဝင်းမွှန်မွှန်နှင့် ရက်ရက်စက်စက် လှပလွန်းသော သဒ္ဒါ ကြည်ဖြူ၏ နုထွေးအိစက်သော အလှများကို ငေးမောမဆုံးရင်ခုန် စိတ်လှုပ်ရှားမှုတွေနှင့် ငေးကြည့်ရင်းမှ...

"သဒ္ဒါရယ်...ကိုယ့်ကို အခွင့်အရေးယူတယ်လို့လည်း မထင်ပါနဲ့၊ ကိုယ်လေ သဒ္ဒါကို တွေ့တဲ့အချိန်ကစပြီး တစ်နေ့မှ မေ့လို့မရခဲ့ဘူးဆိုတာ သဒ္ဒါယုံပါဗျာ"

"အို"

"သဒ္ဒါ"

"ရှင်...ရှင် ဘယ်လိုလူလဲ"

"အပြွန်း...ကိုယ်က သဒ္ဒါကိုချစ်နေတဲ့သူလေ"

"ဟင်"





ရက်ဒေါသစိတ်တို့နှင့်အတူ သဒ္ဒါကြည်ဖြူမှာ မှင်သက် သွားရသည်။

မြတ်စွာဘုရား။

သူမ ဘယ်လိုမှ မထင်ခဲ့သည့်အဖြစ်။

သည်လူတစ်ယောက်သည် သူမကိုချစ်နေသည်တဲ့လား။

"ရှင် ရှင်"

"ယုံပါသဒ္ဒါ၊ ကိုယ် သဒ္ဒါကိုချစ်တယ်၊ သိပ်ချစ်တယ်"

"ကြည့်စမ်း...ရှင် ရှင် ဒါ သဒ္ဒါကိုစော်ကားတာပေါ့ လေ၊ ရှင် သဒ္ဒါကို အထင်သေးလို့ ဒီလိုစကားမျိုးပြောတာလား ကိုမိုးစွေ"

"သဒ္ဒါရယ်...ထင်ရက်လေတယ်ဗျာ၊ ကိုယ့်အချစ်ကို သဒ္ဒါ ဘာလို့ ဒီလိုထင်ရက်ရတာလဲ၊ ကိုယ် သဒ္ဒါကို ချစ်တာ ဘာအရောင်အသွေးထင်းမှ မပါဘူး၊ မြင်မြင်ချင်း ရင်မှာ ဖြစ်ပေါ်ရတဲ့ နက်ရှိုင်းတဲ့ အချစ်နဲ့ ချစ်မိသွားခဲ့တာ၊ ကိုယ့်အချစ်ကို သဒ္ဒါ အခုလို ထင်ရက်တာ ကိုယ်ရင်အနာရဆုံးပဲသဒ္ဒါ"

"အို ရှင့်စကားတွေ သိပ်လွန်နေပြီ ကိုမိုးစွေ၊ ရှင်စကားကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ပြီးပြောရင် ကောင်းလိမ့်မယ်၊ ရှင်နဲ့သဒ္ဒါ သိတာဘာကြာသေးလို့လဲ''

''အဟွန်း…အချစ်မှာ အချိန်အခါဆိုတာ မရှိပါဘူးသဒ္ဒါ၊ ကိုယ်နဲ့သဒ္ဒါ သိကြတဲ့အချိန် ဘယ်လောက်မှ မကြာသေးဘူးဆိုပေမယ့် ကိုယ့်အချစ်က သဒ္ဒါအပေါ်မှာ''

''တော်…တော်ပါတော့ ကိုမိုးဆွေ၊ သဒ္ဒါကိုလည်း ရှင်သနားပါဦး''

''သနားရုံတင်မကပါဘူး သဒ္ဒါ၊ ချစ်တာလည်း ပိုပါသေးတယ်''

''အို…ရှင် ရှင် ဖယ် ကျွန်မရှေ့က ကျွန်မသွားမယ်''

စော်ကားရက်လေခြင်းဆိုသည့် အတွေးနှင့်အတူ ရှက်ရွံ့တုန်လှုပ်နာကျင်ကြေကွဲမှုတွေနှင့် သဒ္ဒါကြည်ဖြူသည် တောက်ပသောမျက်နှာ၊ ရစ်ဝိုင်းလာသော မျက်ရည်စများနှင့် သူ့မရှေ့မှသူ့ကိုယ်ကြီးကို တွန်းထုတ်ဖယ်ရှားမည်လုပ်သည်ကို မိုးဆွေမှာ မဖယ်ပေးပါဘဲ

''ကိုယ့်ကို စကားမပြောချင်တော့လောက်အောင် မုန်းသွားပြီလား သဒ္ဒါ''



နုတ်ခမ်းလေးဖိကိုက်လျက် ဝင်းမှုန်နုအိစက်နေသော ရှက်သွေးတို့ဖြင့် စိတ်ညစ်နေသည့် အသွင်နုနုနှင့် မျက်နှာလှလှလေးအား မိုးဆွေသည် တစိမ့်စိမ့်ကြည့်ရင်း

''သဒ္ဒါကိုချစ်တယ်''

''ကျွန်မကတော့ ရှင့်လို အခွင့်အရေးသမားကို မုန်းတယ်''

သဒ္ဒါကြည်ဖြူစကားက မိုးဆွေနှလုံးသားကို ဓားနှင့်အထိုးခံလိုက်ရသလို နာကျင်သွားရသည်။

''ချစ်တာဟာအပြစ်လား သဒ္ဒါ၊ ကိုယ် သဒ္ဒါကိုချစ်လွန်းလို့ ချစ်တဲ့စိတ်နဲ့ အခုလိုအရဲစွန့်ပြီး ပြောတာ၊ သဒ္ဒါ ကိုယ့်အချစ်ကို ဘာလို့ အသိအမှတ်မပြုပေးနိုင်ရတာလဲ''

''အချစ်…အချစ် ရှင်မပြောစမ်းပါနဲ့၊ ကျွန်မ ရှင့်ကို မသိဘူး''

သဒ္ဒါကြည်ဖြူသည် ပြောပြီး မျက်နှာလှလှလေးကို တစ်ဘက်သို့ လှည့်ပစ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ နာကျင်သွားရပေမယ့် မိုးဇွေသည် ထိုအဖြစ်ကို မသိဟန်ပြုလိုက်ပြီးနောက် သဒ္ဒါကြည်ဖြူ၏ ဝင်းစက်မှုန်အိနေသည့် တည်ငြိမ်သောအလှကို ချစ်မြတ်နိုးမှုတွေနှင့် ကြည့်မဝနိုင်သလို မျက်ဝန်းစိမ်းလဲ့လဲ့အစုံနှင့် ငေးစိုက်ကြည့်ရင်း…

"တကယ်ပါ သဒ္ဒါ၊ ကိုယ် သဒ္ဒါကို သိပ်ချစ်တယ်၊ ကိုယ့်ကိုမသိဘူးလို့လည်း သဒ္ဒါ မငြင်းလိုက်ပါနဲ့ဗျာ၊ ကိုယ် သဒ္ဒါကို ချစ်ခဲ့တာ မြင်မြင်ချင်းကတည်းပါ၊ ဖြစ်နိုင်မယ်ဆို သဒ္ဒါခွင့်ပြုမယ်ဆို သဒ္ဒါကို ကိုယ်အမြန်ဆုံးလက်ထပ်ချင်တယ်"

မိုးဇွေ၏ စကားအဆုံးတွင် သဒ္ဒါကြည်ဖြူသည် ဘယ်မျှထိ ရှက်ရွံ့နာကျင်တုန်လှုပ်သွားရသည်မသိပါ နှုတ်ခမ်းသားလေးများပင် ပြာဝေလျက် မျက်နှာလှလှလေးမှာ ရှက်ဒေါသတို့ ပေါင်းစည်းမှုဖြင့် ရဲရဲတောက်နီမြန်းနေရသည်။

သည်နောက် သူမထံမှ အကြည့်စူးစူးလေးက မိုးဇွေထံရောက်ရှိလာပြီး…

"ရှင့်စကားတွေက သိပ်ကို ပိုင်စိုးပိုင်နင်းနိုင်လှချည်လား ကိုမိုးဇွေ"





"သဒ္ဒါကိုချစ်လွန်းလို့"

"မပြောနဲ့၊ ဒီမှာကိုမိုးဇွေ ရှင့်ကို ကျွန်မက လူကြီးလူကောင်းတစ်ယောက်ထင်လို့ ခေါ်ပြောဆက်ဆံမိတာ၊ ဒီလိုမျိုးကျွန်မအပေါ် မရိုးသားမှန်းသိရင် ရှင့်ကို ကျွန်မ မိတ်ဆွေအဖြစ်နဲ့တောင် လက်ခံမိမှာမဟုတ်ဘူး၊ ခုတော့"

"ပြောပါ သဒ္ဒါ၊ ပြောပါ၊ ကိုယ့်အပေါ် သဒ္ဒါ ဒီထက်ကောတဲ့စကားတွေနဲ့ ပြောနိုင်ပါသေးတယ်၊ သဒ္ဒါ ဘယ်လိုပြောပြောကိုယ့်အချစ်ကတော့ သဒ္ဒါအပေါ်မှာ ပြောင်းလဲမှာမဟုတ်ဘူးဆိုတာသဒ္ဒါသိထားပါတော့ဗျာ"

"အို…ကျွန်မ ရှင်ပြောတာတွေ နားမထောင်ချင်ဘူး၊ ရှင် ကျွန်မရှေ့က ဖယ်ပါ"

ပြောပြီး သဒ္ဒါကြည်ဖြူသည် ခြေလှမ်းလှမ်းရန် ပြင်လိုက်လေ၏။

မိုးဇွေမှာ သွားခွင့်မရအောင် သူ့လက်နှင့်ကာထားလိုက်ပြီး

"မသွားရသေးဘူး သဒ္ဒါ"

"ဟင် ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးပြူးလျက် သဒ္ဒါကြည်ဖြူမှာ မိုးဆွေ၏ ပိုင်
ပိုင်နိုင်ဆန်သော အပြုအမူကြောင့် ရှက်ဒေါသတွေဖြစ်သွားရ

"ရှင့်လုပ်ရပ်တွေ သိပ်လွန်နေပြီနော် ကိုမိုးဆွေ"

"လွန်တယ်ထင်ရင် တောင်းပန်ဖို့အသင့်ပါပဲ သဒ္ဒါ၊ ကို
ဘဝမှာ သဒ္ဒါကိုချစ်ခဲ့သလိုမျိုးနဲ့ ဘယ်မိန်းကလေးတစ်ယောက်
မချစ်ခဲ့ဖူးပါဘူး"

သူ့အကြည့်စူးစူးတွေကို သဒ္ဒါကြည်ဖြူသည် မခံ့မိအော
လွှဲထားရင်းမှ နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်ပြီး

"ရှင် အခု ကျွန်မရှေ့ကဖယ်မလား မဖယ်ဘူးလား"

"မဖယ်နိုင်ဘူး သဒ္ဒါ"

"ဪ ရှင်သိပ်ပြီးလည်း သတ္တိကောင်းလွန်းပါလား
ခု ရှင်ရောက်နေတဲ့နေရာက ကျွန်မခြံပါ၊ ကျွန်မအော်လိုက်
ရှင်ဘာဖြစ်သွားမလဲဆိုတာရော စဉ်းစားမိရဲ့လား ကိုမိုးဆွေ"

"အဟွန်း...သဒ္ဒါ ကိုယ့်ကို လျှော့တွက်ထားပြီ
ကိုယ်ဟာ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးမပေးတတ်
သဒ္ဒါ အော်ချင်အော်လိုက်၊ ကိုယ်ကတော့ လွယ်လွယ်နဲ့ အရှုံး





သွားမှာမဟုတ်ဘူး"

ထင်တာထက်ပင် ပို၍ တစွတ်ထိုးဆန်နေသော သူ့စကား
တွေကြောင့် သဒ္ဒါကြည်ဖြူ စိတ်မှာ ရှုပ်ထွေးလေးလံသွားရသည်။

ကြည့်လေ ကိုမိုးဆွေ ဒီလူဘယ်လောက်များ တစွတ်ထိုး
ဆန်လိုက်ပါသလဲဆိုတာ။

သူမသွားမည့်ရှေ့မှနေ သူ့ကိုယ်ကြီးပိတ်ရပ်လျက် သူမ
အား စူးစူးနင့်နင့် စိုက်ကြည့်နေပုံက သူမအား တစ်ခါမှ မမြင်ဖူး
သည့်လူတစ်ယောက်လို။ စူးစူးနစ်နစ်နှင့် အနေခက်စေရသည့်
အဖြစ်။

ကိုလေးကလည်း ခုချိန်ထိ အလုပ်ကပြန်မရောက်သေး။
ပြီးတော့ အလုပ်သမားတွေကလည်း အနီးအနား တစ်ယောက်မှမရှိ။
မရှိဆို သူမရောက်နေသည့်နေရာကလည်း ခြံအနောက်ဘက်စွန်
ခပ်ကျကျမို့ ရုတ်တရက် သူမကို မမြင်နိုင်။

ဒါကပင် သူ့အတွက် အခွင့်အရေးရနေဟန်တူပါသည်။
သဒ္ဒါကြည်ဖြူအား သူ့အနားက ထွက်သွားခွင့် မပြုပါ။ **ဒါကိုပင်**
ကျိတ်၍စိတ်တိုနေရသူက သဒ္ဒါကြည်ဖြူ။



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ"

သဒ္ဒါကြည်ဖြူသည် မထူးပါဘဲ သူ့မအကြည့်များကို တခြားနေရာသို့ လွှဲပစ်လိုက်သည်။

"အဟွန်း"

အသည်းယားဖွယ် မချင့်မရဲ အပြုအမူကြောင့် မိုးစွေ ပြုံးလိုက်သည်။

"သဒ္ဒါရယ် ကိုယ့်အချစ်တွေကို ယုံပါလို့ ပြောပါရစေ ကိုယ် သဒ္ဒါကိုချစ်ခဲ့တာ တကယ်ပါ"

အကြည့်လေး လွှဲထားရင်းက သဒ္ဒါကြည်ဖြူသည် သူ့စကားကို မယုံနိုင်ပါဆိုသည့် သဘောနှင့် ပခုံးလေးတစ်ချက် တွန့်လိုက်သည်ကို မိုးစွေ မြင်လိုက်ရတော့ သူ့နှလုံးသား မခံမရပ် နိုင် အခံရခက်ခက်ကြီး ဖြစ်သွားကာ

"ချစ်တယ်သဒ္ဒါရယ်"

"အို"

သဒ္ဒါကြည်ဖြူမှာ မယုံနိုင်အောင် ဖြစ်နေရသည်။ သူမ တစ်ကိုယ်လုံး မွှန်းကြပ်ပိတ်လှောင်သွားရသည့်အထိ မိုးစွေထံမှ





အနမ်းတွေက သူမမျက်နှာလေးအနှံ့ ရောက်ရှိလာရသည်။

"အို…လွှတ်…လွှတ်၊ ရှင်ဘာလုပ်၊ အို"

စကားဆုံးအောင်ပင် သူမအား ပြောခွင့်မပေးပါတော့။ သူမတစ်ကိုယ်လုံး မိုးစွေ၏ ရင်ခွင်ကျယ်ကျယ် နွေးနွေးကြီးထဲတွင် လှုပ်မရအောင် တုပ်နှောင်ချည်ထားခြင်းခံရပြီး သူ့ထံမှ အနမ်းတွေ ကလည်း သူမရင်ကို တုန်လှုပ်ချောက်ချား နွေးလိုက်ဖို့စေရသည့် အဖြစ်။

"သိပ်ချစ်တယ်၊ ကိုယ့်ဘဝမှာ သဒ္ဒါဟာ မေ့မရတဲ့ ကိုယ့်အချစ်ဆုံးမိန်းကလေးပါပဲဗျာ"

"လွှတ်ပါ ကိုမိုးစွေ၊ သဒ္ဒါကိုလွှတ်ပါ"

"ကိုမိုးစွေ…ရှင်နော် လွှတ်ဆိုတာ ပြောနေတာမရဘူး လား၊ သဒ္ဒါ သဒ္ဒါ တကယ်အော်လိုက်မိတော့မယ်နော်"

ခပ်တိုးတိုး ထွက်ပေါ်လာသည့် သူမစကားသံလေး ကြောင့် မိုးစွေသည် ချစ်ရသူကို တင်းတင်းပွေ့ဖက်ထားရင်းက နှစ်မြတ်နိုးမှုတွေ ဝေဆာစွာနှင့် သဒ္ဒါကြည်ဖြူမျက်နှာလှလှလေးကို အပြုံးဟဟနှင့် ကြည့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုချစ်လား သဒ္ဒါ"

"အို ရှင် လွှတ် လွှတ်၊ ဘာတွေမေးနေတာလဲ"

"ဟင့်အင်း၊ လွှတ်စေချင်ရင် ကိုယ့်ကိုချစ်တယ်လို့ပြော"

"ရှင် ဒါ အကြပ်ကိုင်တာလား ကိုမိုးစွေ၊ ဒါဆိုရင်တော့ သဒ္ဒါ့အချစ်ကို ရှင်ရမှာမဟုတ်ဘူး"

"ဘာလဲ သဒ္ဒါက ကိုယ့်အချစ်ကိုမယုံလို့လား"

"ရှင်နဲ့သဒ္ဒါကြားမှာ အချိန်တစ်ခုလိုနေတာတော့အမှန်ပဲ ကိုမိုးစွေ"

"ကိုယ်ကတော့ ဒါဟာ မလိုအပ်ဘူးလို့ထင်တာပဲ၊ ကိုယ့်နှလုံးသားက ကိုယ်ချစ်တဲ့သူကို အသေအချာသိပြီးနောက်မှာ တစ်ယောက်နဲ့တစ်ယောက် အချိန်ဆိုတာကို စောင့်နေဖို့မလိုဘူးလို့ ကိုယ်ထင်တယ်"

သူ့စကားကြောင့် သဒ္ဒါကြည်ဖြူမှာ မျက်နှာလှလှလေး မဲ့သွားရပြီး

"ရှင် တော်တော်လည်း ကိုယ့်ဘက်ကိုယ်ယက်တတ်ပါလား ကိုမိုးစွေ"





"သဒ္ဒါက ကိုယ့်ကို လိပ်လို့ပြောချင်တာလား"

"ဟုတ်တယ်"

"ပြောစမ်းပါ သဒ္ဒါ၊ ကိုယ်ချစ်သလို မင်းလည်း ကိုယ့်ကို …င်ပါတယ်ဆိုတာ"

ရှန်းပါသော်လည်း မရနိုင်သည့်အဆုံး အရှုံးပေးလိုက်ရ …ည့် သူ့ရင်ခွင်ထဲမှ သူမ၏ တွန်းထိုးရုန်းကန်မှုများ ငြိမ်သက် …းရသော သဒ္ဒါကြည်ဖြူသည် သူ့ရင်ဘတ်ကြီးကို သူမလက် …းနှင့် တွန်းထောက်ထားလိုက်ရင်းက

"မိန်းကလေးတစ်ယောက်ဆီက အချစ်ကို ရှင် ဒီလိုနဲ့ …ယ်လွယ်ရလိမ့်မယ်လို့ ထင်နေရင် မှားမှာပေါ့ ကိုမိုးစွေ၊ ရှင် …ဒါ့ကို တန်ဖိုးထားတယ်ဆိုရင် သဒ္ဒါကို စဉ်းစားခွင့်ပေးပါ"

ရင်မှာမောလျှမှုတွေကို သူ မသိရလေအောင် ထိန်းချုပ်ရင်း … အတည်ငြိမ်ဆုံး စကားသံနှင့် ဆိုလိုက်တော့

"အဲဒီအတွက် ကိုယ် သဒ္ဒါကို အချိန်ဘယ်လောက်ပေးရ …လဲ၊ အေးဗျ ကိုယ်က စိတ်မြန်ကိုယ်မြန်သမားမို့ သဒ္ဒါကို အချိန် …းများတော့ ပေးနိုင်မှာမဟုတ်ဘူးနော်"

www.burmeseclassic.com



"အချစ်ဆိုတာကို ကိုယ်တိုင်သိလာတဲ့ အချိန်အထိပေါ့"

"သဒ္ဒါစကားကို နားထောင်ရတာ ကိုယ့်အတွက် အချိန်တွေကြာမယ့်ပုံပဲ၊ ဟာကွာ အဲဒီလိုတော့ ကိုယ်မစောင့်နိုင်ဘူး မထူးဘူးကွာ သဒ္ဒါကိုယ့်ကို ခုတစ်ခါတည်းပဲ အဖြေပေးလိုက်တော့"

"ရှင်နော် သဒ္ဒါ ပြောပြီးပြီမဟုတ်လား၊ ခုလို ဖွတ်တိုးအကျပကိုင်နေမယ်ဆိုရင်တော့ ရှင် သဒ္ဒါအချစ်ကို ရမှာမဟုတ်ဘူး"

"ဟင်း"

ရေ့ဆက်စကားပြင်တော့မည့်ဟန် မရှိသည့် သဒ္ဒါကြည်ဖြူ ၏ မျက်နှာတည်တည်လေးကြောင့် မိုးစွေမှာ စိတ်မောလူမောကြီး ဖြစ်သွားရပြီးနောက် စိတ်ကို လျှော့ချလိုက်ဟန် သဒ္ဒါကြည်ဖြူ မျက်နှာလေးကို စိုက်ကြည့်လိုက်တော့

"သဒ္ဒါကိုလွှတ်ပါ၊ တော်ကြာ ကိုလေးအလုပ်ကပြန်လာတော့မယ်၊ ရှင်နဲ့သဒ္ဒါကို ခုလိုတွေ့သွားရင် ကိုလေး စိတ်ဆိုးလိမ့်မယ်သိလား"

သဒ္ဒါကြည်ဖြူမှာ နောက်ကြောင်းမအေးသလို သူမတို့





အဖြစ်အား အလုပ်မှပြန်လာမည့် ရဲထွဋ်မြင်သွားမှာကို စိုးရိမ်ထိတ်လန့်ဟန်လေးနှင့် ပြောတော့

"တွေ့သွားလည်း ဘာဖြစ်လဲဗျာ၊ စိတ်ဆိုးတော့လည်း အဖြစ်မှန်ကို ပြောပြီး တောင်းပန်လိုက်ရုံပဲပေါ့၊ ကဲ ပြောပါဦး သဒ္ဒါ ကိုယ့်ကိုဘယ်တော့ အဖြေပေးမလဲဆိုတာ"

ပူဆွေးသောလေက သူမပါးပြင်နုနုထက် ရှပ်ပြေးသွားရသည်။ ထိုအခါ သဒ္ဒါကြည်ဖြူသည် သူမမျက်နှာလေးကို လွှဲပစ်လိုက်ပြီး

"သဒ္ဒါကို စိတ်ညစ်အောင်မလုပ်ပါနဲ့၊ ရှင့်ကို သဒ္ဒါ ပြောခဲ့ပြီးပြီပဲ"

"အဲ့လောက်တော့ ကိုယ်မစောင့်နိုင်ဘူးကွာ၊ ကိုယ့်ကို ဘာလို့ အဲလောက်ထိ သဒ္ဒါ ရက်စက်ရတာလဲ"

"ရှင်နော်...ရက်စက်တာက ဘယ်သူလဲ"

"ကြည့်စမ်း မင်းလေးနော် မင်းစကားက ကိုယ်ကပဲ ရက်စက်နေသလို"

"မဟုတ်လို့လား၊ မိန်းကလေးတစ်ယောက်ကို ဖွတ်ရေ



www.burmeseclassic.com

www.burmeseclassic.com



အတင်းပဲ ချစ်အဖြေတောင်းနေတာဟာ အဲဒီမိန်းကလေးအပေါ်မှာ ရက်စက်တာနဲ့ အတူတူပဲမဟုတ်လား''

''မင်းက ကိုယ်ထင်တာထက် ပိုပြီးစကားတတ်တဲ့ မိန်းကလေးပဲ၊ ကောင်းပါပြီဗျာ ဒါဆိုလည်း သဒ္ဒါအလိုကျပါပဲ၊ သဒ္ဒါကို ချစ်မှတော့ သဒ္ဒါအလိုကျပဲ ကိုယ်လိုက်လျောရမှာပေါ့၊ ကိုယ့်ဆန္ဒသာဆိုရင်တော့ ကိုယ်ချစ်တဲ့ သဒ္ဒါကို ခုချက်ချင်းပဲ လက်ထပ်လိုက်ချင်တော့တယ်''

သူ့စကား သဒ္ဒါကြည်ဖြူ မျက်ဝန်းလေး ပြုံးကျယ်ဝိုင်းစက်သွားရပြီး...

''ရှင်နော် စကားကို ဘယ်လိုပြောလိုက်တာလဲ၊ လူကို ဟင်းရွက်ကန်စွန်းများ မှတ်နေလား''

''အဟွန်း မမှတ်ပါဘူးဗျာ၊ မမှတ်လို့လည်း သဒ္ဒါဆီက ချစ်အဖြေကို မောင်တောင်းနေတာပေါ့''

''ပြောထားပြီးပြီပဲရှင်၊ ကဲ သဒ္ဒါကိုလွှတ်ပါ၊ တော်ကြာ ကိုလေးပြန်လာတော့မယ်''

''ကိုယ့်အတွက်အဖြေကိုတော့ သဒ္ဒါ အမြန်ဆုံးစဉ်းစား





ပါနော်''

''အင်း''

''ဟင်း သဒ္ဒါရယ်''

ရင်ခွင်ထဲက ချစ်သူကိုယ်နွေးနွေးလေးကို မိုးဗွေမှာ မလွှတ်ချင်ပါသော်လည်း မဖြစ်သည်မို့ သက်ပြင်းမောနှင့်သာ သူ့မမျက်နှာလှလှလေးထက် အနမ်းတစ်ပွင့် ခြွေချရင်း ဖြေလွှတ်ပေးလိုက်သည်။

သဒ္ဒါကြည်ဖြူမှာ သူ့ရင်ခွင်ထဲက လွှတ်သည်နှင့် သူ့မကိုယ်လေးကို သူနှင့် ခပ်ဝေးဝေးတွင် ရပ်လိုက်ပြီးနောက် သူ့အားရှက်အားပိုစွာ မျက်နက်ဝန်းရူးရူးလေးနှင့် စိုက်ကြည့်ရင်း...

''ရှင်ပြန်ပါတော့''

''သဒ္ဒါရယ်''

''ပြန်ပါ ကိုမိုးဗွေ၊ ကိုလေးလာရင် သဒ္ဒါတို့ကို တစ်မျိုးထင်လိမ့်မယ်''

''သဒ္ဒါ ကိုလေးကိုသိပ်ချစ်တာပဲလားဟင်''

''ချစ်တာပဲ၊ သဒ္ဒါအစ်ကိုပဲဟာ''

''အဟွန်း...ဒါဖြင့် ကိုယ့်ကိုရော''



www.burmeseclassic.com

www.burmeseclassic.com



“အို…ရှင်နော်”

“အဟွန်း…ဟွန်း…ဟွန်း”

ရှက်သွေးဖြာသွားသည့် ချစ်ရသူလေး သူ့အနားက ပြေးထွက်သွားသည်ကို မချင့်မရဲစိတ်နှင့် ငေးစိုက်ကြည့်ရင်း မိုးစွေသည် ချစ်သူ၏ ကလေးဆန်မှုအား ချစ်အားပိုစွာ အသည်းယားစွာဖြင့် ကြည့်လျက် သွားစွယ်ဖွေးဖွေးလေးများ ပေါ်အောင်ပင် နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်မိပါသည်။

ဦ ဦ ဦ



## အခန်း (၆)

သဒ္ဒါကြည်ဖြူတစ်ယောက် ခုတလော နေရသည်မှာ စိတ်မှာ မရွှင်ပြနိုင်ပါ။ သူမစိတ်တွင် တစ်စုံတစ်ရာအတွက် နောက်ဆံမအေးနိုင်သလို သူမ၏ လွတ်လပ်ခွင့်တွေကိုပင် တစ်ဦးတစ်ယောက်က ချုပ်နှောင်ထားသလိုလိုနှင့် စိတ်မှာ မွန်းကြပ်ကြပ်ကြီး ဖြစ်နေရသည်ကအမှန်။

ဒါတွေအားလုံး၏ အဓိကတရားခံသည် တစ်ဖက်ခြံမှ အင်ဂျင်နီယာလေး ကိုမိုးစွေကြောင့်ပင် ဖြစ်ပါသည်။

သူ့အကြောင်းတွေးမိတော့ သူမစိတ်မှာ ကတုန်ကယင်ကြီးနှင့် သိမ့်ခနဲ လှုပ်ရှားသွားရသလို

တစ်ဆက်တည်း သူမကိုယ်သူမလည်း အားမလိုအားမရ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်သွားသည်။

ပြောရလျှင် သဒ္ဒါကြည်ဖြူသည် သူမကိုယ်သူမလည်း ဒီလိုခံစားမှုမျိုး မကြုံကြက်ပါ။

ကိုလေးကလွဲပြီး တခြားဘယ်ယောကျ်ားတစ်ယောက်အတွက်မှ မခံစားခဲ့ရဖူးသော သဒ္ဒါကြည်ဖြူတစ်ယောက် ခုတော့ ကိုမိုးစွေကြောင့် သူမနှလုံးသားလေး လှုပ်ခါတုန်လှုပ်ခဲ့ရသည့်အဖြစ်။

ချစ်ပါသည်ဆိုသော စကားဖြင့် သူမအား ပိုင်စိုးပိုင်နင်းဆန်စွာ ချစ်သူတစ်ယောက်လို ပြုမူဆက်ဆံခဲ့သော သူ့ကို သဒ္ဒါကြည်ဖြူ မုန်းလိုက်ချင်ပေမယ့် မုန်းလို့မရသည်က ဘာကြောင့်ပါလိမ့်။

သေချာသည်ကတော့ သူမသည် ကိုမိုးစွေဆိုသည့် အချစ်လှုကြမ်းကြီးကို ရင်ခုန်စိတ်လှုပ်ရှားကြောက်ရွံ့မှုတွေနှင့် သတိရနေခြင်းပင်ဖြစ်သည်။

ဘုရားရေ။

သဒ္ဒါကြည်ဖြူ သူ့ကိုချစ်များချစ်နေမိပြီလား။ သဒ္ဒါကြည်ဖြူသည် သူမခံစားမှုအတွက် သူမကိုယ်သူမ အားမလိုအားမရဖြစ်ရ





သည့်အပြင် ရှက်ရွံ့ဒေါသစိတ်တို့ကလည်း ရင်မှာ ခပ်ကျိတ်ကျိတ်ဖြစ်ပေါ်လာရလေသည်။

အတိတ်မေ့ဝေဒနာခံစားနေရသော သဒ္ဒါကြည်ဖြူသည် သူမကိုယ်သူမ အချစ်ဆိုတာကိုလည်း မခံစားဖူးသူတစ်ယောက်လို့ ထင်မှတ်နေလေ၏။

ထိုသို့ထင်မှတ်ရခြင်းမှာလည်း သဒ္ဒါကြည်ဖြူအား ရဲထွန်းအပါအဝင် အိမ်ရှိလူအားလုံးလိုလိုက သူမအား အတိတ်မေ့ဝေဒနာသည် တစ်ယောက်အဖြစ် ဘယ်သူမှ မပြောခဲ့ပါပေ။

သို့သော်

တစ်နေ့ အကြောင်းတိုက်ဆိုင်၍ အတိတ်မှအဖြစ်များ သူမပြန်လည်သတိရလာမည့်အဖြစ်ကိုလည်း ရဲထွန်းနှင့်တကွ အားလုံးမျှော်လင့်နေသည်မှာ ပြောဖွယ်မရှိ။

စိတ်သစ် လူသစ်နှင့် ဘဝသစ်တွင် သဒ္ဒါကြည်ဖြူသည် သူမကိုယ်သူမ အချစ်နှင့် ထိတွေ့ထားဖူးခြင်းမရှိသည့် သူတစ်ယောက်လို ရင်ခုန်စိတ်လှုပ်ရှားနေသည့်အဖြစ်က မိုးစွေကြောင့်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကဆိုလျှင် တစ်အိမ်လုံး သူမအသံလေးများဖြင့် ချိုလွင်သာယာနေတတ်ပေမယ့် အခုတော့ဖြင့် သူမသည် သိသိသာသာ ငြိမ်သက်နေသည်မှာ တစ်အိမ်လုံးရှိ လူတွေပင် သတိထားမိရသည့်အဖြစ်။

တကယ်တော့ သဒ္ဒါကြည်ဖြူ ထိုသို့ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင်ဖြစ်သည်။ နေ့ရက်လေးတွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာရတာနှင့်အတူ သဒ္ဒါကြည်ဖြူတစ်ယောက်မှာလည်း အင်ဂျင်နီယာလေး မိုးစွေအား အဖြေပေးရန်အချိန်က နီးကပ်လာရပြီဖြစ်သည်။

သူမအနေနှင့် ထိုအဖြစ်သည် ရှောင်လွှဲလို့ရသည့် အဖြစ်မဟုတ်ပါ။ မိုးစွေဆိုတာ သူဖြစ်ချင်တာကို ဖွတ်ရေအတင်းပါ လုပ်တတ်သည့်လူ။

သည်လိုလူတစ်ယောက်ကို သူမ ရှောင်နေဖို့ဆိုတာ နည်းနည်းမှ မလွယ်ကူသည့်အဖြစ်။ သူလိုချင်သည့်အဖြေကို အနူးနည်းနှင့် ရလျှင်ရ မရပါလျှင်လည်း အကြမ်းနည်းနှင့်ယူရန် ဝန်လေးတတ်သူ မဟုတ်တာက အင်ဂျင်နီယာလေး မိုးစွေပင်ဖြစ်သည်။





တွေ့ကြဆုံကြသည့်အချိန်က ဘာမှမကြာသေးဆိုပေမယ့် သူ့အကြောင်းကိုတော့ဖြင့် သူမ သိသင့်သလောက် သိနေရပြီဖြစ်သည်။

သိ၍လည်း သူမ စိတ်ညစ်နေရခြင်းဖြစ်ပါသည်။ သဒ္ဒါကြည်ဖြူမှာ သူမကိုယ်သူမလည်း အကြိမ်ကြိမ် ပြန်၍မေးနေမိပါသည်။ သူမသည် သူ့ကို ချစ်များချစ်နေမိပြီလား။

အတွေးနှင့်အတူ နှလုံးသားတစ်ခုလုံး ဖျတ်ဖျတ်လှိုက်ခုန်သွားရသည်။

မျက်ဝန်းလေးကို ယောင်ရမ်းကာ မှိတ်လိုက်ပြန်တော့ သူ့ရုပ်သွင်ချောချောကြီးက ပေါ်လာရပြန်၏။

သည်နောက် သူနမ်းရှိုက်ခဲ့သည့် ပါးပြင်လေးကို သူမ လက်လေးနှင့် ခပ်ဖွဖွကိုင်လိုက်မိသည်။

"ကိုမိုးစွေရယ် ရှင် သဒ္ဒါ့ဘဝထဲကို ဝင်မလာပါနဲ့လား ရှင်"

သဒ္ဒါကြည်ဖြူသည် သူမကိုယ်သူမ ဝေခွဲမရ ရင်မှာဝမ်းနည်းစိတ်တို့နှင့် တစ်စုံတစ်ရာအတွက် ရင်မှာ ထိခိုက်ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရသလို နှာကျင်မောလျသော ရင်အစုံဖြင့် မိုးစွေမျက်နှာချော ကြီးကို မြင်ယောင်ရင်း စိတ်မှာ ကျိတ်ဆိုလိုက်မိသည်။

ရင်မှာတော့ သူ့အနမ်းတွေအတွက် ကတိမ်းကပါးကြီး နေရုံမက ရင်ခုန်သံတွေ ကသောင်းကနင်း ဖြစ်နေရသေးသည် လည်း သူသိမည်မဟုတ်သလို သိရန်လည်း လိုမည်မဟုတ်

အကြောင်းမှာ

သူမသည် ဘာရယ်အကြောင်းမရှိပါဘဲ သူ့အားချစ်ရ ကို အလိုလိုပင် ကြောက်ရွံ့နေမိသောကြောင့်ဖြစ်သည်။

"ဟင်"

ရင်မှာအဖြေရှာမရလေတိုင်း သဒ္ဒါကြည်ဖြူမှာ သက် မောတွေချခဲ့ရသည်ကလည်း အကြိမ်ကြိမ်မကတော့။

ခုရက်တွေမှာ သဒ္ဒါကြည်ဖြူအတွေးထဲ ဒီအကြောင်း သာ စိုးမိုးနေရာယူထားသည်မို့ စိတ်နှင့်ကိုယ်သည် လွတ်သ နေရကာ ကိုယ်စိတ်နှစ်ပါးသည်လည်း ညှိုးနွမ်းနေရသည်က အ

သို့တိုင် သူမမျက်ဝန်းထဲမှာတော့ မိုးစွေ၏ မျက်နှာ ချောကြီးက ဘယ်လိုမှ ဖျောက်ဖျက်မရပါ။





သူမ သူ့ကို တကယ်ပဲ ချစ်နေမိပြီလား။ ဟင့်အင်း မဟုတ်သေးပါဘူး။ ငါ ငါ သူ့ကိုချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ကိုမိုးစွေဟာ ချောတယ်။ ယောကျ်ားပီသတယ်။ အနေအထိုင်တည်ကြည်တယ်။ ပြီးတော့ သူ့မှာ ဂုဏ်ရှိတယ်။ ပစ္စည်းဥစ္စာဆိုတာကလည်း ပြည့်စုံတဲ့လူတစ်ယောက်။ သူဟာ မိန်းကလေးတွေသဘောကျလောက်တဲ့ သူဆိုလည်း မမှားဘူး။ သူ့ကြောင့် ငါ စိတ်လှုပ်ရှားမိတာတော့အမှန်ပဲ။ ဒါပေမယ့် ငါ ငါ သူ့ကိုချစ်လို့မရသလိုဘဲ။ ကိုလေးကကော ငါ့ကို သူနဲ့သဘောတူပါ့မလား။ အို မဖြစ်ပါဘူးလေ။ ကိုလေးကလည်း ဒီကိစ္စကို လုံးဝသဘောတူမှာမဟုတ်ဘူး။ ငါကိုယ်တိုင်ကရော အို ဟင့်အင်း မဖြစ်နိုင်ပါဘူးလေ။ ကိုလေးက ငါ့ကိုသိပ်ချစ်တာ။ ဘာပဲဖြစ်ဖြစ် ငါ့ကြောင့်နဲ့တော့ ကိုလေးကို စိတ်မဆင်းရဲစေချင်ဘူး။ ငါ ငါ သူ့ကိုမေ့လိုက်တော့မယ်။

ချောမောခန့်ထည်သော မိုးစွေ၏ အသွင်ချောချောကြီးကို သဒ္ဒါကြည်ဖြူသည် မေ့လို့ရအောင် အတင်းပင် ဖျောက်ဖျက်ပစ်လိုက်သည်။

ထိုစဉ်

"သဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



''အမေ့''

''ကြည့်စမ်း ဘာတွေစဉ်းစားနေလို့ ကိုလေးခေါ်သံ
ဒီလောက်လန့်သွားရတာလဲ''

အနားသို့ရောက်လာကာ သူမပခုံးလေးကို ဆုပ်ကိုင်လို
သော ရဲထွဋ်ကြောင့် အတွေးများနှင့်ရှိနေရသော သဒ္ဒါကြည်ဖြူကို
လေးမှာ ဆတ်ခနဲ လန့်တုန်သွားရသည်။

ရဲထွဋ်စကားကြောင့် သဒ္ဒါကြည်ဖြူမှာ အစ်ကိုဖြစ်သူရဲထွ
အား ခပ်ပြုံးပြုံးလေး မော့ကြည့်ရင်း

''ကိုလေးပြန်လာပြီလား''

''ဟုတ်ပါ့ဗျာ၊ ကဲ ပြောစမ်းပါဦး ကိုလေးပြန်လာတာ
မသိရအောင် ခင်ဗျားလေးမှာ ဘာတွေဒီလောက် စဉ်းစားစရာရှိ
လို့လဲဆိုတာ''

ရင်မှာ နင့်သည်းစွာချစ်ရသည့် ချစ်သူချောကို မြတ်နိုး
တွေနှင့်ကြည့်လျက် မွေးညှင်းစိမ်းလေးများ လက်နေသေ
လက်မောင်းသားဝင်းဝင်းအိအိလေးကို ရဲထွဋ်သည် မချင့်မရဲ
ဖျစ်ညှစ်ဆုပ်ကိုင်ကာ မေးလိုက်တော့

''အဟင်း ဟင်း ကိုလေးကလဲ သဒ္ဒါက ဘာတွေစဉ်း





မှာလဲလို့''

ပြောရင်းက ရဲထွဋ်လက်မောင်းကြီးကို သဒ္ဒါကြည်ဖြူသည်
သူမလက်လေးနှင့် ဖက်တွယ်လိုက်လေ၏။

ချစ်သူ၏ ကြင်နာနွေးထွေးမှုနှင့် ဝေးကွာနေရသည်မှာ
ကြာ ပြီဖြစ်သော ရဲထွဋ်မှာ သဒ္ဒါကြည်ဖြူအား ချစ်အသည်းယားစွာ
သူမနဖူးလေးကို သူ့လက်သီးဆုပ်နှင့် မနာအောင် ထုလိုက်ပြီး

''သိနိုင်ဘူးလေဗျာ၊ သဒ္ဒါမှာလည်း စဉ်းစားစရာတွေများ
နေပြီလားလို့ပေါ့''

ရဲထွဋ်သည် ပြောလည်းပြော သူ့အကြည့်စူးစူးတို့ကလည်း
သဒ္ဒါကြည်ဖြူအား အကဲခတ်သလို ကြည့်နေလိုက်လေသည်။

တကယ်တော့ ရဲထွဋ်တစ်ယောက် သဒ္ဒါကြည်ဖြူအပေါ်
လိုမျိုး အကဲခတ်သည့် အကြည့်မျိုးနှင့် ကြည့်နေသည်မှာ သူမ
ာနာဒီပခြံကြီးထဲကို ရောက်ကတည်းကဖြစ်သည်။

အတိတ်မေ့ဝေဒနာသည်လေး ဖြစ်နေရရှာသော အချစ်ရ
း ချစ်သူလေး သဒ္ဒါကြည်ဖြူကို ရဲထွဋ်သည် နေ့ရက်အချိန်တိုင်း
တိတ်မှ သူမမေ့နေသည့် အဖြစ်များကို ပြန်၍သတိရလာနိုးနိုးနှင့်
ရတစိုက် စောင့်မျှော်အကဲခတ်ကြည့်နေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့်ပတ်သက်ကာ သူ၏ မျှော်လင့်ချက်မှာ ချစ်ရတဲ့ သဒ္ဒါကြည်ဖြူ အတိတ်ကို ပြန်၍သတိရရန်ပင်ဖြစ်သည်။

ခုချိန်မှာတော့ သဒ္ဒါကြည်ဖြူသည် သူထင်သလို သူမျှော်လင့်သလို ဖြစ်မလာခဲ့သေးပါ။ တစ်နေ့ တစ်နေ့နေ့မှာတော့ဖြင့် သဒ္ဒါရယ်။

လေးနက်သောခေါ်သံဖြင့် ရဲထွဋ်ချစ်သူအမည်လေးအား ရင်မှာ တမ်းတမ်းတတ နက်နက်ရှိုင်းရှိုင်းကြီး ခေါ်ညည်းမိလိုက်ပါတော့သည်။

"ကိုလေး"

"ဗျာ"

"ဟင် ကိုလေးကလည်း သဒ္ဒါကို မမြင်ဖူးတဲ့အတိုင်း ကြည့်နေလိုက်တာ"

မိုးစွေနှင့်ပတ်သက်ကာ နဂိုကမှ စိတ်မှာ မလုံမလဲဖြစ်နေရသော သဒ္ဒါကြည်ဖြူမှာ ရဲထွဋ်ထံမှ သူမအား အကဲခတ်သလိုကြည့်နေသော အကြည့်စူးစူးကြီးကြောင့် မနေတတ်တော့သလို မဝံ့မရဲလေး မေးလိုက်သည်။





ထိုအခါ ရဲထွဋ်သည် အကြည့်များ လွန်သွားရသည့်အဖြစ်ကို သူသတိရသွားရပြီး

"အဟွန်း သဒ္ဒါကိုကြည့်နေတာ တခြားမဟုတ်ဘူးဗျ၊ က်တွေ ကိုလေးသတိထားမိသလောက် သဒ္ဒါ မျက်နှာလေးညှိုးသလိုလို၊ ပြောစမ်း သဒ္ဒါဘာဖြစ်နေလဲဆိုတာ"

ရဲထွဋ်စကားကြောင့် သဒ္ဒါကြည်ဖြူ မျက်နှာပျက်သွားရပြီး

"ဟင့်အင်း သဒ္ဒါဘာမှမဖြစ်ပါဘူး၊ ကိုလေးစိတ်ထင်လို့ "

"ဟုတ်ရဲ့လားဗျာ ကိုလေးက သဒ္ဒါကို အမြဲအရိပ်လို ကြည့်နေတဲ့သူနော်၊ သဒ္ဒါကိုကြည့်ရတာ အရင်ကနဲ့မတူတာ အမှန် "

သူမအား အရိပ်လိုကြည့်နေတတ်သော ရဲထွဋ်ကို သဒ္ဒါ ကြည်ဖြူ ညာဖို့မလွယ်လှပါ။ သို့သော် အမှန်ကိုဝန်ခံဖို့ရာလည်း လွယ်လှသည်မို့

"ကိုလေးကလဲ သဒ္ဒါ ဘာမှမဖြစ်ပါဘူး၊ ကဲ ကိုလေး ပွင့်ကပြန်လာတယ်မဟုတ်လား၊ အဝတ်အစားလဲ သဒ္ဒါ ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ ထမင်းပွဲပြင်လိုက်မယ်''

အကဲခတ်သလိုကြည့်နေသော စူးရှတောက်ပလွန်းသည့် ရဲထွန်းအကြည့်များအောက်တွင် ဆက်လက်ရပ်တည်နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့သည်မို့ သဒ္ဒါကြည်ဖြူမှာ သူ့မျက်စိရှေ့အောက်က ရှောင်ထွက်ရန်အပြင်

''နေဦးသဒ္ဒါ''

''ဟင်''

''ထမင်းပွဲမပြင်နဲ့တော့ ဒီနေ့ည အစ်ကိုလေးနဲ့သဒ္ဒါ အပြင်ကိုသွားစားမယ်''

''ကိုလေးကလည်း အိမ်မှာ ဟင်းတွေချက်ထားတာ နှမြောစရာကြီး''

မိန်းကလေးပီပီ သဒ္ဒါကြည်ဖြူမှာ နှမြောစွာဆိုလိုက်တော့ ရဲထွန်းမှာ ချစ်သူလေး၏အဖြစ်ကို သဘောကျသွားပြီး

''ဘာဖြစ်လဲကွာ ထားခဲ့ပါ၊ ကိုလေးနဲ့သဒ္ဒါ အခုလို အပြင်ထွက်ပြီးမစားရတာ ဘယ်လောက်ကြာပြီလဲ၊ ကဲ သဒ္ဒါ အဝတ်အစားလဲခဲ့လိုက်၊ ကိုလေး အောက်မှာစောင့်နေမယ် ဟုတ်





သား''

ချစ်မြတ်နိုးမှုတွေကို ရင်မှာဖုံးဖိ၍မရသလို ရဲထွန်းမှာ သဒ္ဒါကြည်ဖြူ ပါးနုနုလေးကို သူ့လက်နှင့် ဖျစ်ညှစ်ကာပြောလိုက်တော့

''အား နာတယ်ကိုလေး''

''ဆောရီး ဆောရီး၊ သိပ်နာသွားလား သဒ္ဒါ''

''ဟင့်အင်း''

''ဟာကွာ ဒီကောင်မလေးတော့''

ရဲထွန်းမှာ ဒီထက်ပို၍ စကားမဆိုဖြစ်တော့ပါ။ အကြောင်းမှာ သဒ္ဒါကြည်ဖြူ၏ တမင်ပင် အမူပိုလျက် ဆိုလိုက်သည့်စကားကို ရဲထွန်းသည် တကယ်ထင်မှတ်ကာ စိုးရိမ်သွားသည်ကိုကြည့်ပြီး သဒ္ဒါကြည်ဖြူ သဘောတကျရယ်လျက် သူ့အနားက အပြေးလေး ထွက်လာရသောကြောင့်ဖြစ်သည်။

ရဲထွန်းမှာတော့ ချစ်သူလေး၏အဖြစ်ကို သဘောတကျနှင့် မချင့်မရဲဖြစ်ကျန်ခဲ့တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

အကောက်ခွန်အရာရှိလေး ရဲထွဋ်၏ အကြည့်များက သဒ္ဒါကြည်ဖြူနှင့် စကားပြောနေသော လူရွယ်ထံ အကြည့်များ စူးစူးစိုက်စိုက် မလွှဲတမ်း စိုက်ကြည့်ရင်း ရင်အစုံသည် နိမ့်ချည်မြင့်ချည်နှင့် ဖြစ်လာရသည်။

ကြည့်စမ်း။ သဒ္ဒါနဲ့စကားပြောနေတဲ့လူက ဘယ်သူပါလိမ့်။ သဒ္ဒါကလည်း အပြုံးလေးနဲ့ စကားတွေဆိုနေလိုက်တာငါ့ကိုတောင် မမြင်ဘူး။ ဟိုလူလည်း သဒ္ဒါမျက်နှာလေးကိုကြည့်နေလိုက်တာများ တောက်။

ကြည့်နေရင်းက ရင်မှာနာလို ခံခက်မှုတွေနှင့်အတူ ရဲထွဋ်သည် ထိုမြင်ကွင်းကို ဆက်လက်ကြည့်နိုင်စွမ်းမရှိတော့သလိုမျိုး





ဆံကြောကြီးများ ထောင်ကားလာသည်အထိ အံကိုတင်းတင်းကြိတ်ကိုက်မိလေသည်။

သူကြည့်နေသည်ကိုဖြင့် သဒ္ဒါကြည်ဖြူနှင့် မိုးစွေမှာ မသိပါပေ။ မမြင်မတွေ့ရတာကြာပြီဖြစ်သော သဒ္ဒါကြည်ဖြူကို တွေ့ခွင့်ရခိုက်မှာ သူသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ သူမနှင့်မျက်နှာချင်းဆိုင်ကာ ရင်မှစကားများကိုပြောရန် ကြိုးစားနေခြင်းဖြစ်သည်။

"သဒ္ဒါ"

"ရှင်"

သဒ္ဒါကြည်ဖြူ အသံလေးမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေရသည်။ တကယ်တော့ သဒ္ဒါကြည်ဖြူ စိတ်ညစ်နေရပါသည်။ သဒ္ဒါအား ချစ်ရေးဆိုကာ ချစ်သူတစ်ယောက်သဖွယ် ပြုမူနမ်းရှိုက်ခဲ့ပါသောသူကို သဒ္ဒါကြည်ဖြူသည် တွေ့ရမည် ဝန်လေးကြောက်ရွံ့သောကြောင့် သူနှင့်မတွေ့အောင် အတတ်နိုင်ဆုံး ကြိုးစားနေသည့်ကြားက ရှောင်လွှဲလို့မရ သူနှင့်လာဆုံနေရသည့်အဖြစ်။

သဒ္ဒါကြည်ဖြူသာ ခြံထဲဆင်းမလာခဲ့ပါလျှင် ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးကိုသာ စောင့်မနေခဲ့ပါလျှင် သူမသည်လည်း ခုလို သူနှင့် ရင်ဆိုင် ကြုံတွေ့ရမည်မဟုတ်ပါ။

ခုတော့

''သဒ္ဒါ ကိုယ်ခေါ်နေတယ်လေ''

''ဟင် ရှင်၊ ဘာလဲ''

သဒ္ဒါကြည်ဖြူမှာ အယောင်ယောင်အမှားမှားဖြင့် ဆိုလိုက်တော့ မိုးစွေမှာ သူမမျက်နှာလှလှလေးကိုကြည့်ကာ ပြုံးလိုက်ပြီး

''သဒ္ဒါ ကတိမတည်ဘူး''

''ရှင်''

''ကိုယ့်ကိုရှောင်နေတယ်''

''အို''

ရွှန်းရွှန်းမြမြကြီး စိုက်ကြည့်လျက် မကျေမနပ်ကြီးနှယ်ပြောနေသည့် သူ့စကားများကို သဒ္ဒါကြည်ဖြူသည် ဘာမှပြန်မပြောမိပါပေ။

ရင်ထဲမှာတော့ ရှက်စိတ် ကြောက်စိတ်တွေနှင့် သဒ္ဒါကြည်ဖြူ ရင်ခုန်နှုန်းတွေမြန်နေရသည်။





''သဒ္ဒါ အဟွန်း ကိုယ့်ကို ဘာစကားမှတောင် မဆိုတော့ဘူးလားဗျာ''

မှင်သက်နေမိသည့် လူတစ်ယောက်လို သဒ္ဒါကြည်ဖြူသည် သူ့ရှေ့တွင် ခေါင်းလေးငုံ့လျက် အနေခက်သလို ရှိနေရသည်။

မိုးစွေမှာ ဝင်းဝင်းမှုန်မှုန် သဒ္ဒါကြည်ဖြူ အလှတွေကို ငေးကြည့်ရင်း

''ကိုယ်သဒ္ဒါကို ဘယ်လောက်ထိ လွမ်းနေတယ်မှတ်လဲ''

''အို ရှင် သဒ္ဒါ၊ သဒ္ဒါ သွားပါရစေတော့''

''မသွားရသေးဘူး သဒ္ဒါ''

''ဟင်''

ရှက်ရွံ့မှုတွေနှင့် သဒ္ဒါကြည်ဖြူ မျက်လုံးလေး ပြူးကျယ်သွားရသည်။ သူ သူမကို ဘာလုပ်မလို့ပါလိမ့်။

အကြည့်တွေ တည်တည်ရူးရူးကြီးနှင့် သူမအား မျက်တောင်မခတ်တမ်းကြည့်နေသော မိုးစွေအကြည့်များကြောင့် သဒ္ဒါကြည်ဖြူမှာ ရှက်ကြောက်ထိတ်လန့်မှုတွေနှင့် ခြေဖျားလက်ဖျားလေးများ အေးစက်လာရကာ



www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာကိုမိုးဇွေ ရှင်သဒ္ဒါကို ဘာပြောချင်တာလဲ''

''ဘာပြောချင်တာလဲဟုတ်လား သဒ္ဒါ၊ အဟွန်း ဒီစကား သဒ္ဒါမို့မေးမှမေးတတ်လေတယ်ဗျာ''

''ကိုယ် သဒ္ဒါကို ဘာပြောချင်တယ်၊ သဒ္ဒါဆီက ဘာ စကားကြားချင်တယ်ဆိုတာတော့ သဒ္ဒါသိမှာပါနော်''

''အို''

ပါးပြင်နုနုလေး ထူပူနီမြန်းသွားရသည်။

သည်ပုံနှင့် သူ့ရှေ့ဆက်ရပ်တည်ဖို့ဆိုတာ မလွယ်ကူသည် မို့

''ကိုမိုးဇွေ''

''ကိုယ့်ကို အဲဒီအခေါ်ပြောင်းဖို့ မစဉ်းစားတော့ဘူးလား သဒ္ဒါ''

နှုတ်ခမ်းဖူးဖူးလေးကိုက်ကာ သဒ္ဒါကြည်ဖြူ နှုတ်ဆိတ် သွားရပြန်၏။

မိုးဇွေသည် သူ့ရင်မှာ မြတ်မြတ်နိုးနိုး စုံမက်ချစ်နေရသည့် သဒ္ဒါကြည်ဖြူဆိုသည့် မိန်းမချောကိုကြည့်ကာ အားမလိုအားမ





မချင့်မရဲကြီးဖြစ်ရသည်မို့ သူမလက်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက် တော့

''အို ရှင်လွှတ်ပါ''

သဒ္ဒါကြည်ဖြူမှာ သူ့လက်ထဲက သူ့မလက်လေးကို ရုန်း ဖယ်လိုက်သည်။

သူမ၏ ငြင်းဆန်မှုကြောင့် မိုးဇွေမှာ သက်ပြင်းတစ်ချက် ချလိုက်ကာ

''ကိုယ့်ကိုချစ်တယ်လို့ပြောဖို့ ဘာလို့ရှောင်နေတာလဲ သဒ္ဒါ၊ ကိုယ်ချစ်တာ သဒ္ဒါမသိလို့လား''

''အို သဒ္ဒါ သဒ္ဒါ''

''အဟွန်း ဟွန်း ဟွန်း သဒ္ဒါရယ်၊ ကိုယ် သဒ္ဒါဆီက အဖြေကို ဘယ်လောက်မျှော်လင့်နေတယ်ဆိုတာ သဒ္ဒါသိပါတယ် ဗျာ''

လှိုက်မောဖွယ် သူ့စကားက သဒ္ဒါကြည်ဖြူရင်ကို လှုန့်လှုး သွားစေရသည်။

''သဒ္ဒါ ရှင့်ကို ပြတ်ပြတ်ပဲပြောပါရစေ''



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ့်ကိုမချစ်ဘူးဆိုတဲ့စကားကလွဲပြီး သဒ္ဒါကြိုက်တဲ့ စကားကိုပြော''

ပြောရန်စကားတွေ အလိုလိုနှုတ်ဆိတ်သွားရသည်။

''အဟွန်း သဒ္ဒါပြောလေဗျာ''

''ရှင်နော်''

ရဲပဒေါင်းခတ်နေသော မျက်နှာလေးဖြင့် သဒ္ဒါကြည်ဖြူသည် သူ့အား မကြည့်ရဲတော့ပါပေ။

မိုးစွေမှာ သူမရင်ထဲ ဘာဖြစ်နေသည်ကို နားလည်ရပုံနှင့်

''ကိုယ်အမှန်ပြောရရင် ကိုယ့်ဘဝမှာ သဒ္ဒါနဲ့မတွေ့ခင် တခြားမိန်းကလေးတွေနဲ့ ကြုံခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကိုယ် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး၊ မောင့်ဘဝမှာ မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့မိတာ သဒ္ဒါပဲ၊ သဒ္ဒါကိုပဲ မောင်သိပ်ချစ်တယ်၊ မောင်အချစ်ဆုံးက သဒ္ဒါပဲ''

သူ့စကားတွေက တကယ့်ကို လေးလေးနက်နက်။ သဒ္ဒါကြည်ဖြူသည် သူ့စကားတွေကို ငြိမ်သက်စွာ နားထောင်နေမိသည်။

''သဒ္ဒါမှာ ကိုယ်နဲ့ပတ်သက်ပြီး ဘာခံစားမှုမှ မရှိဘူးဆိုတာ ကိုယ်မယုံဘူး''

အေးတိအေးစက် သူမအမူအရာကို သဘောမကျနိုင်သလိုမျိုး သဒ္ဒါကြည်ဖြူမျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်လျက်ပြောသော ဖျတ်ခနဲကြည့်လာသည့် သဒ္ဒါအကြည့်နှင့် အကြည့်ချင်းဆုံသွားရသည်။

သဒ္ဒါကြည်ဖြူ အကြည့်လေးထဲတွင် ခံစားမှုတွေ ကင်းမဲ့နေရသလို။

''သဒ္ဒါ''

''ကိုယ့်ကို တစ်ခုခုပြောပါဦးလားဗျာ''

ပြောပါဦးတဲ့။ သဒ္ဒါကြည်ဖြူ ဘာပြောရမည်လဲ။ သူ့အား သူမချစ်ပါသည်လို့ ပြောရမလား။ ဒါမှမဟုတ် ရှင့်ကို ကျွန်မ မချစ်ပါဟုပြောရမည်လား။

အဖြေသည် သူမထံတွင် ဘာတစ်ခုမှ ရှိမနေပါ။

နှစ်ယောက်သားကြား စကားမရှိသလို တိတ်ဆိတ်သွားရသည်။ ထိုအခြေအနေကိုပင် ဆက်ပြီးသည်းခံကြည့်ဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်တော့သူက ရဲထွင်၍ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့် သူမတို့အနားကနေ မသိဟန်ဆောင်ထွက်သွားဖို့ရာဆိုတာက ဘယ်လိုမှမဖြစ်နိုင်သည့်ကိစ္စ။

သည်အပြင် သဒ္ဒါကြည်ဖြူနှင့်ရပ်ကာ စကားပြောနေသောသူသည် ဘယ်သူပါလဲဆိုတာ ရဲထွဋ်စိတ်ထဲ သိချင်စိတ်များ ပြင်းပြနေရသည်။

ပြင်းပြလာသောစိတ်တို့နှင့်အတူ ရဲထွဋ်သည် နှုတ်ခမ်းအတွင်းသားကို စေ့ကြိတ်လိုက်သည်။

သည်နောက် သူ့ခြေလှမ်းများက သူမတို့ရှိရာဆီသို့။

သူ့ခြေသံကြောင့် သဒ္ဒါကြည်ဖြူအကြည့်တွေက သူ့ရှိရာနောက်သို့ ရောက်ရှိလာကာ

"ဟင် ကိုလေး"

သဒ္ဒါကြည်ဖြူသည် ရဲထွဋ်ကို တွေ့လိုက်ရသဖြင့် မျက်နှာလေးပျက်ယွင်းသွားရသည်။

"ကိုလေး"

"သဒ္ဒါ ဘာလုပ်နေတာလဲ"

ရဲထွဋ်အကြည့်တွေက မိုးဆွေအား အကဲခတ်သလိုကြည့်





ရင်းက မေးလိုက်သည်။

သဒ္ဒါကြည်ဖြူမှာ ပျက်ယွင်းသွားရသည့် မျက်နှာလှလှလေးကို ပြင်လိုက်ပြီး

"ကိုလေးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ကိုမိုးဆွေတဲ့၊ ဟိုဘက်ခြံမှာနေတယ်လေ၊ ကိုမိုးဆွေက အင်ဂျင်နီယာတစ်ယောက်ပဲ၊ ကိုမိုးဆွေ ဒါ သဒ္ဒါ့အစ်ကို အကောက်ခွန်အရာရှိ ကိုရဲထွဋ်တဲ့"

သူ့လက်မောင်းကို ဖက်တွယ်ထားရင်းက အပြုံးလှလှလေးနှင့် သဒ္ဒါကြည်ဖြူသည် မိတ်ဆက်ပေးလိုက်သည်။

အကောက်ခွန်အရာရှိလေး ရဲထွဋ်နှင့် အင်ဂျင်နီယာလေး မိုးဆွေမှာ ပညာတတ်၊ လူယဉ်ကျေးများပီ ဣန္ဒြေရစွာပင် တစ်ဦးကိုတစ်ဦး အကဲခတ်ကြည့်ရင်းမှ အပြုံးတွေနှင့် ကိုယ်စီလက်ဆွဲနှုတ်ဆက်လိုက်ရင်းမှ

"တွေ့ရတာဝမ်းသာပါတယ် ကိုမိုးဆွေ၊ ခြံနီးချင်းမိတ်ဆွေတွေဆိုတော့ လိုအပ်တဲ့အကူအညီရှိလည်း ပြောပါ"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ကိုရဲထွဋ်၊ ကျွန်တော်လည်း ကိုရဲထွဋ်တို့နဲ့ အခုလို ခြံနီးချင်းတွေအဖြစ် ဆုံရတာ ဝမ်းသာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''အဟင်း ကိုလေးနဲ့ ကိုမိုးစွေက အခုမှဆုံကြတာနော်
သဒ္ဒါနဲ့ကတော့ ကိုမိုးစွေသိနေတာကြာပြီ ကိုလေးရဲ့၊ ခုလည်း
ကိုမိုးစွေက သဒ္ဒါကိုတွေ့လို့ နှုတ်ဆက်ရင်း စကားပြောနေတာ''

ဘယ်သူမှ ဖြေရှင်းခွင့်မတောင်းပါဘဲ သဒ္ဒါကြည်ဖြူသည်
ရဲထွဋ်အား စိတ်မှာ မလုံမလဲဟန်လေးနှင့် ရှင်းပြနေလိုက်သည်။

''အဟွန်း...ဟုတ်တယ်ကိုမိုးစွေ၊ သဒ္ဒါက ...
တစ်ယောက်ကို တွေ့ရင်ခင်တတ်တယ်၊ သူက အဖော်မက်နေတဲ့...
လေ''

''အဟင်း...ဟင်း...ဟင်း ကိုလေးကလည်း''

သူမအကြောင်း သူမရှေ့မှာတင် ပြောနေပြီမို့ သဒ္ဒါ
ကြည်ဖြူမျက်နှာရဲရဲလေးနှင့် အနေခက်သလို ရဲထွဋ်လက်မောင်း
တွင် ပါးလေးအပ်ရင်း ရှက်ယောင်ဝဲဝဲလေးဆိုလိုက်သည်။

အလှတရားတွေ အစွမ်းကုန်ဖူးပွင့်ဝေဆာနေရပါသော
အလှတွေနှင့် အပြစ်ကင်းစင်စွာ လွှန်စွာလှပနုထွေးသော သဒ္ဒါ
ကြည်ဖြူ၏ ချစ်စဖွယ်အလှကို အမျိုးသားနှစ်ယောက် သတိလက်...
...တွက် ငေးစိုက်ကြည့်မိသွားရသည်။

လှလိုက်တာ။ ကမ္ဘာပေါ်ရှိ ရှိရှိသမျှအလှတွေ စုစည်း
...ရောက်ရှိနေသလိုပါပဲလား။

သဒ္ဒါကြည်ဖြူအလှကို ငေးစိုက်ကြည့်နေရာမှ ရဲထွဋ်သည်
...တစ်စုံတစ်ရာကို သတိရသွားရသလို သူ့အကြည့်များက အင်ဂျင်
...ယာလေး ကိုမိုးစွေထံကို ဖျတ်ခနဲရောက်ရှိသွားတော့

''ဟင်''

မျက်ခုံးထူထူကြီး အတွန့်ချိုးသွားရသည့်အထိ ရဲထွဋ်
...ကြည့်တွေက မိုးစွေထံ ခပ်စိုက်စိုက်ရောက်ရှိသွားရတော့ ရဲထွဋ်
...သည် သဒ္ဒါကြည်ဖြူအတွက် စိုးရိမ်စိတ်မချတွေ ဖြစ်သွားရသည်။

ယောကျ်ားလေးချင်းမို့ တစ်ယောက်ရင်ထဲက ခံစားမှုကို
...တစ်ယောက် လှမ်းမြင်နေသည်လို့ပြောရမလား။ မြွေမြွေချင်းခြေမြင်
...သည်လို့ပင် ပြောရမည်လားမသိ။ သူသိသည်ကတော့ သဒ္ဒါ
...ကြည်ဖြူအတွက် ရင်မှာစိတ်မချမှုတွေ ဖြစ်နေရခြင်းဖြစ်သည်။

သည်နောက် တစ်စုံတစ်ရာကို နားလည်သလိုရှိလာရကာ
''ကဲ လာဗျာကိုမိုးစွေ၊ ကြုံတုန်း အိမ်ထဲဝင်ပြီး ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



သောက်သွားပါဦးလား"

"ဟာ နေပါစေကိုရဲထွဋ်၊ ကျွန်တော သဒ္ဒါကို ခြံထဲမှာ တွေ့လို့ ဝင်နှုတ်ဆက်တာပါ"

"အဟွန်း…အေးပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် သဒ္ဒါနဲ့ကိုမိုးဆွေလည်း အိမ်နီးချင်းမိတ်ဆွေတွေအဖြစ် သိနေကြပြီပဲ၊ ကျွန်တော်မရှိပေမယ့်လည်း အိမ်ကို ဝင်လို့ထွက်လို့ရပါတယ်"

"ဟုတ်ကဲ့ ကိုရဲထွဋ်"

"ဩော် ဒါနဲ့ကိုမိုးဆွေ"

"ပြောပါ ကိုရဲထွဋ်"

ပြောပါဆိုပေမယ့် ရဲထွဋ်သည် စကားကို ရုတ်တရက် မပြောဘဲ သူ့အကြည့်များက ဘေးမှာရှိနေသော သဒ္ဒါကြည်ဖြူဆီ ရောက်ရှိသွားတော့ သဒ္ဒါကြည်ဖြူမှာ နားလည်စွာနှင့်…

"ကိုလေး သဒ္ဒါအိမ်ထဲဝင်လိုက်ဦးမယ်၊ ကိုမိုးဆွေ ကိုလေး နဲ့ စကားပြောနှင့်ပါနော်"

သဒ္ဒါကြည်ဖြူသည် ပြောရင်း သူတို့အနီးမှ ထွက်သွား လေသည်။





"ကိုမိုးဆွေ လာဗျာ၊ ခြံထဲမှာပဲ ထိုင်ကြရအောင်"

ဖိတ်ခေါ်သူက ဖိတ်ခေါ်နေပြီမို့ မိုးဆွေသည် မငြင်းတော့ဘဲ ရဲထွဋ်နှင့်အတူ ခြံထဲရှိ ခုံတန်းလေးပေါ် ထိုင်လိုက်၏။

"သဒ္ဒါနဲ့ ကိုမိုးဆွေ ခင်ကြတာ တော်တော်ကြာပြီနဲ့တူပါရဲ့"

ရဲထွဋ်စကားကြောင့် မိုးဆွေ အကြည့်တစ်ချက် သူ့ထံရောက်ရှိလာပြီး…

"ဆိုပါတော့ ကိုရဲထွဋ်၊ ကျွန်တော် ဒီခြံကိုပြောင်းလာကတည်းကပဲ ပြောရမှာပေါ့"

"အေးဗျာ သဒ္ဒါကလည်း ခင်ဗျားအကြောင်း ကျွန်တော့်ကို တစ်ခါမှ ပြောမပြခဲ့တော့"

"အဟွန်း…ကိုရဲထွဋ်ကိုပြောပြဖို့ သူ့စကားမဆုံလို့နဲ့တူပါတယ်"

အစ်ကိုတစ်ယောက်အဖြစ် သိထားသည့် သူ့ရှေ့တွင် ညီမဖြစ်သူ သဒ္ဒါကြည်ဖြူရှေ့ကနေ ကာကွယ်ပြောပေးနေသော မိုးဆွေကို ရဲထွဋ် မအံ့သြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩနေဖို့လည်း မလိုတော့။

အကြောင်းမှာ...

ရဲထွဋ်သည် မိုးရွှေရင်ထဲကို ထွင်းဖောက်မြင်နေသော ကြောင့် ဖြစ်သည်။

မဖြစ်...မဖြစ်တော့ပါ။

သူ့အနေနှင့် ခုချိန်တွင် အခြေအနေတစ်ခုထက် မကျော်အောင် ဟန့်တားမှုဖြစ်တော့သည်မို့

''ကိုမိုးရွှေကို ကျွန်တော် မြင်မြင်ချင်းခင်ပါတယ်၊ ဒါကြောင့် ကိုမိုးရွှေအနေနဲ့လည်း ကျွန်တော့်နဲ့ သဒ္ဒါအကြောင်းကို ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံ သိထားသင့်တယ်လို့ထင်တယ်''

ရဲထွဋ်စကားကို မိုးရွှေသည် နားမလည်နိုင်ပါ။

ဘာကိုရည်ရွယ်ကာ ကိုမိုးရွှေသည် သူ့အား ဒီစကားပြောနေတာပါလိမ့်။ ကြည့်ရတာ ကိုရဲထွဋ်သည် အစ်ကိုတစ်ယောက်အနေနှင့် နမဖြစ်တဲ့သူမအား သူချစ်နေတာသိ၍များ သူ ဒီစကားပြောနေတာလား။

ဖြစ်နိုင်ပါတယ်။ ဒါကြောင့်သာ ကိုရဲထွဋ် မျက်နှာပျက်





နေရခြင်းဖြစ်လိမ့်မည်။ သည်လိုဆိုပြန်တော့ မိုးရွှေသည် တစ်ချိန် ယောက်ဖအဖြစ် တော်စပ်ရမည့် ရဲထွဋ်ကို မျက်နှာပူလျက် အားနာသွားရပြန်၏။

ထို့ကြောင့် မိုးရွှေသည် သူ့ရှေ့တွင် ကြာကြာဆက်မနေလိုတော့သည်မို့

''ကျွန်တော်ရောက်တာလည်း ကြာသွားပြီ၊ ပြီးတော့ ကိုရဲထွဋ်လည်း အပြင်ကပြန်လာကတည်းက မနားရသေးဘူး၊ နားချင်ရောပေါ့၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ကိုရဲထွဋ်''

ပြောရင်းက ထရပ်တော့ ရဲထွဋ်သည်လည်း သူနှင့်အတူ ထရပ်ပြီး

''ကိုမိုးရွှေ''

''ဗျာ''

''ကျွန်တော်နဲ့ကိုမိုးရွှေ နောက်အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့''

''အဟွန်း...ကောင်းပါပြီ ကိုရဲထွဋ်၊ သွားခွင့်ပြုပါဦး''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်မတ်သော ကိုယ်ဟန်နှင့် အနားမှထွက်သွားသော မိုးစွေကိုကြည့်ကာ ရဲထွဋ်သည် သဒ္ဒါကြည်ဖြူအတွက် ဘယ်လိုမှ စိတ်မအေးနိုင်ဘဲ သူ့နောက်ကွယ် မိုးစွေနှင့် သူမ တပူးတွဲတွဲရှိမနေစေရန် ကြိုတင်ကာ တားရမည့်အရေး ရင်မောစွာ တွေးဖြစ်လိုက်ပါတော့သည်။

ဦ ဦ ဦ



## အခန်း (၈)

"မောင်ရဲထွဋ်…မောင်ရဲထွဋ်"

အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်ကာ သူ့နာမည်ကို အဆက်မပြတ်ခေါ်နေတာကြောင့် အိပ်ရာထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ရဲထွဋ်တစ်ယောက် မျက်ဝန်းများ ပြူးကျယ်သွားရသလို လူကလည်း အိပ်နေရာမှ ငေါက်ခနဲ ထထိုင်မိလျက်သား ဖြစ်သွားရသည်။

"ဘယ်သူလဲ"

"မောင်ရဲထွဋ်…ခေါ်သောင်းပါ၊ သဒ္ဒါလေး ဖျားနေလို့"

"ဟင်"

သဒ္ဒါဆိုတာနှင့် ရဲထွဋ်ခြေလှမ်းများ အလိုလို အခန်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရပြီဖြစ်သည်။

"ဒေါ်သောင်း သဒ္ဒါဘာဖြစ်တာလဲ"

"သဒ္ဒါလေး ဖျားနေတယ် မောင်ရဲထွန်း၊ ညနေက ရေချိုးတာ ကြာသွားလို့နဲ့တူပါတယ်ကွယ်"

"ဟာ...ဒါဆိုမဖြစ်ဘူး၊ လာ လာ ဒေါ်သောင်း"

သဒ္ဒါ နေမကောင်းဘူးဆိုတာနှင့် ရဲထွန်းမှာ မျက်နှာကြီးဖျက်ယွင်းသွားကာ သဒ္ဒါအတွက် စိုးရိမ်ပူပန်မှုတွေက ရင်မှာ အလုံးအရင်းနှင့် ဝင်ရောက်လာပြီးနောက်ဝယ် ရဲထွန်းသည် ခြေလှမ်းကျဲကြီး တလွှားလွှားနှင့်ပင် သဒ္ဒါရှိရာအခန်းဆီသို့ ရောက်လာခဲ့သည်။

"သဒ္ဒါ"

"ကိုလေး"

ကိုယ်လေးချစ်ချစ်တောက် ပူနေရသည့် သဒ္ဒါကိုလက်လေးဆုပ်တွေးထားရင်းက ရဲထွန်းသည် သဒ္ဒါ၏ နွမ်းဖျော့ဖျော့မျက်နှာလေးကိုကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ စိုးရိမ်ပူပန်မှုတွေနှင့် ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ပျာရိပျာယာဖြစ်နေရ၏။

"ကြည့်စမ်းကွာ...ကိုယ်တွေလည်း အရမ်းကို ချစ်ချစ်





တောက်ပူနေတာ၊ ဒီလောက်ဖျားတာ ကိုလေးကို ဘာလို့မပြောရတာလဲ"

"ရပါတယ်ကိုလေးရယ် သဒ္ဒါ အဲဒီလောက်လည်း မဖြစ်ပါဘူး"

"အိုဗျာ...ဘာလို့မဖြစ်ရမှာလဲ၊ သဒ္ဒါနဲ့တော့ သိပ်ခက်တာပဲကွာ"

ချစ်ရသူအတွက် စိုးရိမ်မှုတွေ လွှမ်းကဲနေရသည်မို့ ရဲထွန်းသည် မချင့်မရဲကြီးနှယ် ခပ်ကျိတ်ကျိတ်ဆိုလိုက်မိတော့

"ကိုလေး"

"ဗျာ"

"သဒ္ဒါအတွက် မစိုးရိမ်ပါနဲ့ ကိုလေးရယ်၊ သဒ္ဒါ ဆေးသောက်ရင် ပျောက်သွားမှာပါ"

"ဆေးရော သောက်ပြီးပြီလား"

"ဒေါ်သောင်းတိုက်ထားတယ် မောင်ရဲထွန်း"

ဒေါ်သောင်းမှာ သွက်သွက်လက်လက်ပင် ဝင်ဖြေလိုက်၏။ ရဲထွန်းသည် သဒ္ဒါကြည်ဖြူ၏ မျက်နှာနှင့် လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



လက်လေးများကို တယုတယ ကိုင်စမ်းရင်း

"မဖြစ်ပါဘူးကွာ၊ ကိုယ်တွေအရမ်းပူနေတာ ကိုလေး ဆရာဝန်သွားပင့်လိုက်မယ်"

"ဟင့်အင်း ကိုလေး၊ မသွားနဲ့၊ သဒ္ဒါ ဆေးသောက်ထားတာ ပျောက်သွားမှာပါ"

သဒ္ဒါကြည်ဖြူသည် ရဲထွဋ်လက်ကို ဆုပ်ကိုင်ထားရင်းက ပြောလိုက်သည်။ တကယ်တော့ သဒ္ဒါကြည်ဖြူသည် ဆေးထိုးရမည်ကို အလွန်ကြောက်သူဖြစ်ပါသည်။

ဒါကြောင့်လည်း ဆရာဝန်သွားမခေါ်ရန် ရဲထွဋ်လက်ကို ဆုပ်ကိုင်တားထားလိုက်ခြင်း ဖြစ်သည်။

"သဒ္ဒါ ညနေက ရေချိုးတာ နည်းနည်းကြာသွားလို့ အအေးမိသွားတာ ဘာမှမဖြစ်ပါဘူး ကိုလေး"

"ဘာ...ဘာမှမဖြစ်ရမှာလဲကွာ၊ သဒ္ဒါကို ကိုလေးဘာပြောထားလဲ၊ ရေချိုးရင် အကြာကြီးမချိုးပါနဲ့ဆိုတာ ကိုလေးစကားကို နားမထောင်တော့ သဒ္ဒါ ခုဖျားပြီမဟုတ်လား"

သူ့စကားကို နားမထောင်ရပါ့မလားဆိုသည့် မချင့်မရဲစိတ်





နှင့် ရဲထွဋ်သည် အဖျားသွေးဖြင့် ရဲနေသည့် မျက်နှာနွမ်းလျလျလေးကို စိုးရိမ်မှုများ လွှမ်းကဲဟန်နှင့် ကြည့်လျက် ဆိုလိုက်သည်။

ကြည့်နေရင်းမှလည်း ရင်မှာ သနားကရုဏာစိတ်များ အတိုင်းထက်အလွန် ဖြစ်လာရသည်မို့

"ဒီလောက် ကိုယ်ပူချိန်တွေ တက်ပြီး မျက်နှာလေးရဲနေတာတောင် ဘာမှမဖြစ်ဘူးလို့ ပြောသေးတယ်၊ မဖြစ်ပါဘူးကွာ၊ ဆရာဝန်သွားခေါ်မှ ဖြစ်မှာပါ"

"ကိုလေးနော်"

သဒ္ဒါကြည်ဖြူ ခေါ်သံကြောင့် ရဲထွဋ်အကြည့်က သူမ မျက်နှာလေးထက် ရူးခနဲရောက်ရှိသွားရသလို သူမ ဆရာဝန်မခေါ်စေချင်မှန်းကိုလည်း သူနားလည်ရသည်မို့ ပင့်သက်ကိုချလိုက်ပြီး

"ကဲပါကွာ...သဒ္ဒါ မခေါ်စေချင်ရင် ကိုလေး ဆရာဝန်ကို မခေါ်တော့ပါဘူး၊ ဒါပေမယ့် လိုအပ်ရင် ဆေးတော့ထပ်သောက်ရမယ်နော်"

ဂရုတစိုက်နှင့် ဆိုလိုက်သည့် သူ့စကားကို သဒ္ဒါကြည်ဖြူသည် ဒီတစ်ခါတော့ဖြင့် မငြင်းပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ရဲထွဋ်သည် နွမ်းလျှနေသည့် ချစ်သူ၏မျက်နှာ နွမ်းနွမ်းလေးကိုကြည့်ပြီး

"သဒ္ဓါ ဘယ်လိုနေသေးလဲ"

"ခေါင်းနည်းနည်းမူးတယ် ကိုလေး"

"အိပ်ပျော်သွားအောင် ခဏအိပ်လိုက်နော်၊ နေဦး မအိပ်ခင် ဟောလစ်ပူပူလေး သောက်လိုက်ဦးဟုတ်လား၊ ဒေါ်သောင်း သဒ္ဓါ့အတွက် ဟောလစ်ပူပူလေးတစ်ခွက် ဖျော်ခဲ့ပေးပါနော်"

"အေး အေး မောင်ရဲထွဋ်၊ ဒေါ်သောင်း ဖျော်ခဲ့လိုက်မယ်"

ဒေါ်သောင်း အခန်းထဲမှ ထွက်သွားသည်နှင့် ရဲထွဋ်သည် သဒ္ဓါကြည်ဖြူကိုယ်လေးကို ပွေ့လျက် သူမနောက်မှီ ခေါင်းအုံးလေးကို ပင့်ကာ ပြင်ပေးလိုက်ရင်းက

"သဒ္ဓါ"

"ရှင် ကိုလေး"

ကြည်စင်သော မျက်ဝန်းလေးနှင့် သူ့ကိုကြည့်ကာ ထူးရှာလေ၏။





သူမ၏အကြည့်လေးကြောင့် ရဲထွဋ်နှလုံးသွေးများ တဒိတ်ဒိတ်ခုန်သွားကာ

"သဒ္ဓါရယ် မောင့်နှလုံးသားကို မင်းအချစ်တွေနဲ့ ပြန်ပြီး ရှင်သန်ခွင့်ပေးပါတော့လားဗျာ" ဆိုသည့် စကားကို ရင်မှာ စိတ်လှုပ်ရှားခြင်းများစွာနှင့် ကျိတ်ကာဆိုလိုက်မိသည်။

သည်နောက် သူ့အကြည့်များက မျက်ဝန်းလေးမှိတ်ကာ မှိန်းနေရှာသည့် သူ့ရင်မှာ စူးနစ်နက်ရှိုင်းစွာ ချစ်ရလွန်းသည့် ချစ်သူ ရွှေစင်ယမင်းသက်ထားကို ရင်ဝယ်မချီသည့် နာကျင်မှုတွေနှင့် ငေးစိုက်ကြည့်နေလိုက်သည်။

ကြည့်နေရင်းမှ သူမလေးနှင့် ပျော်ရွှင်စွာချစ်ခဲ့ကြသည့် တစ်ချိန်က အဖြစ်များဆီသို့ သူ့စိတ်သည် ရောက်ရှိသွားရသည်။

"မောင်"

"ဗျာ…ဗျာ"

"မောင်နော်၊ မနောက်နဲ့သိလား"

"အဟွန်း…မောင်က နောက်မှာမဟုတ်ပါဘူးဗျာ၊ သဒ္ဓါ ရှေ့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''မောင်''

သဒ္ဒါကြည်ဖြူသည် စိတ်ဆိုးသလို နှုတ်ခမ်းလေးစူလျက် မျက်နှာလေး တစ်ဖက်သို့လှည့်သွားတော့ ရဲထွဋ်မှာ မျက်လုံးပြူးသွားရပြီး…

''ဟိတ်…ဟိတ် စိတ်မကောက်ကြေးနော်၊ ကဲ ပြော သဒ္ဒါ မောင့်ကိုခေါ်တာ ဘာပြောမလို့လဲ''

''ဟွန်း…သွားပါ၊ ဘာမှမပြောတော့ဘူး''

''သဒ္ဒါနော် မောင့်ကို အသည်းယားအောင်မလုပ်နဲ့''

မချင့်မရဲကြီးနှယ် ပြောပြီး ရဲထွဋ်သည် သဒ္ဒါကိုယ်လေးကို သူနှင့် ရင်ချင်းအပ် ဆွဲကပ်ပစ်လိုက်သည်။

''ဖယ်…လွှတ်ပါ''

သဒ္ဒါကြည်ဖြူသည် သူ့လက်အတွင်းမှ ရုန်းထွက်လိုက်တော့ ရဲထွဋ်သည် မလွှတ်ပါဘဲ တိုးဖက်ထားလိုက်ကာ…

''သဒ္ဒါ''

သဒ္ဒါ မထူးပါ။ မျက်လွှာလေးချလျက်သာ နှုတ်ခမ်းလေး ဖိကိုက်လျက် ငြိမ်သက်နေတော့ ရဲထွဋ်သည် ပို၍ မချင့်မရဲကြီး





ဖြစ်သွားပြီး…

''မောင့်ကိုကြည့်ပါဦး သဒ္ဒါ၊ အေးနော် မောင့်ကိုတကယ် စိတ်ဆိုးနေတာလား၊ အဟွန်း…ဟွန်း ဟွန်း''

''အို''

ချော့သလို သူမကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက် ထိုက်ရင်းက သူ့ထံမှ ပူနွေးလှိုက်ဖြာသော အနမ်းတွေက သဒ္ဒါ ကြည်ဖြူမျက်နှာလေးထံ ကျရောက်လာရသည်။

''ဖယ်…လွှတ်စမ်းပါ''

''ဟင့်အင်း…ချစ်တယ်''

''ဖယ်ဆို''

''အို မောင်နော်''

သဒ္ဒါကြည်ဖြူမှာ ချစ်လှဆိုး မောင့်အပေါ် ကြာကြာစိတ် ဆိုးခွင့်မရခဲ့ပါ။ မောင်သည် သူမအပေါ် ဂရုစိုက်တတ်သူမို့ မောင့် အယုယများအောက်တွင် သဒ္ဒါကြည်ဖြူ ကျရှုံးခဲ့ရသည်က အခါခါ။

''သဒ္ဒါ''

တိုးတိတ်စွာ ခေါ်ရင်းမှ မွှေးညှင်းစိမ်းလေးများနှင့် သဒ္ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူ၏ လက်ခုံနုနုလေးကို ရဲထွဋ်သည် ငုံ့နမ်းလိုက်သည်

သူ့အပြုအမူကြောင့် သဒ္ဒါကြည်ဖြူသည် မျက်နှာလေး လျက် အနေခက်သွားရသလို

"မောင်ကလည်းကွယ် ဖယ်စမ်းပါ၊ မောင် သဒ္ဒါ ပြောစရာရှိတယ်ဆို ဘာပြောမလို့လဲ"

ထိုအခါမှ ရဲထွဋ်သည် သူပြောရမည့်စကားကို သူသ ရသွားရသလို မျက်နှာချောချောကြီးမှာ အပြုံးပျောက်ကွယ်လ တည်ငြိမ်လေးနက်သွားရပြီး သဒ္ဒါကြည်ဖြူ၏ လှပလွန်းသေ ရွှေရုပ်သွင်ကို စိုက်ခနဲငေးကြည့်ကာ

"သဒ္ဒါ"

"မောင်"

"မောင် သဒ္ဒါနဲ့ လက်ထပ်ချင်ပြီ"

"ရှင်"

သဒ္ဒါကြည်ဖြူမှာ အံ့သြသွားရသဘည်။ အံ့သြမှုတွေ ရဲထွဋ်ကို ကြည့်လိုက်တော့…

"သဒ္ဒါ မောင့်စကားကို အံ့သြသွားလား"





"အဟင်း မောင်ရယ်၊ ရုတ်တရက်ဆိုတော့"

သဒ္ဒါကြည်ဖြူထံမှ စကားလေးပင် မဆုံးသေး ရဲထွဋ် ည် သူမပခုံးလေးကို တင်းတင်းလေး ဆုပ်ကိုင်လျက် သူမကိုယ် းကို သူ့ဘက်သို့ ဆွဲပွေ့ယူလိုက်ပြီး

"မအံ့သြနဲ့သဒ္ဒါ၊ မောင် ဒီစကားကို တကယ်ပြောနေတာ၊ ာင် သဒ္ဒါကို သိပ်ချစ်တယ်၊ သဒ္ဒါနဲ့ မခွဲနိုင်တော့ဘူး၊ အမြန်ဆုံး က်ထပ်ကြရအောင်နော်"

"မောင်ရယ်"

ရဲထွဋ်စကားကြောင့် သဒ္ဒါကြည်ဖြူ ရင်မောသွားရသည်။ ာင် သူမကိုသိပ်ချစ်တာကို သူမသိပါသည်။

သို့၍လည်း မောင့်အတွက် သူမစိတ်မကောင်းဖြစ်ရခြင်း ဖြစ်၏။

မောင်သည် သူမကိုသိပ်ချစ်ကာ လက်ထပ်ရန် ပြောနေ မယ့် သူမကတော့ဖြင့် မောင့်ဆန္ဒကို လိုက်လျောဖို့ မလွယ်သေး ါ၊

ပြောရမည်ဆိုလျှင် သဒ္ဒါကြည်ဖြူသည် မောင့်ကို လက်မ



www.burmeseclassic.com

www.burmeseclassic.com



ထပ်နိုင်သေးပါ။ သူမသည် မောင့်ကိုမချစ်၍မဟုတ်။ ချစ်ပါသည် ချစ်သည်မှာ မောင့်ကို သူမအသက်ထက်ပင် ပို၍ချစ်ပါသေး

ချစ်ပေမယ့် မောင့်ကိုလက်ထပ်ဖို့ရာ မဖြစ်နိုင်သေးသည် က သဒ္ဒါကြည်ဖြူသည် သူမဘဝကို ဒီထက်မက မြင့်မားအောင် ကြိုးစားချင်သေးတာကြောင့်ဖြစ်သည်။

ဒါကို မောင်နားလည်အောင်လည်း သူမပြောပြရမည် ဖြစ်သည်။

ခက်သည်က မောင်ဖြစ်သည်။ ငယ်သူငယ်ချင်း က ဘဝမှစ၍ ခင်မင်သံယောဇဉ်တွယ်လာခဲ့သော မောင်သည် အရွ တွေရောက်လာပြန်တော့လည်း ခင်မင်မှုသံယောဇဉ်အပေါ် အချ ဆိုသည့် နောင်ကြိုးတစ်မျှင် ပို၍တိုးလာကာ အရောင်ပြောင်း လျက် ခိုင်မြဲစွာ ချစ်ခဲ့မိလေသည်။

ချစ်သည်မှာ တစ်ယောက်နှင့်တစ်ယောက် မျက်စိအောင် က အပျောက်မခံနိုင်ခဲ့ပါ။ လောကတွင် အချစ်တတ်ဆုံးလူ ယောက်သည် ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူသာ ဖြစ်ပါလိမ့်မည်။

နှစ်ယောက်သား ချစ်ရက်လေးများ ရှည်ကြာလာသည်





နှင့်အမျှ သူတို့နှစ်ဦး၏ သံယောဇဉ်ကြိုးသည်လည်း အခိုင်မြဲဆုံး အခြေအနေကို ရောက်ခဲ့ရပြီဖြစ်သည်။

ခိုင်မြဲလာသည့် သံယောဇဉ်များနှင့်အတူ ရဲထွဋ်သည် တစ်နေ့တခြား ပို၍လှလာသော သဒ္ဒါကြည်ဖြူကိုလည်း သူ နည်းနည်းမှ စိတ်မချနိုင်ပါ။

သိပ်လှသော ချစ်သူလေးကို သူ့အနေနှင့် စိတ်မချသည် ကလည်း အပြစ်တော့မဆိုသာပါ။ အရွယ်လေးရလာလေလေ ပြီးပြည့်စုံသော အလှတွေနှင့် ရက်ရက်စက်စက် လှနိုင်လွန်းသော သဒ္ဒါကြည်ဖြူအလှတွေကို တခြားလူတစ်ယောက် မြင်တွေ့သွားမှာ ကို တွေးကြောက်နေရကာ ချစ်သူအတွက် ရင်မှာ စိုးရိမ်စိတ်မချ မှုတွေနှင့် ချစ်သူလေးကိုသာ သူပိုင်ပိုင်ထွေးပိုက် ချစ်ချင်တော့မည့် အဖြစ်။

ဒါကြောင့်လည်း ရဲထွဋ်သည် သဒ္ဒါကြည်ဖြူအား စိတ်မချနိုင်တော့ဘဲ လက်ထပ်ရန် ပြောနေခြင်းသာဖြစ်ပါသည်။ ဒါကို သဒ္ဒါကြည်ဖြူသည် နားလည်နိုင်မည်တဲ့လား။

"မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင့်ပါးပြင်ချောချောကြီးနှင့် သူမပါးပြင်လေးအပ်ကာ သဒ္ဒါကြည်ဖြူ မောင့်ရင်ခွင်ထဲ တိုးဝင်လိုက်တော့ ရဲထွဋ်သည်လည်း သူမကိုယ်လေးကို အလိုက်သင့် ပွေ့ဖက်လာလေ၏။

သည်နောက် သဒ္ဒါကြည်ဖြူ မျက်နှာလှလှလေးကို အပြုံးနှင့် ငေးစိုက်ကြည့်ကာ…

''ပြောလေ သဒ္ဒါ၊ မောင့်ကိုခေါ်ပြီး ဘာပြောမလို့လဲဆိုတာ၊ ဘာလဲ မောင့်ကို လက်ထပ်ပါ့မယ်ဆိုတဲ့ စကားပြောမလို့လား''

သူ့စကားကြောင့် သဒ္ဒါကြည်ဖြူမျက်နှာလေးမှာ ရှက်သွေးလေး စွန်းသွားရသည်။ ဖြစ်နိုင်လျှင် မောင့်အလိုဆန္ဒကို သူမလိုက်လျောလိုက်ချင်ပေမယ့် မဖြစ်နိုင်သေးသည့် အခြေအနေ။

အထက်တန်းရှေ့နေမလေးအဖြစ် တည်ရှိပါသော သဒ္ဒါကြည်ဖြူသည် သူမဘဝကို အောင်မြင်သည့် ရှေ့နေကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားနေသူဆိုလျှင်မမှား။

နှစ်ဘက်လုံး မိဘတွေမရှိတော့ ဆိုပေမယ့် ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူသည် ကိုယ့်ဘဝကို ကိုယ်အကောင်းဆုံးဖြစ်အောင်





တည်ဆောက်နေသူများဖြစ်သည်။

အကောက်ခွန်အရာရှိလေး ရဲထွဋ်နှင့် အထက်တန်းရှေ့နေမလေး သဒ္ဒါကြည်ဖြူတို့သည် ရပ်ချင်းလိုက်ဖက်လွန်းသည်သာမက လူချင်းလည်း လွန်စွာလိုက်ဖက်ကြသူများဖြစ်သည်။

မိဘတွေမရှိတော့ပေမယ့် မိဘတွေထားခဲ့သည့် အမွေပစ္စည်းများနှင့် ဘဝကို အေးချမ်းစွာ ဖြတ်သန်းနေသော သဒ္ဒါကြည်ဖြူနှင့် ရဲထွဋ်သည် သူတို့နှစ်ဦးအား ငယ်စဉ်ကတည်းက ပြုစုစောင့်ရှောက်လာသော ဆွေမျိုးမကင်းသည့် အဒေါ်ကြီးများနှင့် အတူ နေကာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိကြသူများလည်း ဖြစ်သည်။

ယခုလည်း သဒ္ဒါကြည်ဖြူအား အလုပ်မှအပြန် ဝင်ကြိုရင်း ရဲထွဋ်သည် သူ့ကားလေးကို လူရှင်းသည့် ကန်တော်ကြီးစောင်း တစ်နေရာတွင်ရပ်ကာ ချစ်သူကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းလေး ပွေ့ဖက်လျက် ချစ်စကားတွေဆိုကာ လက်ထပ်ခွင့်တောင်းနေခြင်းဖြစ်သည်။

သဒ္ဒါကြည်ဖြူသည် ရဲထွဋ်ရင်ခွင်ထဲ မျက်နှာအပ်ရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါကို အချိန်နည်းနည်း ထပ်ပေးပါဦးမောင်ရယ်၊ သဒ္ဒါ့အလုပ်ကို သဒ္ဒါ ဒီထက်မက အောင်မြင်အောင် ကြိုးစားချင်သေးတယ်"

"မောင် သဒ္ဒါကို သိပ်ချစ်တယ်လေ"

"သိပါတယ် မောင်၊ မောင် သဒ္ဒါကို သိပ်ချစ်တာ သဒ္ဒါသိပါတယ်၊ ဒါပေမယ့်"

"မောင်နားလည်ပါတယ် သဒ္ဒါ၊ သဒ္ဒါက အလုပ်နဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ် ကြိုးစားချင်သေးတယ်ဆိုတာ"

"အဟင်း…ဟင်း မောင်ရယ်"

သူမအပေါ် သိတတ်နားလည်လွန်းသော ရဲထွဋ်အား သဒ္ဒါကြည်ဖြူသည် အချစ်ပိုသွားကာ

"သဒ္ဒါကို အခုလိုနားလည်ပေးတဲ့ မောင့်ကို သဒ္ဒါ ကျေးဇူးတင်ပါတယ်မောင်"

"သဒ္ဒါရယ်"

နောက်ဆုံးတော့ ရဲထွဋ်သည် ချစ်သူ၏ ဆန္ဒအတိုင်းသာ ရှိခဲ့ရပါသည်။ ချစ်သူ၏ဆန္ဒကို ငြင်းဆန်ပြီး သူ ဘာတစ်ခုမှ





ဖွတ်တိုးမလုပ်ဖြစ်ခဲ့သည်ကပင် သဒ္ဒါကြည်ဖြူနှင့် သူ့အချစ်တွေကို ဝေးကွာစေခဲ့ရသည်လား မသိတော့။ ထိုအချိန်ကသာ ရဲထွဋ်သည် သဒ္ဒါကြည်ဖြူ၏ အလိုသာ မလိုက်ခဲ့ပါလျှင် ဒါမှမဟုတ် သူသာ သူမလေးကို ဖွတ်တိုးလက်ထပ်ခဲ့ပါလျှင် သဒ္ဒါကြည်ဖြူဆိုသည့် သူမလေးသည်လည်း ခုချိန်။

"ဟား"

အတိတ်မှအဖြစ်တွေက သူ့အတွက်တော့ မနေ့တစ်နေ့က လို ရှိနေရဆဲဖြစ်သည်။ ရဲထွဋ်သည် အတိတ်ကို သတိရလျက် ချစ်သူကို ငေးကြည့်နေရာမှ

"မောင်ရဲထွဋ် ဒီမှာ ဟောလစ်ပူပူလေးရပြီ"

"ဩော် ဒေါ်သောင်း ထားခဲ့ပြီး ဒေါ်သောင်းနားလိုက်ပါ တော့၊ ကျွန်တော် သဒ္ဒါကိုကြည့်လိုက်ပါ့မယ်"

"အေး အေး"

လူကြီးတစ်ယောက်ဖြစ်သည့် ဒေါ်သောင်းကို ရဲထွဋ်သည် အလိုက်သိစွာပင် အနားယူခိုင်းလိုက်သည်။

"သဒ္ဒါ ဒီမှာ ဟောလစ်ပူပူသောက်လိုက်ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော သဒ္ဒါကိုယ်လေးကိုလည်း ဆွဲပွေ့ယူလိုက်တော့ သဒ္ဒါကြည်ဖြူကိုယ်လေးသည် သူ့ရင်ခွင်ထဲ အလိုက်သင့်ပါလာကာ သူ့လက်ထဲမှ ဟောလစ်ပူပူလေးကို ယူသောက်လိုက်လေသည်။

“ရော့…သဒ္ဒါ ဒီဆေးလေးပါ တစ်ခါထည့်သောက်လိုက်၊ ဒါမှ သဒ္ဒါ အမြန်နေကောင်းလာမှာ”

ကလေးတစ်ယောက်လိုပင် သူတိုက်သည့်ဆေးကို သဒ္ဒါကြည်ဖြူသည် မငြင်းဘဲ သောက်လိုက်ပြီး…

“ကိုလေးလည်း သဒ္ဒါကြောင့် အိပ်ရေးပျက်ပြီနော်”

“အဟွန်း…ဒီလောက်လေးနဲ့တော့ ကိုလေး အိပ်ရေးမပျက်ပါဘူး၊ သဒ္ဒါနေကောင်းဖို့ပဲ အရေးကြီးတယ်၊ ဆေးသောက်ပြီး သဒ္ဒါအိပ်လိုက်တော့နော်၊ သဒ္ဒါအနားမှာ ကိုလေးရှိနေမယ်ဟုတ်လား၊ အိပ်ပျော်အောင် အိပ်လိုက်”

ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးကို အိပ်ရာပေါ် ပြန်ချသိပ်ရင်းမှ သဒ္ဒါကြည်ဖြူ နဖူးလေးပေါ် အနမ်းတစ်ပွင့် ခြွေချလိုက်လေ၏။





“ကိုလေး”

“ဗျာ”

“သဒ္ဒါအနားကနေ ဘယ်မှမသွားနဲ့နော်”

“စိတ်ချပါသဒ္ဒါရယ်၊ ကိုလေး သဒ္ဒါအနားကနေ ဘယ်မှ မသွားပါဘူးဗျာ”

သူဆိုတော့မှ သဒ္ဒါကြည်ဖြူသည် စိတ်ချလက်ချ ရှိသွားရသလို မျက်ဝန်းလေးမှိတ်ကာ ခဏချင်းပင် အိပ်ပျော်သွားရသည်။

ထိုညကတော့ဖြင့် အကောက်ခွန်အရာရှိလေး ရဲထွဋ်သည် ချစ်သူ၏မျက်နှာကို အရိပ်လိုကြည့်ရင်း သူ့ရင်ထဲ ရှုပ်ထွေးနေသည့် ခံစားမှုတွေကို အသိနှင့်သာ ထိန်းချုပ်ထားလိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

''သဒ္ဒါကိုတွေ့ချင်လို့တဲ့၊ တစ်ဘက်ခြံက မောင်မိုးစွေဆိုတဲ့ သူငယ် အပြင်မှာရောက်နေတယ်''

''ဟင်''

နလန်ထစလူမမာသာ ရှိသေးသည်မို့ မျက်ဝန်းလေးမှိတ်ကာ မှိန်းနေရှာသော သဒ္ဒါကြည်ဖြူမှာ ဒေါ်သောင်းလာပြောသည့် စကားကြောင့် အဖျားတွေပင် ပြန်၍တက်ချင်လာရသည့်အထိ မျက်နှာလေးပျက်ယွင်းသွားရသည်။

''သဒ္ဒါ နေမကောင်းဘူးဆိုတာ ဒေါ်သောင်းမပြောဘူးလား''

''ပြောပါတယ် သဒ္ဒါ၊ ပြောလို့ မောင်မိုးစွေက သဒ္ဒါကို





လူမမာသတင်းမေးပါရစေလို့ ခွင့်ပန်နိုင်းလိုက်တယ်''

''အို''

ကိုယ့်စကားနှင့်ကိုယ်မို့ သဒ္ဒါကြည်ဖြူမှာ အငြင်းရခက်ပြီးရင်း ခက်နေရတော့သည်။ ထို့နောက် စိတ်လှုပ်ရှားမှုတွေကြောင့်လားမသိပါ။ လူမမာသာရှိသေးသော သဒ္ဒါကြည်ဖြူ၏ နှလုံးခုန်သံတွေသည် အတိုင်းမသိ မြန်ဆန်လာရသလို။

ထိုစဉ်

''ဒေါ်သောင်း၊ ဟင် သဒ္ဒါဘာဖြစ်တာလဲ''

အခန်းထဲသို့ ဝင်လာသော ရဲထွဋ်မှာ ဒေါ်သောင်းနှာမည်ကိုခေါ်ရင်းက သွေးမရှိတော့သလို ဖြူလျော့နေရသည့် သဒ္ဒါကြည်ဖြူကိုကြည့်ပြီး စိုးရိမ်စွာမေးလိုက်သည်။

''ဟင့်အင်း သဒ္ဒါ သဒ္ဒါ ဘာမှမဖြစ်ပါဘူးကိုလေး၊ ဟို ဟို''

တဟိုဟိုနှင့် တစ်စုံတစ်ရာကို ထိတ်လန့်ဟန်ရှိနေဟန်လေးကြောင့် ရဲထွဋ်ရင်ထဲ သိချင်စိတ်တွေ ပို၍ပြင်းပြလာရကာ

''ဘာဖြစ်လဲ သဒ္ဒါ၊ ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"သူ သူရောက်နေတယ်"

"ဘယ်သူလဲ"

မျက်ခုံးကြီးနှစ်ဖက် ခပ်ပြေပြေတွန့်ကြုတ်ရင်းက ရဲထွဋ်နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"ကိုမိုးစွေ ရောက်နေတယ် ကိုလေး"

"ဟင်"

"ဟုတ်တယ် မောင်ရဲထွဋ်၊ မောင်မိုးစွေက လူမမာသတင်းမေးပါရစေလို့ ဒေါ်သောင်းကို ခွင့်ပန်ခိုင်းလိုက်လို့"

"ဪ"

"သူအခုဘယ်မှာလဲ ဒေါ်သောင်း"

"အောက်ထပ်ဧည့်ခန်းမှာပါ"

"ခေါ်လာခဲ့လိုက်ပါ ဒေါ်သောင်း"

"ကိုလေး"

စိတ်လှုပ်ရှားမှုတွေနှင့် သဒ္ဒါကြည်ဖြူသည် ရဲထွဋ်လက်တစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်တော့…

"တွေ့လိုက်ပါ သဒ္ဒါ၊ ကိုမိုးစွေဆိုတာ ကိုလေးတို့ရဲ့





ခင်မင်ရင်းနှီးမိတ်ဆွေတွေမဟုတ်လား"

ကိုလေးထင်သလိုမဟုတ်ပါ ဆိုသည့်စကားကိုတော့ သဒ္ဒါကြည်ဖြူ သူ့အားမပြောဖြစ်တော့ပါ။

ထို့အတူ ကိုလေးစကားကို ငြင်းဆန်ဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်တော့သည်မို့ သဒ္ဒါကြည်ဖြူ နှုတ်ဆိတ်လျက်သာ ငြိမ်သက်နေလိုက်သည်။

"လာသူငယ်၊ သဒ္ဒါလေး ဒီအခန်းထဲမှာ"

စကားသံနှင့်အတူ အခန်းထဲသို့ဝင်လာသည့် ခြေသံများကြောင့် သဒ္ဒါကြည်ဖြူသည် မျက်ဝန်းလေး ယောင်ရမ်းမှိတ်လိုက်ပေမယ့် သူမနှင့် ဆန့်ကျင်ဘက် ရဲထွဋ်၏အကြည့်များကတော့ မိုးစွေထံ ရောက်ရှိသွားရလေသည်။

"လာဗျာ ကိုမိုးစွေ"

"ဪ ကိုရဲထွဋ် ရှိနေတယ်လား"

"အဟွန်း…အေးဗျာ သဒ္ဒါနေမကောင်းတော့ ကျွန်တော်လည်း အလုပ်မသွားဖြစ်ဘူး၊ ခွင့်ယူထားရတယ်"

ယောကျ်ားနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်စကားတွေ ဆိုလိုက်လေသည်။

"သဒ္ဒါ ဒီမှာ ကိုမိုးဇွဲရောက်နေတယ်"

သူ့ခြေသံကြားကတည်းက မျက်ဝန်းလေးမှိတ်၊ ကိုယ်လေး
တစ်ဖက်စောင်းကာ အိပ်နေသော သဒ္ဒါကြည်ဖြူမှာ ရဲထွဋ်စကား
ကြောင့် မနေသာတော့ဘဲ မျက်နှာချင်းဆိုင် ကိုယ်လေးလှည့်
လိုက်တော့...

"သဒ္ဒါ ဖျားနေတယ်ဆို"

"ဟုတ်ကဲ့"

သူနှင့် အကြည့်တစ်ချက်သာဆုံလျက် သဒ္ဒါကြည်
မျက်နှာလေး လွှဲသွားလေသည်။ သူမ၏ ထိုပုံစံလေးကိုပင် မိုး
မှာ စိုက်ခနဲကြည့်လိုက်ပြီး...

"ဖျားတယ်ဆိုတုန်းက သဒ္ဒါကို ဒီလောက်ထိဖြစ်တ
မထင်ဘူး၊ ဘယ်လိုဖြစ်တာလဲသဒ္ဒါ"

"ရေချိုးတာ နည်းနည်းကြာသွားလို့ အအေးမိသွား
ပါ"

"သဒ္ဒါက ရေချိုးရင် အဲလိုပဲ အမြဲကြာတတ်တ





ဒါကြောင့် ကျွန်တော် သူ့ကို အမြဲသတိပေးနေရတာ"

ရဲထွဋ်သည် မိုးဇွဲ၏မျက်နှာကို အကဲခတ်သလို ကြည့်ရင်း
က ပြောလိုက်သည်။

"ဒါဆို နောက်ကို သဒ္ဒါ ရေချိုးဆင်ခြင်မှပေါ့၊ ခုကော
ဘယ်လိုနေသေးလဲ သဒ္ဒါ"

"ဟုတ်ကဲ့၊ သက်သာပါပြီ"

မေးလိုက်သည့် မိုးဇွဲ၏စကားသံထဲတွင် သဒ္ဒါကြည်ဖြူ
အပေါ် ကြင်နာနွေးထွေးမှုများပါနေမှန်း ရဲထွဋ် သတိထားမိလိုက်
တော့ ရင်မှာ စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသည်။

"ကိုမိုးဇွဲဟာ သဒ္ဒါအပေါ် တော်တော်ကြင်နာတာပဲ၊
ပြီးတော့ သူ့မျက်ဝန်းထဲမှာ သဒ္ဒါကို ဂရုစိုက်မှုတွေ အထင်းသား
ပေါ်နေရတယ်၊ ပြီးတော့ သူဟာ လူချောတစ်ယောက်၊ ပညာတတ်
ယဉ်မွန်တဲ့သူ ဒီလိုလူမျိုးက သိပ်လှတဲ့ သဒ္ဒါအပေါ် စိတ်မဝင်စား
ဘဲနေမှာတဲ့လား၊ ဒါဖြင့် သဒ္ဒါ သဒ္ဒါကရော"

"ဟား"

ယောကျ်ားချင်းမို့ တစ်ယောက်အတွင်းသဘောကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အကဲခတ်မိနေရသည်လို့ ဆိုရမည်လားမသိပါ။ ရဲထွဋ်သည်ကတော့ သဒ္ဒါအပေါ် ကြည့်သည် မိုးစွေ၏အကြည့်များကို မြင်ပြီး တစ်စုံတစ်ရာကို ရင်မှာ အလိုလိုသိနားလည်လာရသလို။

"ကိုရဲထွဋ်"

"ဗျာ"

အတွေးများနှင့်ရှိနေရသော ရဲထွဋ်မှာ မိုးစွေ၏ခေါ်သံကို သူသည် တည်ငြိမ်စွာပင် ထူးလိုက်မိသည်။

"သဒ္ဒါကို ဘယ်ဆရာဝန်နဲ့ပြလဲ ကိုရဲထွဋ်"

"ဆရာဝန်ကြီး ဒေါက်တာဦးမင်းသူနဲ့ပါ ကိုမိုးစွေ၊ သဒ္ဒါက ဆေးထိုးခံရမှာ သိပ်ကြောက်တတ်တယ်ဗျာ"

"အဟွန်း ဟွန်း ဒါကြောင့် ဆေးထိုးခံရမှာကြောက်တဲ့ကလေး ဖျားတာနဲ့တူပါတယ်"

"အဟွန်း...ဟွန်း...ဟွန်း"

"အို"

သူမအကြောင်းပြောကာ သဘောတကျရယ်နေသော ယောကျ်ားနှစ်ယောက်ကြားတွင် သဒ္ဒါကြည်ဖြူသည် အနေခက်စေ





နှင့် မနေတတ်အောင်ပင် ရှိနေရတော့သည်။

"ကိုမိုးစွေ အလုပ်ကပြန်လာတာနဲ့တူတယ်"

"ဟုတ်တယ် ကိုရဲထွဋ်၊ အလုပ်လေးတွေရှိလို့ နည်းနည်းစောပြန်လာတာ"

ပြောရင်းက သူ့အကြည့်များက သဒ္ဒါကြည်ဖြူထံ ရောက်ရှိသွားရသဘည်။ ဒီအကြည့်က သူတို့နှစ်ဦး တစ်ယောက်ကို တစ်ယောက် နားလည်သည့်အကြည့်။

သဒ္ဒါကြည်ဖြူသည် ရင်တွေ တဒိတ်ဒိတ်နှင့် ဆောင့်ခုန်ဘာဆဲ...

"မောင်ရဲထွဋ် ဖုန်းလာတယ်၊ ဦးကောင်းမြတ်တဲ့"

"ခဏကိုင်ထားပါလို့ ပြောလိုက်ပါ ဒေါ်သောင်း"

ဒေါ်သောင်းသည် အခန်းထဲမှ ပြန်၍ထွက်သွားလေသည်။

"ကိုမိုးစွေ ခဏဗျာ၊ ကျွန်တော် ဖုန်းသွားပြောလိုက်ဦးမယ်၊ သဒ္ဒါ ခဏနော်"

မတတ်သာသည်မို့ သဒ္ဒါကြည်ဖြူ ခေါင်းလေးသာ ညိတ်ပြလိုက်မိသည်။ အခန်းထဲကျန်ခဲ့သူမှာ မိုးစွေနှင့်သူမ။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အပျိုစင်အခန်းလေးထဲ ကျန်ခဲ့သူ ကိုမိုးစွေဆိုတာက သူမအား ချစ်ခွင့်ပန်ထားသည့်သူ။

အခန်းထဲ နှစ်ယောက်တည်းပါလားဆိုသောအသိနှင့် သဒ္ဒါကြည်ဖြူ ရင်ခုန်သံတွေ မမှန်နိုင်တော့အောင် တုန်လှုပ်နေရသလို မိုးစွေသည်လည်း သဒ္ဒါကြည်ဖြူမျက်နှာလေးကိုသာ ငေးစိုက်ကြည့်နေလေသည်။

နှစ်ယောက်သား တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲသူမှာ မိုးစွေပင်ဖြစ်သည်။

"သဒ္ဒါ"

သူခေါ်သံကြောင့် သဒ္ဒါကြည်ဖြူကိုယ်လေး ဆတ်ခနဲတုန်လှုပ်သွားရသည်။ စိတ်ထဲတွင် ကိုလေးကိုသာ တမ်းတနေမိသည်။

မိုးစွေမှာ အနေခက်နေရှာသည့် သဒ္ဒါကြည်ဖြူကို သနားချစ်မြတ်နိုးစိတ်တွေနှင့် သူမလက်လေးတစ်ဖက်ကို ဆုပ်ယူလိုက်တော့

"အို…လွှတ်ပါ၊ ရှင် ရှင် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ ကိုမိုးစွေ"





"ဒီရက်တွေမှာ ကိုယ် သဒ္ဒါကို မတွေ့ရတာ ဘယ်လောက်ထိ အနေခက်ရတယ်မှတ်လဲ၊ သဒ္ဒါ ကိုယ့်ကို ဟိုတစ်ခါကလိုပဲ ရှောင်နေတယ်မှတ်တာ၊ ဒါကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး အရဲစွန့်ပြီး ကိုယ် သဒ္ဒါကို တွေ့ရအောင်လာတာ၊ ဒီရောက်တော့မှ သဒ္ဒါများနေမှန်း ကိုယ်သိရတာ"

ကြင်နာမှုတွေ ယှက်ဖြာနေသော အကြည့်များဖြင့် သဒ္ဒါကြည်ဖြူအား မြတ်နိုးမှုတွေ လွှမ်းကဲစွာ ငေးစိုက်ကြည့်ရင်းက သူမပခုံးပေါ် ဖြာဝေဝဲကျနေသည့် ဆံနွယ်လေးများကို သူ့လက်နှင့် ခပ်ဖွဖွသပ်တင်ပေးလိုက်သည်။

"အို"

သဒ္ဒါကြည်ဖြူသည် သူစိမ်းယောကျ်ားတစ်ယောက်ရှေ့တွင် ယခုလိုမျိုးရှိနေရခြင်းကိုပင် အနေခက် ရှက်ရွံ့မှုတွေနှင့် မနေတတ်အောင် ရှိနေရသည်မို့…

"ရှင်ပြန်ပါ ကိုမိုးစွေ"

"ကိုယ့်ကိုမနှင်ပါနဲ့ သဒ္ဒါ၊ ကိုယ် သဒ္ဒါကိုတွေ့ဖို့ ဘယ်လောက်ထိ ကြိုးစားခဲ့ရလဲဆိုတာ သဒ္ဒါသိမှာမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါတွေမပြောပါနဲ့တော့ရှင်၊ ရှင်ပြန်ပါ၊ တော်ကြာ ကိုလေးပြန်လာတော့မယ်''

''အဟွန်း···အဲဒီအတွက်ဆို သဒ္ဒါ စိတ်မပူနဲ့၊ ကိုယ့်အစ်ကိုက အလိုက်သိပြီးသားပါ''

''ရှင်နော်''

သဒ္ဒါကြည်ဖြူ အစ်ကိုဖြစ်သူကို ဒီလိုပြောရပါ့မလားဆိုကာ မကျေမနပ်လေး ဖြစ်သွားရသည်။

''ကိုလေးက ရှင့်ကို ရိုးရိုးသားသားမှတ်လို့သိလား''

''အေးဗျ၊ ဒီကောင်က ဆန်းဆန်းပြားပြားဖြစ်နေတာ သူမှ မသိဘဲနော်၊ ဘာပဲဖြစ်ဖြစ် သဒ္ဒါရယ် ကိုယ့်အတွက် ရတဲ့အချိန်မှာတော့ သဒ္ဒါ ကိုယ့်ကို အဖြေတစ်ခုခုတော့ ပေးစေချင်တယ်''

''ရှင်နော် ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မ နေကောင်းတာ မဟုတ်ဘူး''

''သဒ္ဒါအဖျားက ဒီတစ်ရက်နှစ်ရက်ဆို ပျောက်သွားမှာပါ၊ ဒါပေမယ့် ကိုယ့်အတွက်အဖြေကတော့''

''အို တော်တော်လည်း ခက်ပါလား''





''မခက်ပါဘူး သဒ္ဒါ၊ ကိုယ်လိုချင်တဲ့အဖြေကို သဒ္ဒါပေးလိုက်ရင် လွယ်ပါတယ်ဗျာ''

''သဒ္ဒါ''

''ကိုယ့်ကိုချစ်တယ်မဟုတ်လား သဒ္ဒါ''

''အို ရှင့်ကို ဘယ်သူပြောလဲ''

''အေးကွ···မပြောလို့လည်းမရဘူး၊ ဒီနေ့တော့ ကိုယ်ဆုံးဖြတ်ထားတယ်၊ ဖြစ်ချင်တာဖြစ်တော့ ဒီနေ့တော့ သဒ္ဒါဆီက အဖြေကို ကိုယ်ရအောင်တောင်းမယ်လို့ ဆုံးဖြတ်ပြီးသား၊ ကိုရဲထွဋ်ပြန်လာလို့ တွေ့သွားလည်း ကိုယ်ကတော့ ဆုံးဖြတ်ချက်ပြင်မှာမဟုတ်ဘူးဗျာ''

သူ့ပုံစံက တကယ်ပဲ ပြောရင်ပြောသလို လုပ်တော့မည် ဆုံးဖြတ်ထားပြီးသားဟန်မို့ သဒ္ဒါကြည်ဖြူ မျက်နှာလေး ပျက်နေရတော့သည်။

ပြောလို့ရသည်မဟုတ်။ သူတကယ်ပဲ တဇွတ်ထိုးလုပ်နေပါက မတော် ကိုလေးပြန်လာလို့ တွေ့သွားမှဖြင့် ခက်လှချည်ရဲ့ ဆိုသည့် ရှက်ကြောက်မှုအတွေးဖြင့် သဒ္ဒါကြည်ဖြူစိတ်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်လာရကာ သူ့လက်ထဲမှ သူမလက်လေးကို ရုန်းယူလိုက်သည်။

"လွှတ်...လွှတ်ပါ"

"မလွှတ်ဘူး၊ ကိုယ့်ကိုချစ်တယ်ပြော"

"ရှင်နော်"

"မပြောဘူးလား၊ ဒါဆိုလည်း ရတယ်၊ ကိုယ်ကတော့ ဒီအတိုင်းနေလိုက်ရုံပဲ၊ ကိုရဲထွဋ်မြင်လို့မေးလည်း ကိုယ် အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရုံပဲရှိတယ်"

"ကိုမိုးဆွေ ရှင် ရှင်"

မျက်နှာရဲရဲလေးနှင့် ရှက်ဒေါသတွေ လွှမ်းကဲနေရသော သဒ္ဒါကြည်ဖြူမှာ မိုးဆွေ၏ တဇွတ်ထိုးဆန်မှုအား ရဲထွဋ် မြင်တွေ့သွားမှာကို စိုးရိမ်ထိတ်လန့်ဟန်လေးနှင့် ရှိနေသလို တစ်ဖက်ကလည်း မိုးဆွေ၏ တစ်ဖက်သတ်ဆန်ဆန် အချစ်လွှမ်းကဲမှုကြောင့် ရှက်ရွံ့မှု မချင့်မရဲရှက်ဒေါသများဖြစ်နေရသည်။

"ဟော...ခြေသံကြားတယ်၊ ကိုရဲထွဋ်နဲ့တူတယ်"

"ဟင်"





သဒ္ဒါကြည်ဖြူမှာ ထိတ်ထိတ်ပြာပြာလေး ဖြစ်သွားရကာ

"ကိုမိုးဆွေ လွှတ်၊ သဒ္ဒါကိုလွှတ်ပါ"

"လွှတ်စေချင်ရင် ကိုယ့်ကိုချစ်တယ်ပြောလိုက်လေ"

"ဒုက္ခပါပဲ၊ ရှင်တော်တော် တဇွတ်ထိုးဆန်ပါလား ကိုမိုးဆွေ၊ သဒ္ဒါ သဒ္ဒါ"

"အေးဗျ ကိုရဲထွဋ်ဝင်လာပြီလားမသိဘူး"

"အို...ချစ်တယ် ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ရှင်နော်"

"ပြောလေဗျာ"

"ရှင့်ကို၊ ကိုမိုးဆွေကို ကဲ လွှတ်ပါတော့"

"အဟွန်း...ဟွန်း...ဟွန်း"

"သဒ္ဒါရယ်"

ရှိရှိသမျှအပျော်တွေ သူ့ရင်ထဲ စီးဆင်းသွားသလို မိုးဆွေနှလုံးသားလေးသည် အချစ်နှင့် အမှန်ပင် ထိတွေ့သွားရပြီမို့ ကြည်နူးလန်းဆန်းသွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲထွဋ်မှာ မှုပျက်နေသော သူတို့နှစ်ဦးကို သတိမထားမိပါပေ။ မိုးစွေ သဒ္ဓါအပေါ် တွယ်ငြိနေသည်ကိုသိပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသွားလိမ့်မည်လို့လည်း ရဲထွဋ် မထင်ခဲ့မိပါပေ။

သို့သော်…

သူမထင်ခဲ့သည့်အဖြစ်က ကာယကံရှင်နှစ်ဦးကို တကယ်ပဲကြုံတွေ့စေခဲ့ရပြီကိုတော့ ရဲထွဋ် မသိနိုင်ခဲ့ပြီမဟုတ်ပါတကား။

၀ ၀ ၀



# အခန်း (၁၀)

"သဒ္ဓါကို တွေ့ချင်တယ်ဆိုတာ ရှင်ဘာပြောမလို့လဲ ကိုမိုးစွေ"

"ဟောဗျာ…ကိုယ့်ချစ်သူကိုတွေ့ချင်တာ ပြောစရာစကားရှိမှ တွေ့ရမှာလား သဒ္ဓါ"

"အို ဒါတွေသဒ္ဓါမသိဘူး၊ ခု သဒ္ဓါအလစ်ကို မနည်းထွက်လာရတာ၊ မဟုတ်ရင် ရှင့်ကို သဒ္ဓါ လာတွေ့မှာ မဟုတ်ဘူး"

"သဒ္ဓါရယ် ကိုယ့်ကို ရှင် ရှင်လို့ မပြောပါနဲ့နော်"

သူစကားဆိုတော့ သဒ္ဓါကြည်ဖြူမှာ အားနာသွားရသလို

"သဒ္ဓါ ရှင့်ကို၊ အဲ ကိုမိုးစွေကို"

"အဲဒီလိုခေါ်တာကြီးကိုလည်း ကိုယ်မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာလေးချလျက် သဒ္ဒါကြည်ဖြူ ငြိမ်သက်သွားရသည်။ မိုးရွှေမှာ သူမ၏ မတုန်မလှုပ် အမူအရာလေးနှင့် အေးတိအေးစက်အသွင်လေးကို ကြည့်ပြီး အားမလိုအားမရကြီး ဖြစ်လာရကာ သဒ္ဒါကိုယ်လေးကို သူ့ရင်ခွင်ထဲ သိမ်းကျုံးဆွဲယူဖက်ထားလိုက်တော့…

"အို ကိုမိုးရွှေ"

"ပြောထားတယ်လေ၊ အဲလိုခေါ်တာကြီး မကြိုက်ဘူးဆိုတာ၊ ကိုလို့ခေါ်"

"ဟင်"

"ခေါ်လေ ကိုလို့"

"ခေါ်ချင်ပါဘူး"

"အေး…ဒီလောက်ခေါင်းမာတဲ့မင်းလေး မခေါ်ချင်ရင် ခေါ်ချင်အောင်လို့ ဟောဒီလို"

"အို"

"ကို"

"အဟွန်း…ဟွန်း ဟွန်း"





"ချစ်ရယ်ဗျာ"

သူ၏ခြိမ်းခြောက်စကားမှ မဆုံးလိုက်ရ သဒ္ဒါကြည်ဖြူသည် သူ့အား ဘယ်လောက်ထိ ကြောက်ရွံ့နေရှာသည်မသိပါ။ ထိတ်လန့်ကြောက်ရွံ့သော မျက်ဝန်းလေးနှင့် မျက်နှာလေးရဲပကာ သူ့ရင်ခွင်ထဲ သူမကိုယ်လေး တိုးဝင်လာသည်ကို မိုးရွှေမှာ ခပ်တင်းတင်းလေး သိုင်းဖက်ထားလိုက်ပြီး ကြည်နူးကြည်မွေ့စွာ ရယ်လိုက်ရင်းမှ ချစ်စိတ်များ တိုးသွားရတော့သည်။

"ကြည့်စမ်း ကိုယ့်ချစ်သူလေးက ဒီလိုဆိုတော့လည်း လိမ္မာသားပဲ"

"ကိုနော်"

မျက်စောင်းလှလှလေးတစ်ချက်က မိုးရွှေထံ ရောက်လာရလေ၏။

"အေးဗျ…အဲဒီမျက်စောင်းက သိပ်မထိုးနဲ့နော်၊ တော်ကြာ ဒီမျက်စောင်းလှလှလေး ဒဏ်မခံနိုင်ရင်တော့ ကိုယ့်အပြစ်မဟုတ်ဘူးဗျာ"

ပြောပြီး သူမကိုယ်လေးကို ခပ်တင်းတင်းဖက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အို…လွှတ်ဦး"

သဒ္ဒါကြည်ဖြူသည် သူ့ကိုယ်ကြီးအား သူမလက်လေးနှင့် တွန်းဖယ်ထားရင်းမှ

"ကို"

"ဗျာ"

"သဒ္ဒါ ကို့ကို ပွင့်ပွင့်လင်းလင်းပဲ မေးချင်တယ်"

"အဟွန်း…ဘာများလဲသဒ္ဒါရဲ့၊ သဒ္ဒါကြိုက်တာ မေးစေဗျာ"

မိုးဆွေမှာ သဒ္ဒါကြည်ဖြူအချစ်ကို ပိုင်ပိုင်ရလိုက်ပြီမို့ တကယ့်ကို ပျော်ရွှင်နေဟန်။ သူ့မျက်နှာချောချောကြီးမှာ အစွမ်းကုန်ပြုံးနေရကာ သူ့ပုံစံက သဒ္ဒါကြည်ဖြူ ဆိုးနွဲ့သမျှကိုလည်း အစွမ်းကုန် အလိုလိုက်သည်းခံတော့မည့်ပုံမျိုး။

"ဟိတ်…မေးမယ်ဆိုမေးလေဗျာ၊ ဘာလို့ ကိုယ့်ကို ဒီလောက်ကြည့်နေရတာလဲ"

"ကိုနော် ကို"





သူ့စကားကြောင့် မျက်နှာလေးမထားတတ်အောင် ရှက်အားပိုသွားရသော သဒ္ဒါကြည်ဖြူမှာ ရှက်ရှက်နှင့် လုပ်မိလုပ်ရာ မိုးဆွေရင်ဘတ်ကြီးကို တွန်းထိုးထုရိုက်ကုတ်ဖဲ့နေတော့

"ဒုက္ခပါပဲကွာ၊ လူကို နှိပ်စက်နေတော့တာပဲ၊ ကောင်မလေး ကိုယ့်ကိုတကယ်မှ ချစ်တာဟုတ်ရဲ့လား မသိပါဘူး"

သူ့စကားကြောင့် သဒ္ဒါကြည်ဖြူမှာ မခံချင်ဖြစ်သွားရသလို ခေါင်းလေး ဆတ်ခနဲမတ်လာပြီး…

"ကိုနော် ဒါဘာစကားပြောတာလဲ၊ သဒ္ဒါ့အချစ်ကို ကို မယုံဘူးဆိုလည်း လူကိုဘာလို့လာချစ်နေသေးလဲ၊ အို ဖယ် ဖယ်သွား သဒ္ဒါ့အချစ်ကိုမယုံတဲ့ ရှင့်ကို သဒ္ဒါကလည်း မချစ်တော့ဘူး"

မျက်နှာတင်းတင်းလေးနှင့် နှုတ်ခမ်းလေးကို ကိုက်ကာ သူ့ရင်ခွင်ထဲက ဖယ်ရှားရုန်းကန်နေသော သဒ္ဒါကြည်ဖြူကြောင့် မိုးဆွေမှာ မျက်လုံးပြူးလျက် သူအစလွန်သွားပြီမှန်း သိလိုက်သည်မို့

"သဒ္ဒါကလည်းကွာ ကိုယ်ကချစ်လို့စတာကို"

"ဟင် ဘာချစ်တာလဲ"

"ကိုယ့်ဘဝမှာ သဒ္ဒါဟာ ကိုယ့်ဘဝရဲ့ ပထမဦးဆုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အချစ်ဆုံးမိန်းကလေးဆိုတာ ကိုယ်သစ္စာဆိုရဲပါတယ် ကိုယ့်အချစ်ကို သဒ္ဒါယုံပါဗျာ"

"အချစ်ဆိုတာ သဒ္ဒါကိုမြင်မှ ကိုယ့်ရင်ထဲ ဖြစ်ပေါ်လာ တာပါ၊ ပြီးတော့ ကိုယ့်ဘဝမှာ ဘယ်မိန်းမကိုမှလည်း ဒီစကားမျိုး မပြောဖူးဘူး၊ ဒါပေမယ့် သဒ္ဒါနဲ့ပတ်သက်လာရင် ကိုယ့်ဘဝမှာ သဒ္ဒါကလွဲပြီး ဘာကိုမှ တန်ဖိုးမထားနိုင်တော့လောက်အောင် သဒ္ဒါကိုချစ်ခဲ့တယ်၊ ချစ်လွန်းလို့လည်း သဒ္ဒါ့အချစ်ကို ကိုယ်မရ အောင် ကြိုးစားခဲ့ရတာ သဒ္ဒါသိပါတယ်"

သူ့စကားတွေအတွက် သဒ္ဒါကြည်ဖြူသည် ဘာတစ်ခု ဝေဖန်ပြောခြင်းမရှိပါဘဲ ငြိမ်သက်နေရ၏။

သူမဘက်က ငြိမ်သက်နေလေလေ မိုးစွေရင်ထဲ ပို၍ မချင့်မရဲ အခံရခက်ခက်ကြီးဖြစ်လာလေနှင့် နောက်ဆုံး သူ့ရင်ထဲက အချစ်စိတ်တို့ တားဆီးထိန်းချုပ်လို့မရတော့။

"ကိုရယ်"

သူ့အနမ်းများကြောင့် သဒ္ဒါကား ရင်ဖိုနွေးလျနေရသလို ချောက်ချားတုန်လှုပ်မှုတွေနှင့် ရင်ထဲဝေဒနာ ရသပေါင်းစုံကိုလည်း





ခံစားနေရသည်။

တင်းကြပ်လွန်းသည့် သူ့လက်ထဲတွင် သဒ္ဒါကြည်ဖြူ သည် အသက်ရှူလေးများမဝအောင် ဖြစ်လာရသည်မို့

"လွှတ်ပါ ကို၊ ကို့ကို သဒ္ဒါ စကားပြောပါရစေဦး"

"အဟွန်း...ဟွန်း"

သူမစကားကြောင့် မိုးစွေမှာ သူ့အဖြစ်ကိုသူ ရှက်လွန်းလွန်း ကြီး ရယ်မောမိလိုက်သည်။

"ကဲ ပြောလေဗျာ"

"ကို"

"ဗျာ"

"သဒ္ဒါကို ကို တကယ်ချစ်တာပါနော်"

"ဟောဗျာ၊ ချစ်တာပဲ အလကား အလကား ချစ်လို့ရ သေးလို့လား"

"မနောက်ပါနဲ့ကို၊ သဒ္ဒါ ဒီစကားကိုသိချင်လို့ ကို့ကိုမေး နေတာ"

သဒ္ဒါကြည်ဖြူ စကားအဆုံး မိုးစွေမျက်နှာချောချောကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် တည်သွားရပြီး…

"ကိုယ့်အချစ်ကို သဒ္ဒါမယုံလို့လား"

"မဟုတ်ဘူး ကို၊ ကို့အချစ်ကို သဒ္ဒါသိချင်တာ"

"ဒါဆို သဒ္ဒါမှတ်ထား၊ ကိုယ့်ဘဝမှာ အချစ်ဆိုတာ သဒ္ဒါကလွဲပြီး တခြားသူ ဘယ်တော့မှ ရှိလာမှာမဟုတ်တော့ဘူး ရှိလည်းမရှိစေရဘူး၊ ဒါ ကိုယ့်ရဲ့သစ္စာပဲ"

တည်ငြိမ်ပြတ်သားမှုတွေနှင့် ဆိုလိုက်သည့် မိုးဇွေစကားက သဒ္ဒါကြည်ဖြူနှလုံးသားကို သိမ့်သိမ့်လှုပ်ခါပူနွေးသွားစေ သည်။

သူ့စကားတွေသည် အမှန်တွေဆိုတာကိုလည်း သဒ္ဒါကြည်ဖြူ နှလုံးသားချင်း နားလည်လိုက်ပါ၏။

နားလည်မှုနှင့်အတူ မိုးဇွေအပေါ် သူမအချစ်များသည် ယုံကြည်မှုတွေနှင့် တိုးသွားရပြီး သူ့ရင်ခွင်ဝယ် သူမမျက်နှာလေး မေးအပ်လိုက်မိသည်။

"ကိုယ့်အချစ်ကို ယုံပြီလား သဒ္ဒါ"

"အင်း"





သူ့ရင်ခွင်ထဲမှပင် သဒ္ဒါကြည်ဖြူသည် ခေါင်းလေးညိတ် ပြလိုက်သည်။

"အဟွန်း…သဒ္ဒါရယ်"

ရင်ဝယ်ကြည်နူးကျေနပ်မှုတွေနှင့် မိုးဇွေသည် သဒ္ဒါကြည်ဖြူအား ချစ်မဝနိုင်တော့ပါ။

သည်မိန်းကလေးသည် ဘဝဘဝက ရေစက်အကြောင်း ပါခဲ့၍လားမသိပါ။ ဒီအသက်အရွယ်ရောက်တဲ့အထိ ဘယ်မိန်းက လေးတစ်ယောက်ကြောင့်မှ ရင်ခုန်စိတ်လှုပ်ရှားခဲ့ခြင်းမရှိသော သူ သည် သူမလေးကို မြင်လိုက်ရသည့်အချိန်မှာတော့ သူ့နှလုံးသားကို ပင် သူ မရုက်နိုင်တော့အောင် ရင်တွေခုန်၊ စိတ်လှုပ်ရှားခဲ့ရသည့် အဖြစ်။

မြင်မြင်ချင်း အချစ်ဆိုတာ သူမအပေါ် ချစ်ရသည့် သူ့ အချစ်သာဖြစ်ပါလိမ့်မည်။

မိုးဇွေသည် စစ်မှန်သော သူ၏ချစ်ခြင်းမေတ္တာများအတွက် သူကျေနပ်စွာတွေးရင်း ချစ်သူကိုယ်လေးအားလည်း ထွေးပွေ့ထားဆဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကြည်ဖြူမှာလည်း မိုးဇွေကို သူမချစ်လိုက်ရသည့်အတွက် နောင်တမရပါ။ သူနှင့်ပတ်သက်ကာ သူမကိုယ်သူမလည်း အကြိမ်ကြိမ်ပြန်၍ မေးခဲ့ဖူးပါသည်။ ထိုသည်ကား သူမ သူ့ကို ချစ်မချစ်ဆိုတာပင်။

အဖြေကတော့ တစ်ခုပဲရှိလာပါ၏။ ထိုသည်က သူမသည် သူ့အားချစ်ပါသည်ဆိုတာပင်။

သူမထံမှ ချစ်အဖြေကို ဖွင့်တောင်းပြီးကတည်းက မိုးဇွေသည် သဒ္ဒါကြည်ဖြူအား နှစ်ယောက်ချင်းတွေ့ဆုံနိုင်ရန် ကြိုးစားနေသူဖြစ်သည်။

ထိုကြိုးစားမှုအတိုင်းလည်း မိုးဇွေသည် သဒ္ဒါကြည်ဖြူကို တွေ့ခွင့်ရခဲ့ပါ၏။

ယခု သူသည် ချစ်သူကို ထွေးပိုက်ထားရသည့်အဖြစ်။ မိုးဇွေရင်ခွင်ထဲတွင် လူကရှိနေပေမယ့် စိတ်တို့မရှိနိုင်သူ သဒ္ဒါကြည်ဖြူဖြစ်သည်။

ချစ်ပါသည်ဆိုသော မိုးဇွေရင်ခွင်ထဲတွင် လူကရှိနေပေမယ့် စိတ်တို့သည် ရဲထွဋ်ထံ ရောက်နေရသည်။





သူမ၏စိတ်ထဲတွင် အစ်ကိုရင်းအဖြစ်သိထားသည့် ရဲထွဋ်က သူမနှင့်မိုးဇွေ ချစ်နေကြသည်ကိုသိပါက ဘာပြောမည်နည်း။

သေချာသည်ကတော့ ကိုလေးသည် သူမတို့ချစ်ခြင်းကို ...ည်က သေချာသည်။ အကြောင်းကား သူမသည် ကိုလေးကို ...ပ်ချစ်သလို ကိုလေးသည်လည်း သူမကို သိပ်ချစ်သောကြောင့် ...သည်။ သဒ္ဒါကြည်ဖြူမှာ ရင်မောသွားရ၏။

"သဒ္ဒါ"

"ရှင်"

"အဟွန်း ကိုယ်ခေါ်နေတာ ကြာပြီ၊ ပြောစမ်း သဒ္ဒါ ...တွေတွေးနေတာလဲဆိုတာ"

အပြုံးလွှန့်လွှန့်နှင့် သူ့မျက်နှာချောချောကြီးကို မော့ကြည့် ... သဒ္ဒါကြည်ဖြူ သက်မချလိုက်သည်။

"ကို"

"ပြောလေ သဒ္ဒါ"

"ကိုနဲ့သဒ္ဒါ ချစ်နေတာကို ကိုလေးသာသိရင် ဘာပြော ...မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါရယ် ကိုယ်ကဘာများလဲလို့ကွာ၊ ကိုရဲထွဋ်လည်း လူငယ်တစ်ယောက်ပဲ၊ သူ့ ဒီလောက်တော့ နားလည်မှုရှိမှာပါ"

"သဒ္ဒါတော့မထင်ဘူးကိုရယ်၊ သဒ္ဒါစိတ်ထဲမှာ လေးနေ သလိုပဲ၊ ကိုလေးက သဒ္ဒါကိုသိပ်ချစ်တာ"

"သူချစ်သလို ကိုယ်ကလည်း သူ့ထက်မလျော့တဲ့ အချစ် နဲ့ သဒ္ဒါကိုချစ်တယ်လေ"

သူ့စကားကို သဒ္ဒါကြည်ဖြူသည် အကြည့်ငေးငေးလေး နှင့်သာ ကြည့်နေလိုက်သည်။

ချစ်သူ၏မျက်နှာ မရွှင်သည်ကို မြင်တော့ မိုးစွေသည် လည်း ရင်ထဲမကောင်းနိုင်တော့ပါ။ ခုချိန် ချစ်သူအရိပ်သည် သူ့အရိပ်အဖြစ် ရှိနေသည်မို့ ချစ်သူမျက်နှာ ညှိုးနေပြန်တော့ သူမနေ တတ်တော့။

"ဒီလောက်လည်းမစိုးရိမ်ပါနဲ့ သဒ္ဒါ၊ ကိုရဲထွဋ်က ကိုယ်တို့အပေါ် နားလည်မှုရှိမှာပါ"

သူ့မကိုသိပ်ချစ်သော ကိုလေးသည် အချစ်နှင့်ပတ်သက် လာလျှင် သူထင်သလို သူမကို နားလည်မှုပေးနိုင်လိမ့်မည်မဟုတ်





ကြောင်းကိုတော့ သဒ္ဒါကြည်ဖြူ မိုးစွေအား မပြောဖြစ်တော့ပါ။

"ကပါချစ်ရယ် ကိုယ်တို့တွေ့တဲ့ အချိန်ခဏလေးမှာ စိတ်ညစ်စရာတွေ ဘေးဖယ်ထားလိုက်ကြရအောင်နော်၊ ကိုယ့်မှာ သဒ္ဒါကိုတွေ့ဖို့ မနည်းကြိုးစားခဲ့ရတာ"

"ကိုရယ် သိပ်လည်းမရဲနဲ့ကွယ်၊ တော်ကြာ ကိုလေးရိပ်မိ သွားလိမ့်မယ်"

"ရိပ်မိသွားတယ်ဆိုလည်း အဲဒါ ခင်ဗျားလေးလုပ်လို့ပဲ"

"ကိုနော် သဒ္ဒါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျာ၊ အဆိုင်ဆုံးက သဒ္ဒါပဲ၊ ဘယ့်နှယ့် ကိုယ့်ကိုချစ်ပါတယ်ပြောပြီးကတည်းက အတွေ့မခံတော့တာ ကိုယ့် မှာ ထီပေါက်ပါရက်နဲ့ ထီလက်မှတ်ပျောက်ရသလိုပဲ၊ ဒါကြောင့် မထူးဘူးဆိုပြီး နောက်ဆုံး ဒေါ်သောင်းကို မျက်နှာပူပူနဲ့ အကူအညီ တောင်းရတော့တာပဲ၊ အဲဒါတွေအားလုံးဟာ မင်းလေးကြောင့် သိလား"

မချင့်မရဲဟန်ကြီးနှယ်ပြောရင်းက သဒ္ဒါကြည်ဖြူ နဖူးခေါင်း လေးကို ခပ်ဖွဖွဆွဲညှစ်လျက် သူ့မကိုယ်လေးကို သူ့ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းကြီး ပွေ့ဖက်ထားလိုက်သည်။

တကယ်တော့ သူပြောသလိုပင် သဒ္ဒါကြည်ဖြူသည် သူ့အား ချစ်အဖြေပေးပြီးကတည်းက သူနှင့်မျက်နှာချင်းအဆိုင်မခံပါလေတော့။ သူမနှင့်တွေ့နိုင်အောင် သူကြိုးစားနေပေမယ့် သူမသည် သူနှင့်တွေ့ရမည်ကိုပင် ရှက်ကြောက်စိုးရိမ်ထိတ်လန့်စိတ်တွေနှင့် ရှောင်နေခဲ့လေသည်။

ဒါကိုသူသိ၍ထင်။ နောက်ဆုံး ဒေါ်သောင်းနှင့် သူ့အားလာတွေ့ပါရန်နှင့် လာမတွေ့ပါက သူမကို မရရသည့်နည်းနှင့်တွေ့နိုင်ရန် ကြိုးစားမည့်အကြောင်း ဒေါ်သောင်းအား စကားမှာလိုက်လေ၏။

သူ့ခြိမ်းခြောက်မှုက ဘယ်လောက်ထိ သူမအား ထိရောက်သွားသည်မသိပါ။ ကိုရဲထွန်း အလုပ်သွားသည်နှင့် ခြံထဲမှာပင် နှစ်ယောက်သား တွေ့မိကြလေသည်။

မိုးစွေမှာ သူ့အဖြစ်ကို သူသဘောကျစွာ ခပ်လွန့်လွန့်ရယ်ရင်း ဝင်းမှုန်အိစက်နေရသော သူမပါးပြင်နုနုလေးကို နမ်းရှိုက်ရင်းမှ





"သဒ္ဒါရယ် မောင်သိပ်ချစ်တာပဲ" ဆိုသည့်စကားကိုဆိုတော့ သဒ္ဒါကြည်ဖြူသည် ရင်မှာ သိမ့်ခနဲလိုက်ဖိုသွားကာ

"သဒ္ဒါရင်ထဲမှာ တစ်မျိုးပဲကိုရယ်၊ ကိုနဲ့သဒ္ဒါ ဝေးရမှာကို ကြောက်နေသလိုပဲ"

"စိတ်ချပါသဒ္ဒါရယ်၊ ကိုနဲ့သဒ္ဒါ မဝေးရပါဘူး၊ အဝေးလည်း အဝေးမခံနိုင်ဘူး၊ ကိုယ် သဒ္ဒါကိုသိပ်ချစ်တယ်၊ ရှင်းရှင်းပြောရရင် ကိုယ့်ဘဝမှာ သဒ္ဒါနဲ့တွေ့မှ အချစ်ဆိုတာဖြစ်တည်လာခဲ့ရတာ၊ ဒါကြောင့် သဒ္ဒါကို ကိုယ်ဘယ်နည်းနဲ့မှ အဝေးမခံနိုင်ဘူး"

ကြားလေသွေးလို့ဝေးမှာကိုပင် မခံနိုင်လောက်အောင် ရင်ဝယ် ချစ်စိတ်တွေပြည့်လျှံနေရသော မိုးစွေသည် သဒ္ဒါကြည်ဖြူအား သိပ်ချစ်ရလွန်းသောကြောင့် မချင့်မရဲကြီးနှယ် ဖြစ်ရကာ သဒ္ဒါကြည်ဖြူအား ရင်ချင်းအပ် တင်းတင်းလေးပွေ့ဖက်ရင်းမှ အနမ်းခြွေလို့မကုန်ဆုံးနိုင်ပါတော့။

"သဒ္ဒါ"

"ဟင်"

"ကိုကိုချစ်လားသဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

နှင့်သည်းမွှတ်ဖြာသော သက်မလေးကို သဒ္ဒါကြည်ဖြူ ချလိုက်ပြီး

"ကိုကို သဒ္ဒါမမုန်းပါဘူးရှင်"

"ကိုယ်ကြားချင်တာ ဒီစကားမဟုတ်ဘူး၊ သဒ္ဒါ ကိုယ့်ကို ချစ်လားဆိုတာပဲ"

သူ့ရင်ခွင်ထဲရောက်နေရပေမယ့် သဒ္ဒါကြည်ဖြူသည် သူ့အား ချစ်ပါသည်ဆိုတဲ့စကားကိုတော့ဖြင့် ပြောဖို့ရာ ခက်ခဲနေသယောင်။

တစ်ဖက်သို့လှည့်ကာ ငေးမောနေသော သဒ္ဒါကြည်ဖြူ မျက်နှာလေးကို သူ့ဘက်သို့ ညင်ညင်သာသာ ဆွဲလှည့်ယူလိုက်ပြီးကာ သူနှင့်အကြည့်ချင်းဆုံစေလိုက်သည်။

ထိုအခါ သဒ္ဒါကြည်ဖြူ အကြည့်လေးတွေက သူ့ထံ ရောက်ရှိလာရ၏။ သို့သော် သူစိတ်ထင်၍ပဲလားမသိ။ သူမ အကြည့်လေးတွေသည် အေးစက်နေသယောင်။

"ဟင်း"





မိုးစွေသည် သက်မကိုချလိုက်ပြီး

"သဒ္ဒါကိုကြည့်ရတာ ကိုယ်အားမရဘူးဗျာ၊ သဒ္ဒါ ကိုယ့်ကို တကယ်မှချစ်ရဲ့လားဟင်"

သူ့စကားကြားပြန်တော့ သဒ္ဒါသည် စိတ်မကောင်းဖြစ်သွားရပြန်၏။ ကိုမိုးစွေ သူမကို သိပ်ချစ်မှန်း သဒ္ဒါသိပါသည်။

ထိုသို့သိပါရက်နှင့် သူမသည် သူ့အား ချစ်ကြောင်းပြန် ပြောဖို့ကိုတော့ သဒ္ဒါကြည်ဖြူ ဘာကြောင့် နှုတ်နှေးနေရပါသည် လဲ။

သဒ္ဒါကြည်ဖြူ သူ့ကိုကြည့်လိုက်သည်။ မျက်ဝန်းချင်းဆုံ သွားနိုက် သဒ္ဒါကြည်ဖြူရင်အစုံသည် ဝေဒနာလေး ဖြစ်သွားရ သလို။

ချစ်စ ကြင်စ ချစ်သူနှစ်ဦးမှာ တစ်ယောက်ကိုတစ်ယောက် အကြည့်များ မလွှဲတမ်းငေးစိုက်ကြည့်နေစဉ်မှာ

"ဒါက ဘာဖြစ်နေကြတာလဲ"

"ဟင်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲထွဋ်"

"ကိုလေး"

မေးကြောကြီးများထောင်ကားလျက် နီရဲစိုစွတ်နေသည့် မျက်ဝန်းစူးစူးကြီးများဖြင့် အံကိုတင်းတင်းကြီးကြိတ်ကာ ခါးကြီးထောက်လျက် လူသတ်တော့မည့်အတိုင်း ကြည့်နေသော ရဲထွဋ်ကို တွေ့လိုက်ရသောကြောင့် မိုးဇွေနှင့် သဒ္ဒါကြည်ဖြူမှာ အလန့်တကြား လေး လူချင်းခွဲသွားရသည်။

အကောက်ခွန်အရာရှိလေး ရဲထွဋ်မှာ သူ့နှလုံးသားတွင် နှင့်သည်းစွာချစ်ရပါသည့် ချစ်သူလေးနှင့် အင်ဂျင်နီယာလေး ကိုမိုးဇွေကို ရင်းရင်းနှီးနှီး ဖက်လှဲတကင်းအသွင်ဖြင့် တွေ့လိုက်ရသောအခါ ရင်ထဲ ဒေါသမုန်တိုင်း ပြင်းပြင်းထန်သွားရသည့်နှယ် ရှူးရှူးရှဲရှဲ ဒေါသတွေက အမြင့်ဆုံးတက်ကာ သဝန်တို စိတ်မချမ်း နာလိုခံခက်မှုတွေနှင့် ခြေလှမ်းများ ရှေ့သို့တိုးလာလိုက်ပြီး

"ကိုမိုးဇွေ၊ ခင်ဗျား ခင်ဗျား"

"ကိုလေး"

ရဲထွဋ်က ဘာကိုမှမမြင် မကြားပါလေတော့။ ဒေါသတွေ





မာန်ချီနေရသောအကြည့်တွေနှင့်သာ စူးစူးစိုက်စိုက်ကြည့်လျက်

"ခွပ် ခွပ်"

"အား သေပါပြီ"

"အဲဒါ အခွင့်အရေးယူချင်ဦး"

"ခွပ် ခွပ်"

အံကိုတင်းတင်းကြိတ်ရင်းက မကျေနပ်သမျှ ပြောလည်းပြော သူ့လက်သီးများကလည်း မိုးဇွေအား ဆင့်ကာသာထိုးနေလိုက်ပါတော့သည်။

သဒ္ဒါကြည်ဖြူမှာ ထိုအခြေအနေကို ကြောက်စိတ်လေးနှင့် မျက်ဝန်းလေးပြူးကာ ကြည့်နေရင်းမှ

"ကိုလေး ကိုလေး၊ သဒ္ဒါတောင်းပန်ပါတယ်၊ သဒ္ဒါ့အပြစ်ပါ၊ ကိုမိုးဇွေကို မထိုးပါနဲ့၊ ကိုမိုးဇွေမှာ အပြစ်မရှိပါဘူး၊ သဒ္ဒါ့အပြစ်ပါ၊ သဒ္ဒါ့ကိုသာ သတ်ပါ၊ အဟင့် ဟင့် ဟင့်"

ကြည့်နေရင်းက မျက်ဝန်းလေးပြာတက်လာရသော သဒ္ဒါကြည်ဖြူသည် ဒေါသတွေ အမြင့်ဆုံးရောက်နေရသော ရဲထွဋ်ကို ငိုရှိုက်လျက် တောင်းပန်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နောက် နှုတ်ခမ်းထောင့်စွန်းတွင် သွေးများဖြာကျလျက် ရဲထွဋ်လုပ်သမျှကို ဘာတစ်ခုမှ မခုခံဘဲ လဲကျနေသည့် မိုးစွေကိုယ်ကြီးကို သဒ္ဒါကြည်ဖြူသည် သွား၍ထူမလိုက်ပြီး

"ကိုမိုးစွေမှာ ဘာအပြစ်မှမရှိပါဘူး ကိုလေး၊ သဒ္ဒါအပြစ် သဒ္ဒါကိုသာ သတ်လိုက်ပါ"

"ဟင်"

ရုတ်တရက် ရဲထွဋ်နှလုံးခုန်သံတွေပင် ရပ်သွားသည်လား မပြောတတ်တော့ပါ။ သူ့နှလုံးသည်းပွတ်တမျှ ချစ်ရပါသည့် ချစ်သူလေးက ခုတော့ သူမဟုတ်သည့် ယောကျ်ားတစ်ယောက်အတွက် မျက်ရည်များနှင့် ငိုရှိုက်တောင်းပန်နေရုံမက ထိုယောကျ်ားအတွက် အသက်ကိုပါစွန့်ရန် ဝန်မလေးသည့် သဒ္ဒါကြည်ဖြူကိုကြည့်ပြီး သူ့နှလုံးသားများသည် နာကျင်အက်ကွဲကြေမွသွားရသည်။

သူမအတွက် သူ့ဘဝတစ်ခုလုံး ပေးဆပ်ထားရပါသည့် သူသိပ်ချစ်ရပါသော (သူမကလည်း သူ့အား သိပ်ချစ်ပါသော) သဒ္ဒါကြည်ဖြူသည် ဘဝသစ်တွင် စိတ်သစ်၊ လူသစ်၊ နှလုံးသားသစ်နှင့် ကိုမိုးစွေအပေါ် နင့်သည်းစွာ ချစ်မိနေသည်တဲ့လား။





မျက်ဝန်းညိုအစုံတွင် အရည်ကြည်များ လဲ့လာရသလို အချစ်များ ဆုံးရှုံးပြီဟူသော အသိနှင့်လည်း ရဲထွဋ်ရင်ထဲ နက်ရှိုင်းသည့် ခံစားမှုတို့က ဖျတ်ဖျတ်ခါ လူးလွန့်နေရသည်။

တစ်ဆက်တည်း သူ့အနေနှင့် ထိုမြင်ကွင်းကို ဆက်လက်ကြည့်နေဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်တော့သည်မို့

"ခင်ဗျားလာစမ်းပါ ကိုမိုးစွေ"

"အို ကိုလေး၊ မလုပ်နဲ့၊ မလုပ်ပါနဲ့"

ပါးပြင်နုနုဆီ မျက်ရည်တွေ စီးကျရင်းက မိုးစွေအင်္ကျီစကို ဆွဲကိုင်ခေါ်နေသည့် ရဲထွဋ်ကို တားနေလိုက်သည်။

သူမ ဒီလိုတားလေလေ သူ့ရင်မှာ ပို၍နာကျင်ရလေလေမို့

"ပြောပါ ကိုမိုးစွေ၊ ခင်ဗျားတစ်ခုခုပြောလိုက်စမ်းပါ"

အံကြိတ်ကာ နာကျင်ပေါက်ကွဲဟန်နှင့် ရဲထွဋ်သည် မခံစားနိုင်တော့သည့်အလား ပြောလိုက်လေသည်။

မိုးစွေသည် နှုတ်ခမ်းမှသွေးများကို လက်ခုံနှင့် ဖယ်ရှားလိုက်ပြီး

"ခွင့်လွှတ်ပါဆိုတဲ့ စကားကလွဲပြီး ကျွန်တော့်မှာ ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ ပြောစရာမရှိပါဘူး ကိုရဲထွဋ်၊ အားလုံး ကိုရဲထွဋ်မြင် တဲ့တွေ့တဲ့အတိုင်းပါပဲ"

"ဘာ"

ဆိုသည့် သူ့အသံကြီးက ခက်ထန်စွာပေါ်လာရကာ ရှူးရှူး ရှဲရှဲ ဒေါသတွေနှင့်

"ခင်ဗျား…ခင်ဗျားဗျာ"

"ဟား…တောက်"

"အဟင့်…ဟင့်…ဟင့် ကိုလေး ကိုလေးရယ်"

အချစ်အတွက်နှင့်ပင် ဘာကိုမှ မမြင်နိုင်တော့သည့် ယောကျ်ားနှစ်ယောက်ရှေ့တွင် သဒ္ဒါကြည်ဖြူသည် ရှေ့ဆက်ရှိ ဖို့ရာ ဒူးတွေပင် မခိုင်ချင်တော့အောင် ရှိလာရသည်မို့ သူမအဖြစ် သူမ ဝမ်းနည်းကြေကွဲစွာ နောင်တတွေနှင့် တွေးမိကာ ရှက်ရွံ့ထိတ် လန့်မှု မျက်ရည်တွေနှင့်ပင် သဒ္ဒါကြည်ဖြူသည် အနားမှ တစ်ရှိ ထိုး ပြေးထွက်ခဲ့လိုက်သည်။

"ဟာ…သဒ္ဒါ"

"သဒ္ဒါ နေဦး၊ မပြေးနဲ့၊ နေဦးလေ"

သဒ္ဒါကြည်ဖြူသည် ဘာမှမကြားတော့ပါ။ သူမသိသည်





က သူမမျက်ဝန်းထဲတွင် ဒေါသတွေနှင့် တင်းမာခက်ထန်ကြောက် ခရာကောင်းနေသည့် ရဲထွဋ်မျက်နှာကြီးက ပေါ်လာလိုက် သွေးစ သွေးနမျှားနှင့် သနားစရာ မိုးဇွေ၏မျက်နှာက ပေါ်လာလိုက်နှင့်သာ ရှိနေရတော့သည်။

မျက်ဝန်းတွေ ပြာဝေကာ အရှိန်နှင့် တဟုန်ထိုးပြေးနေ သော သဒ္ဒါကြည်ဖြူတစ်ယောက် တစ်နေရာအရောက်မှာတော့

"အို…အမေ့"

"ဟာ"

"သဒ္ဒါ"

"ဟင်"

ရဲထွဋ်နှင့်မိုးဇွေ ကြည့်နေဆဲမှာပင် သဒ္ဒါကြည်ဖြူသည် ခြံထဲရှိ ရေညှိတက်နေသော နေရာအရောက်ဝယ် ခြေချော်ကာ ကိုယ်လေး တစ်ပတ်လည်ပစ်ကျသွားရတော့သည်။

ထိုခဏမှာတော့ သဒ္ဒါကြည်ဖြူသည် လောကကြီးနှင့် လည်း အဆက်ပြတ်သွားရပါတော့သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

အကြည့်များသည် အဝေးတစ်နေရာသို့ အဆုံးအစ
ရောက်ရှိနေသလို ရင်ထဲတွင်လည်း ခံစားမှုတွေ ပေါက်ကွဲမတ
ဖြစ်ရခြင်းကြောင့် မွန်းကြပ်သလိုလို မောလျှသလိုလိုနှင့် နှလုံးသာ
တစ်ခုသည် အထိအခိုက်မခံနိုင်အောင်ပင် ရှိနေရသည်။

တစ်ပတ်ဆိုသည့် အချိန်ကို မိုးစွေသည် ခက်ခဲပင်ပန်းလှစွ
စွာ ဖြတ်ကျော်ခဲ့ရပြီဖြစ်သည်။

ထိုတစ်ပတ်ဆိုသည့် အချိန်သည် ဝေဒနာတွေ ခံစား
သည့် မိုးစွေအတွက်တော့ ငရဲခန်းကျနေသည့်အလားပင် ရှိခဲ့
သည်။

သည်ကြားထဲ ချစ်လှပါသော သဒ္ဒါကြည်ဖြူန





တ်သက်ကာ သူသိခဲ့သမျှ ကြားခဲ့ရသမျှတို့သည်လည်း မယုံနိုင်
ော အိပ်မက်များပမာ ရှိခဲ့လေ၏။

တခြားလူပြောလျှင် မိုးစွေအနေနှင့် ယုံကြည်မိမှာမဟုတ်
သမယ့် ယခုတော့ သဒ္ဒါကြည်ဖြူ၏ အစ်ကိုအဖြစ် သိထားပါ
သည့် ရဲထွဋ်နှုတ်မှ ကိုယ်တိုင်ပြောခဲ့သည့်စကားများမို့ မိုးစွေအနေ
င့် မယုံကြည်၍မရခဲ့ပါ။

ထိုအတူ ကိုရဲထွဋ်နှင့် နှစ်ယောက်ချင်း ဆုံခဲ့ရသည့်နေ့ကို
သည်း မိုးစွေ မေ့၍မရခဲ့။

ထိုတစ်နေ့သည် မိုးစွေနှလုံးသားအား ရှင်ရက်နှင့် သေဆုံး
စေခဲ့ရသည့်နေ့ ဖြစ်သည်။

"ကိုမိုးစွေ"

"ဪ...ကိုရဲထွဋ်၊ လာထိုင်ပါ"

သူ့အား နှစ်ယောက်ချင်းတွေ့ကာ စကားပြောလိုပါသည်
ဆိုသော ကိုရဲထွဋ်ထံမှ ဆက်သွယ်လာမှုကြောင့် အင်ဂျင်နီယာလေး
မိုးစွေသည် လူရှင်းကာ စကားပြောလို့ကောင်းမည့် ဆိုင်တစ်ဆိုင်
တွင် တွေ့ရန် ချိန်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစွေသည် ရဲထွန်းကိုမြင်သည်နှင့် ယဉ်ကျေးစွာ ကြိုဆိုနေရာပေးလိုက်သည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ပြီးသည်နှင့်

"ကိုရဲထွန်း ကျွန်တော့်ကို ပြောစရာရှိတယ်ဆိုတာ"

တည်ငြိမ်လေးနက်သော ရဲထွန်း၏အသွင်ကို ကြည့်ကာ မိုးစွေသည် ရင်ထဲသိချင်နေရသည့်အကြောင်းကို မအောင့်အီးနိုင်စွာ မေးလိုက်သည်။

ရဲထွန်းမှာ ခန့်ထည်သောရုပ်သွင်၊ ချောမောသည့် မိုးစွေ၏မျက်နှာကိုကြည့်ပြီး

"ကျွန်တော်ပြောချင်တာ သဒ္ဒါအကြောင်းပါ"

"ဟုတ်ကဲ့၊ ပြောပါ ကိုရဲထွန်း"

"ကိုမိုးစွေ သဒ္ဒါအကြောင်းကို ဘယ်လောက်ထိသိထားလဲမသိဘူး"

"ကိုရဲထွန်း ဘယ်လိုအဓိပ္ပာယ်နဲ့ မေးကယ်ဆိုတာ ကျွန်တော်မသိပေမယ့် ကျွန်တော်သိသလောက်ကတော့ သဒ္ဒါနဲ့ ကိုရဲထွန်းဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ မောင်နှမ





တွေဆိုတာလောက်တော့ သိထားပါတယ်"

"အဟွန်း ကိုမိုးစွေသိတာ ဒါအကုန်ပဲလား"

"ဗျာ"

ရဲထွန်း ဘာကိုဆိုလိုမှန်း မိုးစွေ နားမလည်နိုင်တော့ပါ။ ကိုရဲထွန်း ဘာတွေပြောချင်တာပါလိမ့်။-

ရီဝေဝေအကြည့်ငေးငေးများနှင့် ရဲထွန်းသည် တစ်နေရာကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်ကာ သက်ပြင်းချလိုက်ပြီး

"ဒီအကြောင်းတွေ ကိုမိုးစွေသိပြီးရင် ကျွန်တော့်အပေါ် ယောက်ျားချင်းစာနာ နားလည်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"

"ကိုရဲထွန်း ပြောချင်တာက"

"ကျွန်တော်နဲ့သဒ္ဒါ အကြောင်းပါ"ဟုဆိုကာ ရဲထွန်းသည် တစ်ချိန်က သဒ္ဒါကြည်ဖြူနှင့် သူ့ ပတ်သက်မှုအား ငယ်ဘဝမှစကာ အစမှအဆုံး ပြောပြလိုက်လေသည်။

အင်ဂျင်နီယာလေး မိုးစွေမှာ ကိုရဲထွန်းပြောစကားများကို နားထောင်ပြီး အံ့ဩမှု၊ ထိတ်လန့်မှုတွေနှင့် မျက်ဝန်းထဲ မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော တစ်စုံတစ်ရာအား စိုးရိမ်ဆုံးရှုံးရပြီဟူသော အကြည့်တွေ နှင့် ကြည့်ရင်းက ရင်မှာ လှုပ်လှုပ်ရှားရှားကြီး ဖြစ်လာရသည်။

ရဲထွန်းမှာ အကြည့်များကိုလွှဲပြီး အတည်ငြိမ်ဆုံးအနေအထားနှင့် ပညာတတ်၊ လူယဉ်ကျေးပီသစွာ စကားကိုဆက်ဆိုလိုက်သည်။

“ကိုမိုးစွေ အံ့ဩမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ရှင်းရှင်းပြောရရင် ဒီကိစ္စတွေကို ကျွန်တော် ဖုံးကွယ်ခဲ့တာ ဘာတစ်ခုမှမရှိပါဘူး”

“ဒါပေမယ့် ကျွန်တော်သိတာ”

“ဟုတ်ပါတယ် ကိုမိုးစွေ၊ သဒ္ဒါဟာ အတိတ်ကဖြစ်ရပ်တွေကို မေ့ပြီး ကျွန်တော်ဟာ သူ့ရဲ့အစ်ကိုပါလို့ သဒ္ဒါစိတ်မှာ တစ်ဖက်သတ်ထင်ခဲ့တယ်လေ၊ ဒါဟာလည်း သူသတိရလာလာချင်း ဆေးရုံမှာ ပြောလိုက်တဲ့ ဆရာမရဲ့စကားကို မှတ်သွားတာပါ၊ ဒီအတွက် ဆရာမကိုလည်း အပြစ်ပြောလို့မရပြန်ဘူး၊ အားလုံးဟာ စေတနာအမှားတွေပဲလေ၊ ကျွန်တော့်အနေနဲ့ကတော့ သဒ္ဒါကို သိပ်ချစ်တဲ့သူမို့ အားလုံးကို သူ့သဘောအတိုင်းပဲ နေပေးခဲ့တယ်၊





အတိတ်မေ့နေတဲ့ ဝေဒနာသည်တစ်ယောက်ကို ကျွန်တော့်ကြောင့် စိတ်မှာ အနှောင့်အယှက်မဖြစ်စေချင်ဘူး၊ ကိုမိုးစွေနားလည်မှာပါ”

နားလည်မှာပါတဲ့။

သူဘာကို နားလည်ရမှာတဲ့လဲ။

သူ့နှလုံးသားတစ်ခုလုံးကို လောင်ကျွမ်းစေရသည့်အဖြစ်နှင့် ကြုံခဲ့ပြီးမှ သူဘာကိုနားလည်ပေးနိုင်ရတော့မည်လဲ။

“ကျွန်တော် သဒ္ဒါကို သိပ်ချစ်တယ်၊ ချစ်တာမှ ဘဝတစ်ခုလုံး ပေးဆပ်ပြီး ချစ်ခဲ့ရတာ၊ ဒီအတွက် ကျွန်တော်ချစ်တဲ့ မိန်းကလေးကို ကျွန်တော် လက်လွှတ်ဆုံးရှုံးလိုက်ဖို့ဆိုတာ”

မိုးစွေ ကြက်သီးမွေးညှင်းများပင် ထသွားရသည်။ နားထောင်နေရပေမယ့် ရင်တွေကတော့ အဆမတန် အခုန်မြန်နေရသည်။

ကြားစမှာတော့ သူသည် မယုံကြည်နိုင်ခဲ့ပါ။

ရင်ထဲ အံ့ဩမှုအပေါင်းနှင့် တုန်လှုပ်နေရပေမယ့် ဒီနောက် သူ့မျက်ဝန်းထဲတွင်လည်း သဒ္ဒါကြည်ဖြူ၏ မျက်နှာဝင်းဝင်းဖန့်ဖန့် လေးက ပေါ်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲထွဋ်ပြောသမျှ စကားများကို တစ်ခွန်းမှ ပြန်မပြောဘဲ နှုတ်ဆိတ်ကာ နားထောင်နေရပေမယ့် ရင်ထဲမှာတော့ နှလုံးသားများ ပြုန်းကြွေလျက် တစ်စစီ ကြွေကွဲနေရသည့်အဖြစ်။

သူ့အဖြစ်သည် ဘယ်မျှ ရင်နာဖွယ်ကောင်းလိုက်ပါသည်လဲ။ သူ့အသက်မက ချစ်ရပါသော မိန်းမချောလေးသည် အတိတ်မေ့ဝေဒနာသည်လေး ဖြစ်နေသည်တဲ့လား။

ကြားရသည့်စကား၊ ဖြစ်ပျက်သမျှတို့သည် ယုံနိုင်ဖွယ်လုံးဝမရှိပေမယ့် ယခုအဖြစ်က ကာယကံရှင်ကိုယ်တိုင် လာပြောနေပြီမို့ မယုံလို့မရတော့သည့်အခြေအနေ။

ဒါအပြင် လာပြောသူကလည်း သူမ၏အစ်ကိုပါလို့ သူသိထားသည့် သဒ္ဒါကြည်ဖြူ အတိတ်မမေ့ခင်က ချစ်သည့်ချစ်သူကိုရဲထွဋ်။

မိုးဇွေသည် သူ့အဖြစ်ကို သူ ထိတ်လန့်ချောက်ချားလာရသည်။ သူ သူ ဘာလုပ်ရမည်လဲ။

အတိတ်ကိုမေ့နေသည့် ဝေဒနာသည်တစ်ယောက်ကို ချစ်ခဲ့ရသည့် သူ့အချစ်သည် မတည်မြဲ၊ မလေးနက်၊ မခိုင်မြဲရတော့ဘူး





တဲ့လား။

နှလုံးသားပိုင်ရှင် ရှိပြီးသား ဝေဒနာသည် မိန်းကလေးကိုမှ သူ့နှလုံးသားသည် သွား၍ချစ်ခဲ့မိသည့်အဖြစ်။

မချစ်တတ်သည့် သူ့နှလုံးသား ချစ်တတ်လာပြန်တော့လည်း တစ်ခါဖူးမျှ မဖြစ်ပေါ်ခဲ့ဖူးသော မခံစားခဲ့ဖူးသည့် ဝေဒနာနက်ရှိုင်းမှုဖြင့် နင့်နင့်သည်းသည်းကြီး ခံစားရသောကြောင့် သူ၏မျက်ဝန်းဝယ် စိုစွတ်လာရသည်။

မိုးဇွေ သူ့ကိုယ်သူ နားလည်လိုက်ရပြီဖြစ်သည်။ နားလည်မှုနှင့်အတူ သူ့နှလုံးသားသည်လည်း ရင်လျက်နှင့် သေဆုံးခဲ့ရပြီဖြစ်သည်။

"ကိုမိုးဇွေ"

တည်ငြိမ်လေးနက်သော နက်ရှိုင်းသည့် ခံစားမှုတွေနှင့်ရှိနေရသည့် သူ့အကြည့်တွေက ကိုရဲထွဋ်ဆီ ဖြည်းညှင်းစွာ ရောက်ရှိလာရသည်။

"ကျွန်တော် ဒီစကားကို မပြောချင်ပါဘူး ကိုမိုးဇွေ၊ ဒါပေမယ့် မပြောလို့ကလည်းမဖြစ်ဘူး၊ ဒါကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆိုလိုတယ်ဆိုတာ"

"ကိုရဲထွဋ် ကျွန်တော့်ကို နောက်ဆုတ်ခိုင်းနေတာလား"

"ကိုမိုးဇွေ နားလည်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

"အဲ့ဟွန်း နားလည်ရမယ်၊ နားလည်ရမယ် ဟုတ်လား"

"ခင်ဗျားခံစားမှုကို ကျွန်တော် ကိုယ်ချင်းစာလို့ရပါတယ်"

"ဟင့်အင်း ခင်ဗျားကိုယ်ချင်းစာတာတ်မှာ မဟုတ်ပါဘူး ကိုရဲထွဋ်၊ ကျွန်တော် ကျွန်တော် သဒ္ဒါကိုသိပ်ချစ်ခဲ့တာ"

သွားများကို စေ့ကြိတ်ကာ ရဲထွဋ်သည် စိတ်ကို အတတ်နိုင်ဆုံး လျှော့ထားလိုက်လေသည်။ သူ့အနေနှင့် ခုချိန်တွင် ကိုမိုးဇွေ၏ ခံစားမှုကို စာနာစိတ်နှင့် နားလည်ပေးရမည်ဖြစ်သည်။

တကယ်တော့ ဒီလိုအဖြစ်မျိုးနှင့် သူတို့ကြုံရခြင်းသည် ဘယ်သူတစ်ဦးတစ်ယောက်မှာမှ အပြစ်မရှိပါပေ။

ကံကြမ္မာကိုက ဒီလိုဖန်လာရသည်မို့ ရဲထွဋ်အနေနှင့် အားလုံးကို သဘောထားကြီးစွာနှင့် နားလည်ရမည်မဟုတ်ပါလား။

"ခု ကျွန်တော့်အဖြစ်က ဘာနဲ့တူသလဲသိလား ကိုရဲထွဋ်၊





အဟွန်း ရှင်သန်နေတဲ့ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ပြီး သေဆုံးဖို့ အမိန့်ပေးရတော့မလို ဖြစ်နေပြီ၊ ကိုရဲထွဋ် ကျွန်တော့်ကို နားလည်နိုင်ပါတယ်၊ ကိုယ်ချင်းစာနိုင်ပါတယ်ဆိုတာ တကယ်မှဟုတ်ရဲ့လားဗျာ"

ပြောသူကလည်း ကိုယ့်ခံစားချက်နှင့်ကိုယ် ပြောနေသလို နားထောင်နေရသည့် ရဲထွဋ်ကလည်း ကိုယ့်ခံစားမှုကို ကိုယ်သာ အသိဆုံးမို့ ရင်အစုံသည် နိမ့်ချည်မြင့်ချည်နှင့် ရှိနေရကာ စိတ်လှုပ်ရှားမှုကို ထိန်းနေလေသည်။

"လူတိုင်းမှာ ခံစားမှုဆိုတာတော့ ရှိတတ်ကြပါတယ် ကိုမိုးဇွေ၊ ဒါကို ကျွန်တော် မငြင်းပါဘူး၊ ဒါပေမယ့် သူတို့ခံစားမှုကို ရှေ့တန်းတင်ဖို့ဆိုတာကတော့ ဖြစ်နိုင်လိမ့်မယ်မထင်ဘူး"

အကောက်ခွန်အရာရှိလေး ရဲထွဋ်မှာ ခံစားမှုရှိသော်လည်း သူသည် အေးချမ်းစွာ စကားဆိုလိုက်သည်။

"မှန်ပါတယ် ကိုရဲထွဋ်၊ ခင်ဗျားစကားကို ကျွန်တော် ထောက်ခံပါတယ်၊ ကျွန်တော်ဟာ ခံစားမှုကို ရှေ့တန်းတင်တတ်တဲ့သူမျိုး မဟုတ်ပေမယ့် ခံစားမှုတွေကိုလည်း လျစ်လျူရှုနေတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူမျိုးလည်း မဟုတ်ပါဘူး''

''ကိုရဲထွဋ်မှာ ချစ်တတ်တဲ့နှလုံးသား ပါသလို ကျွန်တော့်မှာလည်း ချစ်တတ်တဲ့ ခံစားတတ်တဲ့ နှလုံးသားနဲ့ပါ''

''အဟွန်း…ဟွန်း ဒါပေမယ့် စိတ်မပူပါနဲ့ ကိုရဲထွဋ်၊ ဒါတွေအားလုံးဟာ ကျွန်တော့်ကံလို့ပဲ ကျွန်တော် မှတ်ထားလိုက်ပါ့မယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ချစ်ခဲ့မိတဲ့ မိန်းကလေးက စိတ်သစ်၊ လူသစ်၊ ဘဝသစ်နဲ့ အတိတ်မေ့နေတဲ့ ဝေဒနာရှင်တစ်ယောက် ဖြစ်နေခဲ့တာကိုး''

မိုးစွေစကားက ရဲထွဋ်ကိုပင် ရင်နင့်သွားစေရသည်။

''ဒီပွဲမှာ အရှုံးနဲ့ရင်ဆိုင်ရမှာက ကျွန်တော်ပါ ကိုရဲထွဋ်၊ ခင်ဗျားတို့နှစ်ယောက်က သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပဲ၊ တစ်နေ့ သူ့ဘဝမှန်ကို ရောက်သွားခဲ့ရင် ကျွန်တော့်ကို သူမေ့သွားမှာပါ''

ကိုမိုးစွေရယ်ဟုသာ ရဲထွဋ်စိတ်မှာ ညည်းညူမိလိုက်ပါသည်။ ရဲထွဋ်ကိုယ်တိုင်ကလည်း မိုးစွေအတွက် စိတ်မကောင်းနိုင်ပါ။ ကံကြမ္မာသည် သူတို့သုံးဦးကို ဘာကြောင့် ဒီအခြေအနေမျိုးနှင့် ကြုံတွေ့စေခဲ့ရတာပါလိမ့်။





ပြီးတော့ ခုကိစ္စက အင်မတန်နူးညံ့သိမ်မွေ့ပါသည့် နှလုံးသားကိစ္စ။

နှလုံးသားကိစ္စမို့ နှစ်ဦးလုံး နောက်မဆုတ်နိုင်ကြ။ သို့သော် အခြေအနေက သူတို့နှစ်ဦးအား ဒီအထိ အခွင့်အရေးမပေးခဲ့ပါပေ။

သည်ပွဲတွင် တစ်ဦးတစ်ယောက်က နောက်ဆုတ်ကို ဆုတ်ရပါလိမ့်မည်။ ထိုသူသည်က

''ကိုရဲထွဋ်''

''ပြောပါ ကိုမိုးစွေ''

''သဒ္ဒါရဲ့အခြေအနေ''

ခြံထဲတွင် ခြေချော်ပစ်ကျလဲကာ သတိလစ်သွားပြီးကတည်းက သဒ္ဒါကြည်ဖြူအရိပ်ကို မိုးစွေမှာ မမြင်မတွေ့ခဲ့ရတော့ပါပေ။

သူ့အနေနှင့် သွားတွေ့ချင်ပေမယ့် ကိုရဲထွဋ်ကို ရင်ဆိုင်ဖို့ရာလည်း စိတ်မှာ မဝံ့မရဲဖြစ်နေရသည်မို့ သူသည် သဒ္ဒါကြည်ဖြူအတွက် စိတ်ပူပန်နေပေမယ့် သွားတွေ့ကောင်းနိုးနိုးနှင့် စဉ်းစားနေဆဲမှာပင် ကိုရဲထွဋ်သည် သူ့အား နှစ်ယောက်တည်း လူချင်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရန် ချိန်းဆိုလာသောအခါ သဒ္ဒါကြည်ဖြူအကြောင်း သိချင်နေရသည့် မိုးဈွေအတွက် အကြိုက်တွေ့ခဲ့ရသည်။

သို့သော်…

တကယ်တမ်း သူထင်သလို မဖြစ်ခဲ့ပါပဲ မထင်ခဲ့သည့် အဖြစ်များနှင့်သာ သူကြုံခဲ့ရလေသည်။

"ကိုမိုးဈွေအတွက် စိတ်မကောင်းစရာဆိုပေမယ့် ကျွန်တော့်အတွက်တော့ ဝမ်းသာစရာပါပဲ ကိုမိုးဈွေ၊ ဘာကြောင့်လဲဆိုတော့ သဒ္ဒါဟာ အတိတ်ကို အားလုံးပြန်သတိရသွားပြီမို့လို့ပါပဲ"

"ဗျာ"

ရုတ်ခြည်းတော့ မိုးဈွေသည် ရင်ထဲ ဝမ်းသာဝမ်းနည်းနှင့် နှုတ်ခမ်းကို ဖွင့်ဟလျက်သာ မှင်သက်မောမောနှင့် ကိုရဲထွဋ်အား ကြည့်လျက်ရှိနေရပါတော့သည်။

ရင်ထဲတွင်တော့ သူသည် တစ်ခုခုကို လက်လွတ်ဆုံးရှုံးရပြီဟူသောအသိက မိုးဈွေအား အခါမပြတ် နှိပ်စက်နေရသည်။ ဒီနောက် သူသည် တစ်စုံတစ်ရာကို မကြားဝံ့ မကြားရဲသလို မဝံ့မရဲဖြစ်ရမှုနှင့်ပင်…





"ကိုရဲထွဋ် သူ သူ ကျွန်တော့်ကို"

"ဟင်း"

ရဲထွဋ်မှာ မိုးဈွေထံမှ အကြည့်များကို စိတ်မကောင်းဟန်နှင့် လွှဲလိုက်ပြီး…

"ဝမ်းနည်းပါတယ် ကိုမိုးဈွေ၊ သဒ္ဒါဟာ အတိတ်မေ့နေတဲ့ အချိန်မှာ စိတ်သစ်၊ လူသစ်နဲ့ ဘဝက အဖြစ်တွေအားလုံးကို သူမေ့သွားခဲ့ပါပြီ"

"ဗျာ"

တည်ငြိမ်အေးချမ်းစွာဆိုလိုက်သည့် ကိုရဲထွဋ်၏ အသွင်နှင့် စကားက မယုံကြည်နိုင်စရာမရှိပါ။

ပြင်းထန်လွန်းသည့် အချစ်၏ ဝေဒနာကြောင့် ဝေဒနာတွေ ရင်နှင့်အမျှ ခံစားသွားရသော မိုးဈွေ၏အသွင်ကို ရဲထွဋ် ကြည့်ပြီး…

"ကျွန်တော်စိတ်မကောင်းပါဘူး ကိုမိုးဈွေ"

"အပွန်း…ခင်ဗျားက စိတ်မကောင်းဖြစ်ရုံဖြစ်တာပါ ကိုရဲထွဋ်၊ တကယ်တမ်း ခံစားရတဲ့သူက ကျွန်တော်ပါ၊ ကိုရဲထွဋ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးချင်လည်းဆိုးတော့၊ ကျွန်တော် သဒ္ဒါကိုတော့ တွေ့ပါရစေ၊ တွေ့ခွင့်ပြုပါလို့လည်း ကျွန်တော်တောင်းပန်ပါရစေ''

ခံစားချက်တူသူချင်းမို့ နားလည်သည့်အလား ရဲထွဋ်သည် စဉ်းစားဟန်နှင့် တစ်ချက်ငြိမ်သွားလေသည်။

ကိုမိုးစွေဆိုတာ ပညာတတ် ရည်မွန်သည့် လူရွယ်တစ်ယောက်။ ပြီးတော့ တစ်ယောက်အကြောင်း တစ်ယောက် သိသင့်သလောက် သိထားသည့် ခြံနီးချင်းလူများ။

နောက်တစ်ခုကျန်ပါသေး၏။ ထိုသည်က ကိုမိုးစွေသည် သဒ္ဒါကို သိပ်ချစ်နေပါသည့် လူတစ်ယောက်။

သည်လိုလူတစ်ယောက်ကို ရဲထွဋ်သည် ဘယ်လိုပုံစံနှင့် ငြင်းရက်မည်လဲ။ အချစ်ရှုံး၊ အချစ်ဆုံးနေသည့် လူတစ်ယောက်အဖြစ် ကိုယ်ချင်းစာနားလည်နိုင်ပေမယ့် သူ့အနေနှင့် ဒီထက်ပိုပြီး မခံစားစေလိုတော့ပါ။

''သဒ္ဒါကို ခင်ဗျားတွေ့ချင်တာတော့ ဟုတ်ပါပြီ၊ ကိုမိုးစွေ ဒါပေမယ့်''

''ကျွန်တော့်တောင်းဆိုမှုကို မငြင်းပါနဲ့ ကိုရဲထွဋ်၊ ကိုရဲထွဋ်





စိုးရိမ်နေသလိုမျိုး မဖြစ်စေရဘူးဆိုတာ ကျွန်တော်ကတိပေးပါတယ်''

ထိုကတိဖြင့် မိုးစွေသည် သဒ္ဒါကြည်ဖြူနှင့် တွေ့ခွင့်ရခဲ့လေသည်။

''သဒ္ဒါ''

''ဟင်''

သဒ္ဒါကြည်ဖြူထံမှ အကြည့်စိမ်းစိမ်းလေးကိုမြင်ရတော့ မိုးစွေနှလုံးသားများ နာကျင်သွားရသည်။

''ကိုယ့်ကိုကြည့်ပါဦး သဒ္ဒါ''

''ရှင်...ရှင် ဘယ်သူလဲ''

''သဒ္ဒါရယ်''

သူ့အား သဒ္ဒါကြည်ဖြူ လုံးဝမမှတ်မိတော့မှန်း သူ့မျက်ဝန်းလေးကို ကြည့်တာနှင့် မိုးစွေ သိလိုက်ရသည်။

ထိုအတွက် မိုးစွေရင်ထဲ ခံစားမှုများ ပြင်းထန်သွားရသည်။

မိုးစွေသည် နှံ့ချိုထိခိုက်သွားသော ခံစားမှုတွေနှင့် သဒ္ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူမျက်နှာလေးကို လွမ်းဆွတ်တမ်းတ ငေးမောစိုက်ကြည့်နေသလို သဒ္ဒါကြည်ဖြူအကြည့်လေးတွေမှာလည်း တည်တည်ရှူးရှူး ဝေဝေဝါးဝါးနှင့် သူမသည် တစ်စုံတစ်ရာကို အပြင်းအထန် စဉ်းစားနေသလို။

တစ်ယောက်ကိုတစ်ယောက် အကြည့်လေးတွေ မလွှဲဘဲ မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်မိနေရသည်။

သူနှင့်ပတ်သက်ကာ ဘာခံစားမှုမှမရှိသည့် သူမအတွက် ရင်ထဲဘာမှခံစားမည်မဟုတ်ပေမယ့် အားလုံးကို သိနေ မှတ်မိနေသည့် မိုးစွေမှာတော့ ခံစားမှုတွေ ဖရိုဖရဲနှင့် ဆောက်တည်ရာမရနိုင်ပါတော့။

သဒ္ဒါရယ် ကိုယ့်နှလုံးသားတွေ ကွဲကြေရပါပြီဆိုသည့် စကားကိုလည်း မိုးစွေရင်ထဲ အခါခါဆိုနေလိုက်လေသည်။

ရှင်လျက်နှင့်ပင် သဒ္ဒါသည် သူနှင့်ဘဝခြားကာ သူမ၏ ဘဝဟောင်းကို ပြန်လည်ရောက်ရှိသွားပြီပဲ။

"သဒ္ဒါမေးတာဖြေပါဦး၊ ရှင်ဘယ်သူလဲဆိုတာ"

ဘာကြောင့်ရယ်မသိ သဒ္ဒါကြည်ဖြူစိတ်ထဲ သူ့ကို ရင်းရင်းနှီးနှီးကြီး သိနေရသလို တစ်နေရာမှာပင် ကြုံခဲ့ဖူးသလိုနှင့် တစ်ခုခုကို ခံစားနေရသလို နွမ်းလျနေသော မျက်နှာနှင့် သူမရှေ့ကလူချောကြီးကိုကြည့်ပြီး သဒ္ဒါကြည်ဖြူ မျက်ရည်လေးများ ဝဲလာချေ၏။

ရင်ထဲတွင် ဝမ်းနည်းလာရသလိုလို။

သူ သူ ဘယ်သူလဲဆိုသည့်အဖြေကို သဒ္ဒါကြည်ဖြူသည် အရမ်းကို သိချင်လာရ၏။

ကြည့်စမ်း…

သူ့မျက်ဝန်းအကြည့်တွေက သူမကို အရမ်းပင် ရင်းနှီးနေသည်မဟုတ်ပါလား။

မိုးစွေသည် သူမ၏အမေးကို မဖြေဘဲ သူမမျက်နှာလှလှလေးကို အတန်ကြာ ငေးစိုက်ကြည့်နေပြီးမှ

"ကိုယ်ဘယ်သူဆိုတာ မသိချင်ပါနဲ့တော့၊ သဒ္ဒါသိခဲ့ဖူးတဲ့လူတစ်ယောက်လို့ပဲ သဒ္ဒါစိတ်ထဲမှာ သိထားလိုက်ပါ"

သဒ္ဒါကြည်ဖြူ မျက်နှာလှလှလေးက ပျက်သွားရသည်။ မိုးစွေမှာ ထိခိုက်သွားဟန်အသွင်လေးနှင့် သဒ္ဒါကြည်ဖြူ၏ ရိုးရှင်းသော အကြည့်လေးကို မြင်ရတော့ သူ့အတွက် အရာအားလုံးတို့

www.burmeseclassic.com



သည် အမှန်တကယ်ပင် ဆုံးရှုံးသွားခဲ့ပြီဖြစ်ကြောင်း ဝမ်းနည်းကြေကွဲစွာ သိလိုက်ရလေသည်။

သဒ္ဒါကြည်ဖြူသည် သူမရှေ့ကလူကို တွေတွေလေးကြည့်နေမိသည်။ သူဘာတွေပြောနေသည်ဆိုတာ မသိသလို သူ့စကားတွေကိုလည်း သူမ နားမလည်ပါပေ။ သို့သော် ခန့်ထည်သောရုပ်ရည်နှင့် သူ့အသွင်ချောချောကြီးကတော့ တစ်စုံတစ်ရာကို ဝမ်းနည်းကြေကွဲနာကျင်ထိခိုက်နေသည့်ဟန်။

သူဘာတွေခံစားနေရတာပါလိမ့်။

သဒ္ဒါကြည်ဖြူ သူ့ကိုမသိပါ။ သူမအသိများလားဆိုပြီး စဉ်းစားပေမယ့် သူမ စဉ်းစားမရခဲ့။ သူ့မျက်ဝန်းတွေက သူမအပေါ် ရင်းရင်းနှီးနှီး ရှိလွန်းနေရသည်ကတော့ အမှန်။

သူမ သူမကကော

သည်လူတစ်ယောက်သည် သူမနှင့် ရင်းနှီးနေသလိုဟု သဒ္ဒါကြည်ဖြူ ဘာကြောင့် စိတ်မှာထင်နေရပါသည်လဲ။

စဉ်းစားတော့လည်း အဖြေကရှိမလာ။ သည်အတွက် သူမ၏ အကြည့်စိမ်းစိမ်းလေးများက သူ့အား အားနာနေသယောင်။





မိုးဆွေရင်ထဲ ဘယ်လိုဖြစ်သွားရသည်မသိပါ။ နှလုံးသားတွေ ကြေသုန်းပျက်စီးသွားရသလို ယောကျ်ားတန်မဲ့ မျက်ရည်တွေက ရစ်ဝဲချင်လာရသည်။

“ဒီကအစ်ကိုကို သဒ္ဒါ တကယ်အားနာလိုက်တာရှင်၊ သဒ္ဒါ စဉ်းစားပေမယ့် ဘယ်လိုမှ စဉ်းစားလို့မရဘူး၊ အဟင်း အစ်ကိုသိရင် သဒ္ဒါကို ပြောပြပါလားဟင်”

“သဒ္ဒါရယ် ကိုယ်ရင်ကွဲရပါပြီဗျာ”

နာကျင်မှုတွေနှင့် ကြေကွဲစွာ သူ့ခြေလှမ်းများက သဒ္ဒါကြည်ဖြူအနား တိုးကပ်သွားတော့ သဒ္ဒါကြည်ဖြူသည် ကြည်စင်သော မျက်ဝန်းလေးနှင့် သူ့အား မဝံ့မရဲလေး ကြည့်လာလေသည်။

မိုးဆွေသည် ရင်ဝယ်နာကျင်ခြင်းတို့ဖြင့် သဒ္ဒါကြည်ဖြူ မျက်နှာလေးကို စိုက်ခနဲကြည့်ပြီး…

“သဒ္ဒါကို ကိုယ်မေးပါရစေ”

“ဘာ ဘာများလဲရှင်”

သဒ္ဒါကြည်ဖြူသည် ခံစားမှုတွေနှင့် ရီဝေစိုစွတ်နေရသော မိုးဆွေမျက်နှာအား မကြည့်ဘဲ အကြည့်လွှဲလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုကြည့်ပါလား သဒ္ဒါ"

"ရှင်"

ရုတ်ခြည်း အကြည့်တွေ နှစ်ဦးသားဆုံသွားတော့ သဒ္ဒါကြည်ဖြူ ရင်ခုန်သံတွေသည် ဘာကြောင့် မြန်ဆန်သွားရတာပါလိမ့်။

"သဒ္ဒါ ကိုယ့်ကို တကယ်ပဲ မမှတ်မိတော့ဘူးလားဗျာ"

"ရှင်"

"သဒ္ဒါကို ခွင့်လွှတ်ပါ"

"ဗျာ"

"သဒ္ဒါ သဒ္ဒါ အစ်ကိုကိုမသိဘူး"

"ဟား"

"သဒ္ဒါ သဒ္ဒါရယ်"

သဒ္ဒါကြည်ဖြူ၏ စကားသံသည် သူ့နားထဲက ယခုထက်တိုင် မထွက်နိုင်တော့။

"သဒ္ဒါ အစ်ကိုကိုမသိဘူး"

ဆိုသည့်စကားသည် သူနှင့်သဒ္ဒါအား ဘဝနှစ်ခုခြားသွား





စေခဲ့ရသည်ကိုလည်း သူမလေး သိမည်မဟုတ်ပါ။

သိနေသည့် သူမှာသာ လောကကြီးတစ်ခုလုံး အပျော်တွေပျောက်ဆုံးသွားရသလို ကမ္ဘာမြေကြီးပဲ အထီးကျန်သွားရသလိုလိုနှင့် နှလုံးသားတွေ ပျက်သုဉ်းကြေမွကာ အရူးကြီးလုံးလုံး ဖြစ်နေရတော့သည်။

ချစ်သူနှင့်ကမ္ဘာခြားခဲ့လေပြီဟူသော အသိက မိုးဇွေဘဝအား ရှင်သန်မှုတွေကို ရပ်တန့်သွားစေရသလို

"ကျွန်တော်နားလည်ပါပြီ ကိုရဲထွဋ်၊ ခင်ဗျားရဲ့ ခံစားမှုတွေကို ကျွန်တော် ကိုယ်ချင်းစာတတ်ခဲ့ပါပြီ၊ ဒီလိုပဲ ကျွန်တော့်နှလုံးသားတွေဟာလည်း သေဆုံးခဲ့ရပါပြီ" ဟူသော စကားတို့ကိုရင်မှာ မချိတင်ကဲစွာ ကြိတ်ဆိုရင်း ကြေကွဲသောကတွေနှင့်နင့်သည်းဖြာစွာ သက်မမောတွေကိုသာ အကြိမ်ကြိမ်ချနေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ဟင် မောင်"

"အဟွန်း…ဟွန်း…ဟွန်း၊ ဟုတ်ပါ့ဗျာ၊ အိပ်ပုတ်မလေးကို မောင်ကြည့်နေတာ"

ဆေးသောက်ပြီး နေ့လယ်တစ်ရေးအိပ်နေသော သဒ္ဒါကြည်ဖြူတစ်ယောက် အိပ်ရာမှနိုးသည်ဆိုရင်ပဲ သူမအား မမြင်ဖူးသူတစ်ယောက်လို ငုံ့မိုးစိုက်ကြည့်နေသည့် ချစ်သူမောင် အကောက်ခွန်အရာရှိလေး ရဲထွဋ်အား ချစ်မျက်ဝန်းရွှန်းရွှန်းကြီးတွေနှင့် ကြည့်နေသည်ကို မြင်လိုက်ရတာကြောင့် မျက်နှာလေး ရဲပသွားရသည်။

သည်နောက် သူမအား စိုက်ကြည့်နေသော ရဲထွဋ်၏ အကြည့်များကြောင့် မနေတတ်တော့သလို ရှက်ရွံ့ဟန်လေးနှင့်





မျက်လွှာလေးချလိုက်ပြီး

"မောင်နော် သဒ္ဒါကို ဘာလို့ ဒီလောက်စိုက်ကြည့်နေရတာလဲ"

ချစ်သူလေး၏ အရှက်သည်းနေဟန်ကို ရဲထွဋ်သည် အပြုံးဖြင့် ကြည့်ရင်းမှ

"သဒ္ဒါ"

သဒ္ဒါကြည်ဖြူ၏ လက်နုနုလေးကို ယုယကြင်နာစွာ ဆွဲကိုင်ခေါ်လိုက်သည်။

"မောင်"

သူမအား စူးစူးနင့်နင့်ကြီး ငေးကြည့်နေသည့် ရဲထွဋ်ရင်ခွင်ထဲသို့ သူမကိုယ်လေး တိုးဝင်လိုက်တော့ ရဲထွဋ်သည်လည်း ချစ်သူလေးအား ပျောက်သွားမည်ကို စိုးရိမ်သည့်အလား သူ့ရင်ခွင်ထဲ ခပ်တင်းတင်းလေး ပွေ့ဖက်ထားလိုက်သည်။

"သဒ္ဒါ"

"ရှင် မောင်"

ချစ်သူမျက်နှာလှလှလေးကို ကြည့်မဝနိုင်သော အကြည့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နှင့် စေ့စေ့ကြည့်ကာခေါ်တော့ သဒ္ဒါကြည်ဖြူမှာ အလှဆုံး အပြုံးလေးနှင့်ကြည့်ကာ ထူးရာလေသည်။

"မောင် သဒ္ဒါကို ဘာပြောမလို့လဲဟင်"

သဒ္ဒါကြည်ဖြူ အမေးကြောင့် ရဲထွန်းသည် သူမကိုယ်လုံး နွဲ့နွဲ့အိအိလေးကို ပို၍ တင်းခနဲဖျစ်ညှစ်လိုက်ပြီး

"သဒ္ဒါရယ် မင်းလေးကို မောင်သိပ်ချစ်တာပဲဗျာ၊ ဒီတစ်ခါတော့ သဒ္ဒါကို မောင်မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူး၊ ချစ်လွန်းလို့ မောင့်မျက်ဝိအောက်မှာပဲ တစိမ့်စိမ့်ကြည့်နေတော့မယ်"

သူသည် ပြောရင်းက သဒ္ဒါကြည်ဖြူ နှုတ်ခမ်းလေးအား သူ့ပါးပြင်ချောချောကြီးနှင့် မချင့်မရဲကြီးနယ် ဖိကပ်ထားလိုက်သည်။

"မောင်လေ သဒ္ဒါကို ခုလိုမျိုး ရင်ခွင်ထဲမှာထားပြီး ချစ်နေရရင် မောင့်ဘဝ အရာအားလုံး ပြည့်စုံနေရပါပြီဗျာ"

"မောင်ရယ်"

ရင်ဝယ်ကြည်နူး ကြည်မွေ့ခြင်းတို့ဖြင့် သဒ္ဒါကြည်ဖြူ ချစ်သူမောင်လူချောကြီးကို သူမလက်လေးနှင့် သိုင်းဖက်ထားလိုက်





သည်။

မောင်သည် သူမအား တစ်ခါကလို ဝေဒနာတွေ ပြန်၍ ခံစားရမည်ကို စိုးရိမ်ကြောက်ရွံ့နေရသည်ပဲလေ။

"မောင်"

"ဗျာ"

"သဒ္ဒါ အတိတ်မေ့နေခဲ့တာ ဘယ်လောက်ကြာလဲဟင်"

အတိတ်မေ့ဝေဒနာသည်လေးမို့ ပြီးခဲ့သည့်အဖြစ်များကိုလည်း ဘာတစ်ခုမှ ပြန်၍ မမှတ်မိတော့သည့် ချစ်သူလေးကို ရဲထွန်းမှာ သနားကြင်နာ မြတ်နိုးမှုတွေနှင့် ကြည့်လာရင်း

"သဒ္ဒါ အတိတ်မေ့နေခဲ့တာ ငါးလလောက်ကြာတယ်၊ အဲဒီရက်တွေမှာ သဒ္ဒါနဲ့ ပတ်သက်ပြီး မောင်ဘယ်လောက်ခံစားရမယ်ဆိုတာ သဒ္ဒါ တွေးကြည့်ပေါ့ဗျာ"

သဒ္ဒါကြည်ဖြူသည် ချစ်သူကို လူချောကြီးအတွက် စိတ်မကောင်းဖြစ်သွားရသည်။

မောင်သည် သူမအား သိပ်ချစ်သူမို့ မောင်ခံစားရမည့် ဝေဒနာကို သဒ္ဒါကြည်ဖြူ နားလည်ပေး၍ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''သဒ္ဒါ အတိတ်မေ့နေခဲ့တဲ့ရက်တွေမှာ မောင့်အပေါ်မှာရော သဒ္ဒါ ကြင်ကြင်နာနာမှ ရှိရဲ့လားကွယ်''

သဒ္ဒါကြည်ဖြူစကားကို ရဲထွဋ်မှ စကားမဆို သူမပါးပြင်နုနုထက် သူ့နှာခေါင်းချွန်ချွန်ကြီးကို နစ်မြုပ်ထားပြီး...

''မောင့်အပေါ် အစ်ကိုရင်းတစ်ယောက်ဆိုတဲ့စိတ်နဲ့ ကြင်နာမှုရှိခဲ့ပေမယ့် မောင့်ဘက်ကတော့ ချစ်သူအပေါ် ညီမတစ်ယောက်အဖြစ်နဲ့ အသိတွေ ထိန်းချုပ်ထားရတာ ပေါက်ကွဲမတတ်ဆိုတာ ခင်ဗျားလေးမှမသိဘဲ''

''အဟွန်း...ဟွန်း ဒါပေမယ့် မရတော့ဘူး၊ အဲဒီအတွက် သဒ္ဒါဆီက မောင် ချစ်ကြွေးတော့ပြန်ယူရလိမ့်မယ်''

''မောင်နော်''

သဒ္ဒါကြည်ဖြူမှာ သူမမျက်နှာလေးနား တိုးကပ်လာတော့ ရဲထွဋ်မျက်နှာကြီးကို ရှောင်ဖယ်ကာ ရှက်လန့်ဟန်လေးနှင့် ဆိုလိုက်တော့

''ဟိတ်...ဘာလဲကွ၊ ဘာလို့အော်ရတာလဲ''

''အော်မှာပေါ့၊ မောင့်မျက်နှာကြီးက''





''အဟွန်း...မောင့်မျက်နှာကြီးက ဘာဖြစ်လဲ ပြောပါဦးဗျာ''

အပြုံးလွှမ်းလွှမ်းကြီးနှင့် ဆိုလိုက်သည့် ရဲထွဋ်ကို သဒ္ဒါကြည်ဖြူသည် မျက်စောင်းရွေးထိုးလာပြီး

''သဒ္ဒါ အခုလိုဖြစ်ရတာ မောင့်ကြောင့်''

''ဟင် ဘာဆိုင်လို့လဲဗျ''

''ဆိုင်တာပေါ့ မောင်၊ မောင့်ကို ချစ်လို့ တွေ့ချင်လို့ မောင့်ဆီကိုလာရင်းက သဒ္ဒါ ကားဘရိတ်ချော်ပြီး ခုလိုဖြစ်ရတာ''

''သဒ္ဒါရယ် မောင့်ကိုသိပ်ချစ်တာပဲလားဗျာ''

''သဒ္ဒါဘဝမှာ မောင်ကအချစ်ဆုံးပါ မောင်''ဆိုရင်း မျက်နှာလှလှလေးကို သူ့ရင်ခွင်မှာ အပ်လာလေ၏။

''မောင်လည်း သဒ္ဒါကိုသိပ်ချစ်ပါတယ်၊ ခုဆို သဒ္ဒါဝေဒနာက လုံးဝပျောက်သွားပြီ၊ အနားယူဖို့ပဲလိုတော့တယ်လို့ ဆရာဝန်ကြီးက မောင့်ကို ပြောတယ်၊ မောင်တော့ သဒ္ဒါ့ဝေဒနာတွေ ခုလိုပျောက်သွားတာ သိပ်ဝမ်းသာတာပဲ၊ ဆရာဝန်ကြီး ဒေါက်တာ ဦးမင်းသူကတောင် သဒ္ဒါဝေဒနာ ခုလိုအချိန်တိုတိုနဲ့ အမြန်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ အံ့သြဝမ်းသာနေတာ၊ သဒ္ဒါရော မပျော်ဘူးလား''

တစ်ရေးနိုးအလှနှင့် ပြည့်ဖွက်နေရသော ချစ်သူ၏ မျက်နှာဝင်းဝင်းဖန့်ဖန့်လေးကို ရှုန်းရှုန်းဝေဝေကြီး ကြည့်ပြီး ရဲထွဋ်ရ မေးလိုက်တော့

''မောင်ရယ် သဒ္ဒါမပျော်ဘဲနေပါ့မလားရှင်၊ သဒ္ဒါ အတိတ်မေ့ခဲ့တဲ့ အချိန် ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မမှတ်မိတော့ပေမယ့် ဘာပဲပြောပြော မောင့်ကို ခုလိုပြန်တွေ့ရတာကိုပဲ သဒ္ဒါရင်မှာ ကြည်နူးမှုတွေနဲ့ ဝမ်းသာလို့မဆုံးနိုင်တော့ပါဘူး''

သူမနှင့်ပတ်သက်ကာ စိတ်မှာ နာကျင်မှုတွေ ခံစားခဲ့ရသမျှ ချစ်သူထံမှ ချိုလွင်ဝေဆာသော စကားသံတို့က ရဲထွဋ်ရနှလုံးသားကို ကြည်နူးအေးမြစေရသလို မောခဲ့ရသမျှ အမောတို့ကိုလည်း ပြေပျောက်စေခဲ့ရပါ၏။

ကံသီ၍လွဲရတော့မည့် ချစ်သူလေးကို သူ၏စစ်မှန်သော မေတ္တာတရားကြောင့် ပြန်၍ပိုင်ဆိုင်ခွင့်ရခဲ့ပြီမို့လည်း ရင်ဝယ်ကြည်နူးမှုအဖုံဖုံနှင့် အားမလိုအားမရကြီးနှယ် ဖြစ်လာရသော ရဲထွဋ်ရသည် သဒ္ဒါကြည်ဖြူ ခါးကျဉ်းကျဉ်းလေးကို မချင့်မရဲ ဖျစ်ညှစ်လိုက်ကာ





''မောင်ပြောရင် ယုံမှာလား သဒ္ဒါ''

''မောင့်စကားတွေက သဒ္ဒါအတွက် အကြွင်းမဲ့ယုံကြည်ပြီးသားပါ''

''ပြောတတ်လိုက်တာ သဒ္ဒါရယ်၊ ဒါကြောင့် သဒ္ဒါကို မောင် အသည်းစွဲနေရတာ မောင့်မှာ သဒ္ဒါအတိတ်မေ့နေတဲ့အချိန်တွေတုန်းက သဒ္ဒါဟာ မောင်ညီမလေးအဖြစ် ရှိနေပါလားဆိုတဲ့ အတွေးနဲ့ ကိုယ့်ကိုယ်ကို သတိပေးခဲ့ရပေမယ့် တကယ်တော့ မောင့်စိတ်တွေက မောင်သိပ်ချစ်တဲ့ သဒ္ဒါအပေါ်မှာ အစွမ်းကုန်ပေါက်ကွဲချင်ခဲ့ရတယ်၊ မောင် အဲဒီလိုဖြစ်ရတာ ကိုမိုးစွေကြောင့်''

''ရှင်''

ရဲထွဋ်ရစကားကို သဒ္ဒါကြည်ဖြူသည် နားမလည်သလို မျက်လုံးလေးအပြူးသားနှင့် သူ့အားကြည့်လာတော့

''အဟွန်း ဆောရီးကွာ၊ သဒ္ဒါကိုချစ်တဲ့စိတ်နဲ့ မောင် ဘာတွေပြောမိမှန်း မသိတော့ပါဘူး''

သဒ္ဒါကြည်ဖြူအား ရင်ခွင်ထဲ ဆွဲပွေ့ရင်းက ရဲထွဋ်ရသည် နားလည်လိုက်ရပြီဖြစ်သည်။ သဒ္ဒါကြည်ဖြူသည် သူမအတိတ်မေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့စဉ်က ကြုံတွေ့ခဲ့သည့် အင်ဂျင်နီယာလေး ကိုမိုးဇွေကို သူ
လုံးဝမမှတ်မိ မသိတော့ခြင်းပင် ဖြစ်သည်။

သို့အတွက် သူ့ရင်ထဲတွင် တစ်စုံတစ်ရာ လွတ်လပ်သွား
ရသလို။ ထိုသည်က သူ့အတွက်လား ကိုမိုးဇွေအတွက်သည်လား
ဆိုတာတော့ ရဲထွဋ်ကိုယ်တိုင်မသိပါတော့။

''မောင်''

''ဟင်...အင်း သဒ္ဒါ''

''ကိုမိုးဇွေဆိုတာ ဘယ်သူလဲမောင်၊ သဒ္ဒါအသိထဲမှာ
ဒီလိုနာမည်မျိုး တစ်ယောက်မှမရှိပါဘူး''

''အော်...အဟွန်း ဟုတ်တယ်၊ သဒ္ဒါအသိထဲမှာ မရှိဘူး
ဆိုတာ ဟုတ်ပါလိမ့်မယ်၊ ကိုမိုးဇွေဆိုတာ မောင့်အသိလေ၊ သူ
ဟိုဘက်ခြမ်းမှာနေတယ်''

ပြောရင်းက ရဲထွဋ်သည် သဒ္ဒါကြည်ဖြူမျက်နှာလေး
အကဲခတ်လိုက်သည်။

သို့ပေမယ့် သူမ၏မျက်နှာလှလှလေးကတော့ ဘာ
ထူးခြားမသွားခဲ့ပါ။





သဒ္ဒါကြည်ဖြူသည် သူ့စကားကို သာမန်နားထောင်ရုံ
အပြင်မပိုခဲ့။ ကိုမိုးဇွေနှင့် ပတ်သက်ကာ သူမဘက်က ထိုသို့
တည်ငြိမ်ပြလေလေ ကိုမိုးဇွေအတွက် ရဲထွဋ်သည် ကိုယ်ချင်းစာ
နားလည်စိတ်နှင့် စိတ်မကောင်းရလေဖြစ်သည်။

ကိုမိုးဇွေရယ် ခုချိန် ခင်ဗျားဘယ်လိုခံစားနေရမယ်ဆိုတာ
ကျွန်တော်ကိုယ်တိုင် ဒီဘဝကို ဖြတ်သန်းခဲ့သူမို့ ခင်ဗျားအပေါ်မှာ
ကျွန်တော် နားလည်နေပါတယ်ဗျာ။

တစ်ဆက်တည်း သဒ္ဒါကြည်ဖြူသည် ကိုမိုးဇွေကို လုံးဝ
မေ့သွားခဲ့ပြီမှန်းလည်း သူသိလိုက်ရသည်။

''မောင်''

''သဒ္ဒါ''

''သဒ္ဒါ အတိတ်မေ့နေတုန်းက မောင်တော်တော်ခံစား
ခဲ့ရမှာပဲနော်''

''အဟွန်း အဲဒီတုန်းက မောင့်ခံစားမှုတွေကို သဒ္ဒါကို
မောင်ပြောတောင် မပြောချင်တော့ပါဘူးဗျာ''

''မောင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါသိပါသည်။ မောင်သည် သူမကို သိပ်ချစ်သူမို့ ခံစားရမည်ဆိုတာ။

"ဒါပေမယ့် အခုတော့ သဒ္ဒါလည်း၊ အားလုံးကို ပြန်မှတ်မိနေကောင်းလာပြီဆိုတော့"

"ဘာဖြစ်လဲမောင်"

"အဟွန်း...ဟွန်း...ဟွန်း"

"အို ကြည့်စမ်း၊ သဒ္ဒါမေးတာကိုမဖြေဘဲ မောင်က ဘာလို့ရယ်နေရတာလဲ"

"အချစ်ရယ်"

ဝင်းဖန့်ဖန့်ပါးပြင်နုနုလေးကို မွှေးကြူရင်း ရင်ဝယ်ချစ်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာရသော ရဲထွဋ်မှာ ချစ်သူ၏ မျက်နှာလေးကို ခပ်ပြုံးပြုံးကြည့်ပြီး

"သဒ္ဒါကို မောင်ပြောစရာရှိတယ်"

"ပြောလေ မောင်"

"သဒ္ဒါ မောင့်ကိုချစ်တယ်မဟုတ်လား"

"ပြောပြီးပြီလေ၊ သဒ္ဒါဘဝမှာ မောင်ဟာ သဒ္ဒါရဲ့အချစ်





ဆုံးဆိုတာ"

"အဟွန်း...ဟုတ်ပါပြီဗျာ၊ အဲဒီအချစ်ဆုံးဆိုတဲ့ ကောင်မလေးဆီမှာ မောင်တောင်းဆိုစရာတစ်ခုရှိလို့"

"ဟင်...သဒ္ဒါဆီကိုဟုတ်လား"

"အင်း"

ရဲထွဋ်သည် ပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်ရင်းက သဒ္ဒါ ကြည်ဖြူပါးပြင်လေးကို ဖျတ်ခနဲ ရှိုက်နမ်းလိုက်ပြီး

"သဒ္ဒါ စဉ်းစားကြည့်စမ်း၊ သဒ္ဒါကို တစ်ချိန်က မောင် ဘာတောင်းဆိုခဲ့လည်းဆိုတာ"

"ဟင်"

သူ့စကားကို သဒ္ဒါကြည်ဖြူသည် ရုတ်တရက် စဉ်းစား မရဟန်နှင့် မျက်ဝန်းလေးစင်းကာ စဉ်းစားသလို တစ်ချက်ငြိမ်သွားလေသည်။

သို့သော် သူမသည်က စဉ်းစား၍မရခဲ့ပါ။ မောင် သူမကို တောင်းဆိုခဲ့သည့်စကား ဘာများပါလိမ့်။

"ဟိတ်...စဉ်းစားတာကလည်းကွာ ဒီလောက်ပဲကြာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''သဒ္ဒါ စဉ်းစားလို့မရဘူးမောင်၊ မောင်ပြောပြ''

ပြောပြီး သူမလက်လေးနှစ်ဖက်က ရဲထွဋ်လည်တိုင်ကို နီတွဲဖက်တွယ်လာလေသည်။

ရဲထွဋ်မှာ ချစ်သူချောကို အပြုံးနှင့်ကြည့်ပြီး...

''အေးကွ...မောင့်ချစ်သူက တကယ်မေ့တတ်တာပဲ၊ ကဲပါကွာ မောင့်ချစ်သူလေး စဉ်းစားနေတာ သနားပါတယ်၊ မောင်ပဲ ပြောပါ့မယ် သဒ္ဒါသိလား''

''ရှင်''

''ဒုတိယမြောက် လက်ထပ်ခွင့်စကား မောင်တောင်းဆိုပါရစေ သဒ္ဒါ''

''အို''

ယခုမှပင် သူဘာကိုပြောမှန်းသိရတော့ သဒ္ဒါကြည်ဖြူ မျက်နှာလေး ရဲရဲတွတ်နီမြန်းသွားရသည်။

မောင်သည် သူမကို ဒုတိယအကြိမ်မြောက် လက်ထပ်ခွင့် တောင်းနေသည်တဲ့လား။





မောင်ရယ်။

သဒ္ဒါကြည်ဖြူ မောင့်ရင်ခွင်ကြား မျက်နှာလေးအပ်လိုက်မိသည်။ တစ်ချိန်က မောင့်ထံမှ လက်ထပ်ခွင့်စကားကိုသာ သူမ လက်ခံခဲ့လျှင် သူမသည်လည်း

''ဟား မောင်ရယ်''

မောင့်မျက်နှာချောချောကြီးကို သဒ္ဒါကြည်ဖြူ ချစ်စိတ်တွေနှင့် ကရုဏာသက်စွာ ကြည့်လိုက်ပြီး မောင့်ကိုယ်ကြီးအား တင်းတင်းလေး ဖက်ထားလိုက်မိသည်။

ရဲထွဋ်မှာ သဒ္ဒါကြည်ဖြူကိုယ်လေးအား သိုင်းဖက်ကာ သူမနှင့် အကြည့်ချင်းဆုံလိုက်ရင်းက

''မောင့်ဆန္ဒကို သဒ္ဒါလိုက်လျောမယ်မဟုတ်လား၊ ကဲ သိလို့ သဒ္ဒါနဲ့မောင် ပြန်ဆုံရပြီးတဲ့နောက်မှာ မောင် သဒ္ဒါကို ဘယ်လို အကြောင်းနဲ့မှ မခွဲချင်တော့ဘူး၊ ဒီတစ်ခါတော့ မောင့်ကို မငြင်းနဲ့ တော့ သဒ္ဒါ၊ သဒ္ဒါကို မောင်အမြန်ဆုံး လက်ထပ်ပါရစေ''

သဒ္ဒါကြည်ဖြူသည် ဒီတစ်ခါတော့ဖြင့် ရဲထွဋ်စကားကို ငြင်းဆန်ခြင်းမပြုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



သူမအနေနှင့် ငြင်းလည်းမငြင်းနိုင်တော့ပြီဖြစ်သည်။ ဒီတစ်ခါသာ မောင်နှင့်ဝေးရလျှင် သဒ္ဒါကြည်ဖြူ မတွေးရဲတော့ပါ။

"ဘာတွေစဉ်းစားနေတာလည်း သဒ္ဒါ"

မျက်နှာလှလှလေးထက် ပါးချင်းကပ်လိုက်ရင်းက သူ့အနမ်းတွေသည် ရွှေလည်တိုင်လေးတစ်လျှောက် ရောက်ရှိနေရသည်။

ရဲထွဋ်ရင်ခွင်ထဲတွင် သဒ္ဒါကြည်ဖြူကား ငြင်းဆန်ခြင်းမပြုဘဲ မျက်နှာရဲရဲလေးနှင့်သာ ငြိမ်သက်နေလေ၏။

တကယ်တော့ သူမကိုယ်တိုင်လည်း မောင်နှင့်မခွဲချင်။ မခွဲနိုင်တော့ပါ။

ကံအကြောင်းမလှ၍ မောင်နှင့်ဝေးခဲ့ရပြီးနောက်ပိုင်း သဒ္ဒါကြည်ဖြူ မောင်နှင့်နောက်တစ်ကြိမ်ဝေးရမည့်အဖြစ်ကို သူမအနေနှင့် အဖြစ်မခံနိုင်သလို မောင်သည်လည်း သူမအား သိပ်ချစ်၍မခွဲချင်တော့ပြီဖြစ်သည်။

"မောင်"

"ဗျာ"





ချစ်သူမောင် မျက်နှာချောချောကြီးကိုကြည့်ကာ ခေါ်လိုက်တော့ အကောက်ခွန်အရာရှိလေးရဲထွဋ်မှာလည်း ချစ်သူလေး၏ မျက်နှာလေးကို ချစ်မြတ်နိုးမှုတို့နှင့်ကြည့်လျက် တနင့်တခဲကြီး ထူးလိုက်သည်။

"မောင့်ကို သဒ္ဒါသိပ်ချစ်တယ်"

"သဒ္ဒါရယ်"

ရဲထွဋ်ရင်အုပ်ကျယ်ကျယ်ကြီးကို သူမလက်ကလေးနှင့် ပွတ်သပ်ကိုင်စမ်းကာဆိုလိုက်သော သဒ္ဒါကြည်ဖြူကိုယ်နွေးအိအိလေးကို ရဲထွဋ်သည် ရင်ခွင်ထဲသို့ ခပ်တင်းတင်း ဆွဲသွင်းလိုက်ပြီး

"မောင်လည်း သဒ္ဒါကို သိပ်ချစ်တယ်၊ မောင်တို့ လက်ထပ်မယ်နော်"

သူ့စကားကြောင့် သဒ္ဒါကြည်ဖြူသည် ရှက်ပြုံးလေးနှင့် ရှိသွားရကာ

"မောင့်သဘောပါဟု"ဆိုလျက် သူမရှက်မျက်နှာလေးကို သူ့ရင်ခွင်ထဲ ဖွက်လိုက်တော့ ရဲထွဋ်ရင်ထဲ ကြည်နူးခြင်း ချစ်ခြင်းတွေနှင့် ပြည့်လျှံသွားရကာ သဒ္ဒါကြည်ဖြူမျက်နှာလှလှလေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



အနမ်းပန်းတို့ ဝေဆာဖူးပွင့်သွားရသည်။

ရဲထွဋ်ကားချစ်လှစွာသော သဒ္ဒါကြည်ဖြူအား ရင်ခွင်ထဲမလွှတ်တမ်းသာ ထွေးပွေ့ပိုက်ထားလျက် ချစ်သူလေးနှင့် နှစ်ကိုယ်နီးရတော့မည့်အဖြစ်ကိုတွေးကာ ရွှန်းမြသည့် ချစ်ပြုံးတို့နှင့် ချစ်သူလေးအား ကြည့်လိုက်ပါတော့သည်။

❀ ❀ ❀



## အခန်း (၁၃)

ကြီးကျယ်ခမ်းနားသည့် မင်္ဂလာညစာခံပွဲက နာမည်ကြီးခန်းမတစ်ခုတွင် ညဉ့်ပရိသတ်ပေါင်းများစွာနှင့် စည်ကားစွာ ကျင်းပနေလေသည်။

မင်္ဂလာသတို့သား သတို့သမီးနှစ်ဦးမှာ မြင်ရသူအဖို့ နေနှင့်လရွှေနှင့်မြပမာ လွန်စွာလိုက်ဖက်တင့်တယ်လွန်းနေရသည်။

ထို့အတူ သတို့သား သတို့သမီးနှစ်ဦးတို့မှာလည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ကြည်နူးပီတိပြုံးများဖြင့် မင်္ဂလာပွဲကို ဆင်နွှဲနေကြသည်မှာ တကယ့်ကို ကြည်နူးချမ်းမြေ့မှုနှင့် အရာရာပြီးပြည့်စုံနေသည့် အလားပင်ဖြစ်သည်။

သတို့သားဖြစ်သည့် အကောက်ခွန်အရာရှိလေးရဲထွဋ်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးတွင်ရှိနေသည့် သိပ်လှနေသော သူ၏သတို့သမီးလေးဖြစ်တဲ့ သဒ္ဒါကြည်ဖြူအား ချစ်ရည်ရွှန်းမြသော မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်လိုက်တော့ သတို့သမီးလေးဖြစ်တဲ့ သဒ္ဒါကြည်ဖြူသည်လည်း သတို့သား ရဲထွဋ်၏မျက်နှာကို ရှက်ပြုံးလှလှလေးနှင့် ပြန်ကြည့်လာလေ၏။

ကင်မရာမင်း သုံးလေးယောက်မှာလည်း ဓာတ်ပုံတွေ တဖျပ်ဖျပ်နှင့် ရိုက်နေကြသည်မှာ ခန်းမကျယ်ကြီးတစ်ခုလုံး အလင်းရောင်တွေ ဖြာထွက်နေရသည့်အထိ။

ရဲထွဋ်နှင့်သဒ္ဒါကြည်ဖြူတို့နှစ်ဦးသည် အပြုံးကိုယ်စီနှင့်ပင် ဧည့်ပရိသတ်များကို လိုက်၍နှုတ်ဆက်နေရာ တစ်နေရာအရောက်မှာတော့

"ဟင်"

မင်္ဂလာဧည့်ခံပွဲလာ ဧည့်ပရိသတ်များကိုလိုက်၍ နှုတ်ဆက်နေရာမှ သတို့သားဖြစ်သူ အကောက်ခွန်အရာရှိလေး ရဲထွဋ်သည် တစ်နေရာအရောက်မှာတော့ ခြေလှမ်းများ ရပ်တန့်မတတ်ဖြစ်သွားလေသည်။





ထိုသို့သူဖြစ်သွားရသည်က မင်္ဂလာဧည့်ခံပွဲတွင် ဧည့်ပရိသတ်များနှင့်အတူ ရောက်ရှိနေသော အင်ဂျင်နီယာလေး ကိုမိုးစွေကြောင့်ပင်ဖြစ်သည်။

ရဲထွဋ်သည် မျက်မှောင်ကြီးတွန့်သွားရကာ သူ့အကြည့်များကလည်း သူ့ဘေးတွင်ရှိနေသည့် သတို့သမီးဖြစ်သူ သဒ္ဒါကြည်ဖြူမျက်နှာလှလှလေးထက် မည်သည့်အပြောင်းအလဲကိုမှ မမြင်တွေ့ရဘဲ အပြုံးလှလှလေးကို မြင်တွေ့လိုက်မှ သူသည်လည်း သက်ပြင်းချနိုင်တော့၏။

သည်နောက် သူသည် အပြုံးမျက်နှာနှင့် ခြေလှမ်းများက မိုးစွေရှိသည့်နေရာသို့ ဦးတည်လိုက်သည်။

"ကွန်ကရက်ကျူလေးရှင်း ကိုရဲထွဋ်၊ ကိုရဲထွဋ်ရဲ့ မင်္ဂလာပွဲအတွက် ကျွန်တော်ဂုဏ်ယူပါတယ်"

"အဟွန်း ကျေးဇူးပါပဲ ကိုမိုးစွေ"

မိုးစွေသည် မင်္ဂလာသတို့သားဖြစ်သည့် ရဲထွဋ်ကို လက်ဆွဲနှုတ်ဆက်ကာပြောရင်း တစ်ဆက်တည်း သူ့အကြည့်များက သတို့သားဘေးတွင်ရှိနေသည့် သတို့သမီးဖြစ်သူ သဒ္ဒါကြည်ဖြူ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ လှလှလေးကို ငေးခနဲတစ်ချက်ကြည့်လိုက်လေသည်။

သဒ္ဒါကြည်ဖြူ မျက်နှာလေးသည်ကတော့ ပကတိရိုးရှင်းစွာ ဖြူစင်သန့်ရှင်းသည့် အပြုံးလေးနှင့် ကြည်စင်စွာရှိနေရ၏။

မိုးစွေဆိုတာက သူမစိတ်ထဲတွင် ခြိနီးချင်းမိတ်ဆွေတစ်ယောက်အသိအနေနှင့်ကလွဲပြီး တခြားဘာခံစားမှုမှ မရှိပါပေ။

အတိတ်မေ့ခဲ့စဉ်ကအဖြစ်များကို ဘာတစ်ခုမှ ပြန်၍သတိမရခဲ့ပြီဖြစ်သော သဒ္ဒါကြည်ဖြူသည် သူမအတိတ်မေ့ခဲ့စဉ်က ချစ်ခဲ့သည့် ချစ်သူ မိုးစွေတစ်ယောက်လုံး သူမရှေ့တွင် ရှိနေရောက်နေပါရက်နှင့် လုံးဝမှတ်မိခြင်းမရှိဘဲ သူစိမ်းတစ်ယောက်လိုသာ သဘောထားသိနေသည့်အဖြစ်ကို သတို့သားဖြစ်သည့် ရဲထွဋ်ရော ကာယကံရှင်ဖြစ်သူ မိုးစွေပါ သိပါသည်။

သိ၍လည်း ရင်မှာ နာကျင်မှု နှင့်သည်းဖြာဝေမှုတွေနှင့်သူမအပေါ် နားလည်ခွင့်လွှတ်ကာ ရင်မှအလွမ်းတွေကို မိုးစွေသည်လူမသိ သူမသိ တစ်ယောက်တည်း ကျိတ်မှိတ်မျိုသိပ်ခဲ့ရသည်။

သည့်အတွက် သူ့အဖြစ်ကို ဘယ်သူတွေကရောလာပြီးကိုယ်ချင်းစာပေးနိုင်ဦးမှာတဲ့လဲ။





ချစ်သူ၏ ပြုံးပျော်ရွှင်နေသော အလှဆုံးမျက်နှာလေးကို မိုးစွေသည် ဝှာမြွေဆည်ကာကြည့်ရင်း သူမထံမှ အကြည့်များကို သူလွှဲလိုက်လေသည်။

"ကိုမိုးစွေရောက်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး ကိုရဲထွဋ်"

"ကျွန်တော့်မင်္ဂလာပွဲကို အခုလို ကိုယ်တိုင်ချီးမြှင့်ပေးတဲ့အတွက် ကိုမိုးစွေကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့မလိုပါဘူး ကိုရဲထွဋ်၊ ကျွန်တော်တို့ကမိတ်ဆွေတွေပဲ၊ ပြီးတော့ ဒီပွဲကို ကျွန်တော်အခုလို လာခွင့်ရတဲ့အတွက်လည်း ကိုရဲထွဋ်ကို ကျွန်တော်ကသာ ကျေးဇူးတင်ရမှာပါ"

ချောမောမှုတွေကိုယ်စီနှင့် ခံစားချက်တွေကိုယ်စီ တစ်ယောက်ကိုတစ်ယောက် နားလည်နေသော ရဲထွဋ်နှင့်မိုးစွေသည်ပညာတတ်လူငယ်ပီပီ တစ်ဦး၏ခံစားချက်ကို တစ်ဦးရင့်ထဲ လှမ်းမြင်နေပေမယ့် မမြင်မတွေ့ဟန် ပြုထားကြလေသည်။

"သဒ္ဒါ"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမိုးဇွေကို နှုတ်ဆက်လိုက်ပါဦး သဒ္ဒါ"

ထိုအခါမှ သဒ္ဒါကြည်ဖြူသည် ကလေးတစ်ယောက်ကို ပင် ကြည်စင်သော အပြုံးမျက်နှာလှလှလေးနှင့် မိုးဇွေအား ကြည့်လာပြီး

"သဒ္ဒါတို့မင်္ဂလာပွဲကို ခုလိုရောက်လာတဲ့အတွက် ကျေးဇူး ပါပဲ၊ ဒါနဲ့ ကိုမိုးဇွေတစ်ယောက်တည်းပဲလား"

သူမအမေးက သူ့အရိုက်ကို ထိသွားရသလို ရဲထွဋ်မှာ လည်း မျက်နှာပျက်သွားရလေသည်။

"ကျွန်တော့်ဘဝမှာ အချိန်တော်တော်များများကို ခုလို တစ်ယောက်တည်းပဲ ဖြတ်သန်းရမှာမို့ တစ်ယောက်တည်းပါပဲ သဒ္ဒါ"

ဟင်။

သဒ္ဒါကြည်ဖြူမှာ မျက်ခုံးလေးပင့်ကာ အံ့သြသွားရသည်။ ကိုမိုးဇွေ သူ့စကားတွေ တစ်မျိုးပါပဲလား။

သူ ဘာရည်ရွယ်ချက်နှင့် ပြောလိုက်သည်မသိပေမယ့် သူ့စကားတွေကို ဘာတစ်ခုမှ နားမလည်ပါပေ။





သူ့မျက်နှာကိုကြည့်လိုက်တော့လည်း သူ့မျက်နှာချောချော ကြီးထက်ဝယ် သူမနားမလည်နိုင်သည့် ခံစားမှုတွေနှင့် ရှိနေရသည်။

"ကျွန်တော် သဒ္ဒါကို တစ်ခါတည်းနှုတ်ဆက်ခဲ့ပါ တယ်"

"ရှင်"

"ကျွန်တော် နိုင်ငံခြားကို ဒီကနေ့ အပြီးထွက်သွားတော့ မယ်"

"အို"

သူ့စကားကြောင့် သဒ္ဒါကြည်ဖြူသည် ဘာကြောင့်ရယ် မသိ ရင်မှာဝမ်းနည်းမှုတွေနှင့် နင့်ဖြာသွားရသလိုလို။

သူသည် သူမစိတ်ထဲတွင် ရင်းနှီးနေသလို ခံစားရပေမယ့် ဘယ်လိုရင်းနှီးပတ်သက်ခဲ့မှန်းလည်း သူမစဉ်းစားလို့မရပါ။

"ကိုမိုးဇွေ ဘယ်တော့သွားမှာလဲ"

"ဒီကအပြန်ပါပဲ"

"အို"

"ကိုရဲထွဋ်နဲ့သဒ္ဒါကို ကျွန်တော်နောက်ဆုံးအနေနဲ့ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် တမင်ဝင်နှုတ်ဆက်တာပါ''

''ကိုမိုးစွေရယ်''

သဒ္ဒါကြည်ဖြူရင်ထဲ ဘယ်လိုခံစားသွားရသည် မသိပေမယ့်။ ယောကျ်ားရင့်မကြီးဖြစ်သည့် ရဲထွဋ်ရင်ထဲပင် မိုးစွေ အတွက် စိတ်မကောင်းဖြစ်သွားရသည်။

တကယ်တော့ ကိုမိုးစွေ ဘာကြောင့်ထွက်သွားရသည်ကို သူသိနားလည်နေပါ၏။ ရင်ဝယ် နှင့်နှင့်သည်းသည်းချစ်ခဲ့မိသူတိုင်း အချစ်၏ဆုံးရှုံးမှု အချစ်၏နင့်သည်းမှုဝေဒနာတွေကို တကယ်ချစ်တတ်သူတိုင်း မခံစားနိုင်ခဲ့ကြပါ။

သည်လိုအဖြစ်မျိုးက ရဲထွဋ်ကိုယ်တိုင် ခံစားခဲ့ရသည့်အဖြစ်မျိုးမို့ အချစ်နှင့်ပတ်သက်ကာ မိုးစွေ ဘယ်လိုခံစားရမည်ဆိုတာလည်း ရဲထွဋ် ကိုယ်ချင်းစာစိတ်နှင့် သိနေရခြင်းဖြစ်သည်။

သဒ္ဒါကြည်ဖြူရင်ထဲတွင် သွေးသားရင်းချာတစ်ယောက် သူမအနားက ထွက်ခွာသွားတော့မည့် ခံစားချက်မျိုးမို့ သူမရင်ထဲ ဝမ်းနည်းစိတ်လေး လှိုင်းထန်သွားရပေမယ့် သူ့အား မသွားပါနှင့်လို့လည်း သူမအနေနှင့် ဘယ်လိုမှ တားပိုင်ခွင့်မရှိ။ မပတ်သက်သည့်





အဖြစ်။

''သဒ္ဒါ ကိုမိုးစွေကို လိုက်ပို့ပေးပါရစေ''

ဘုရားရေ ကြည့်စမ်း။

သူမ ဘာကြောင့် သူ့ကို ဒီစကားပြောမိသွားရတာပါလိမ့်။ တကယ်ဆို ကိုမိုးစွေနှင့် သူမဆိုတာက ခြိမ်းချင်းမိတ်ဆွေ တစ်ယောက်အနေနှင့် စကားဟဟပင် တစ်ယောက်နှင့်တစ်ယောက် ပြောခဲ့ဖူးသူများမဟုတ်ပါ။

ဒါနဲ့တောင် သူမ ဘာကြောင့် သူ့ကို ဒီလိုစကားမျိုး ပြောဖြစ်သွားရတာပါလိမ့်။

သေချာသည်ကတော့ ကိုမိုးစွေသည် သဒ္ဒါကြည်ဖြူစိတ်ထဲ သူမနှင့် အရမ်းရင်းနှီးနေခြင်းပင်ဖြစ်သည်။

သူမစကားကြောင့် အံ့သြသွားရသူက ရဲထွဋ်နှင့် မိုးစွေပင်ဖြစ်သည်။ ထို့အတူ နှစ်ဦးစလုံး၏ အကြည့်တွေကလည်း သူမမျက်နှာလှလှလေးထက် အဖြေတစ်ခုကို ရှာသလိုမျိုး အကဲခတ်သည့် အကြည့်များနှင့် ကြည့်လိုက်တော့

''ကိုယ့်အမိမြေက ထွက်ခွာသွားတော့မယ့် လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ လိုက်ပို့တဲ့သဘောပ
ကိုမိုးဆွေ''

''ဟာ သဒ္ဒါရယ်''

''ဟူး''

သဒ္ဒါကြည်ဖြူစကားကိုကြားမှ ရဲထွဋ်နှင့်မိုးဆွေမှာ သတ
မတွေကိုယ်စီချနိုင်တော့သည်။

သို့သော်

သူတို့နှစ်ဦးချသည့် သက်မတွေကတော့ဖြင့် မတူကြပ
ပေ။ ဒါကိုတော့ သူတို့နှစ်ဦးသာ သိကြပါသည်။

''ကျေးဇူးပါပဲ သဒ္ဒါ၊ အားလုံးကို ကျွန်တော် နောက်ဆ
အေးအေးနဲ့ပဲ ကျောခိုင်းခဲ့ပါရစေတော့၊ ဒါဟာ ကျွန်တော့်အတွ
အရှုံးဆိုလည်း အဲဒီအရှုံးကိုပဲ ကျွန်တော် ကျေကျေနပ်နပ် ခံယူသွား
ပါမယ်၊ ကဲ ကိုရဲထွဋ်နဲ့သဒ္ဒါကို တစ်ခါတည်း ကျွန်တော် နှုတ်ဆက
ခဲ့တယ်''

ဟုဆိုကာ သဒ္ဒါကြည်ဖြူမျက်နှာလေးကို ခပ်စူးစူးတစ်ချ
စိုက်ကြည့်လျက် ချာခနဲလှည့်ထွက်သွားသော မိုးဆွေကို ရဲထွဋ်နှ





သဒ္ဒါကြည်ဖြူသည် မှင်သက်စွာ ငေးကြည့်ရင်းက ကျန်ခဲ့သည်။

သဒ္ဒါကြည်ဖြူသည် ကျောခိုင်းသွားသည့် မိုးဆွေ၏နောက်
ကျောမြင့်မြင့်မားမားကြီးကိုကြည့်ပြီး ဘာကြောင့်ရယ်မသိ စိတ်ထဲ
တစ်မျိုးကြီးလိုလို ဖြစ်လာရသည်။

တစ်ဆက်တည်း သူမနားထဲတွင်လည်း သူပြောသွားသည့်
စကားကမထွက်။

အရှုံးဆိုလျှင် အဲဒီအရှုံးကို ကျေကျေနပ်နပ်ကြီး ခံယူသွားပါ
မည်ဆိုတဲ့ ကိုမိုးဆွေစကားက သူ ဘာကိုဆိုလိုသွားတာပါလိမ့်။

လှပသော မျက်ဝန်းများနှင့် သဒ္ဒါကြည်ဖြူသည် မိုးဆွေ
အား မျက်စိတစ်ဆုံးကြည့်နေဆဲ။

''သဒ္ဒါ''

''ဟင် မောင်''

''မောင်တို့ ဟိုဘက်က မိတ်ဆွေတွေကို သွားနှုတ်ဆက်
ကြရအောင်နော်''

''ရှင် ဟုတ်ကဲ့မောင်''

မောင့်ထံမှ အကြည့်စူးစူးတို့ကို သဒ္ဒါကြည်ဖြူသည် လွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်းက အယောင်ယောင်အမှားမှားနှင့်ပင် မောင့်လက်မောင်းကြီးကို သူမလက်နှင့် တင်းတင်းချိတ်ဆွဲလျက် မင်္ဂလာပွဲလာသမျှ ဧည့်သည်များကို တစ်ဝိုင်းပြီးတစ်ဝိုင်း လိုက်၍နှုတ်ဆက်နေလိုက်သည်။

လူကသာ မောင့်လက်ကိုဆွဲ၍ အပြုံးလေးနှင့် နှုတ်ဆက်နေရပေမယ့် သဒ္ဒါကြည်ဖြူ စိတ်အတွေးတို့ကတော့ဖြင့် လူနှင့်ကိုယ်ကပ်မနေတော့သလို။

သူမစိတ်အတွေးအားလုံးတို့သည် ညှို့မှိုင်းနေသောမျက်နှာနှင့် နွမ်းလျလျအသွင် မိုးဇွေလူချောကြီးဆီကိုသာ ရောက်ရှိနေသည်။

သို့ပေမယ့် သူမစိတ်အတွေးတို့သည် မိုးဇွေထံတွင် ကြာကြာ တော့ဖြင့် မရောက်နိုင်အားခဲ့ပါ။

မင်္ဂလာပွဲပြီး၍ ရဲထွဋ်နှင့်သဒ္ဒါကြည်ဖြူ မင်္ဂလာအိပ်ခန်းကြီးထဲသို့ ရောက်သည့်အခါမှာတော့

"သဒ္ဒါ"

"မောင်"





ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးကို ခါးကျဉ်းကျဉ်းလေးမှနေ တင်းတင်းလေး သိုင်းပွေ့လျက် သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ သဒ္ဒါကြည်ဖြူမျက်နှာလေးကို စေ့စေ့ကြည့်ကာ ခေါ်လိုက်တော့ သဒ္ဒါကြည်ဖြူသည်လည်း သူနှင့် အကြည့်ချင်းဆုံလျက် ပြန်ထူးလိုက်လေသည်။

"ဘာဖြစ်တာလဲသဒ္ဒါ မျက်နှာကလဲညိုးလိုက်တာ၊ ဘာလဲ မောင်နဲ့လက်ထပ်ရတာ သဒ္ဒါ မပျော်ဘူးလား"

သူမမျက်နှာလေး ညိုးယောင်ယောင်ဖြစ်နေ၍လားမသိ။ သတိထားမိသော ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးကို ယုယကြင်နာစွာ ပိုက်ထွေးရင်းက မချင့်မရဲကြီး စကားဆိုလိုက်သည်။

သဒ္ဒါကြည်ဖြူမှာ မောင့်ရင်ခွင်ထဲ သူမမျက်နှာလေးအပ်လိုက်ပြီး

"မဟုတ်ပါဘူးမောင် သဒ္ဒါပျော်ပါတယ်"

"ပျော်တယ်ဆိုလည်းကွာ ဘာလို့ မျက်နှာကညိုးနေရတာလဲ၊ ကြည့်ရတာ မောင့်မိန်းမ မင်္ဂလာပွဲမှာ ပင်ပန်းသွားလို့နဲ့တူတယ်"

"မောင်နော် ဘာမိန်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုပြန်တော့လည်း သဒ္ဒါကြည်ဖြူမှာ မောင့်ရင်ခွင်ထဲမှနေ ရှက်မျက်နှာရဲရဲလေးနှင့် ရန်တွေ့တော့ ရဲထွဋ်သည် နှစ်နှစ်ခြိုက်ခြိုက်ရယ်မောကာ

"အဟွန်း ဟွန်း ဟွန်း၊ ကြည့်စမ်း ကောင်မလေး တစ်ယောက် ရှက်သွားလိုက်တာများကွာ၊ အေးဗျ ရှက်မနေနဲ့၊ မောင့်မိန်းမမို့ မောင်က မိန်းမလို့ခေါ်တာ အပြစ်လား"

"ဟင့်အင်းကွာ မသိဘူး မခေါ်နဲ့၊ သဒ္ဒါရှက်တယ်"

"မှန်းစမ်း အဲဒီရှက်တဲ့မျက်နှာလေး မောင်ကြည့်စမ်းမယ်"

"မောင်နော်"

ပြုံးဟဟအသွင် ချောချောကြီးနှင့် ရဲထွဋ်သည် ချစ်သူမိန်းမချော သဒ္ဒါကြည်ဖြူ၏ မျက်နှာလှလှလေးကို သူ့လက်နှင့် အတင်းဆွဲယူမော့စေတော့ သဒ္ဒါကြည်ဖြူ ခေါင်းမဖော်ပါတော့။ နီမြန်းနေရသော ရှက်မျက်နှာလှလှလေးကိုသာ သူ့ရင်ခွင်ထဲ ဖွတ်တိုးဖွက်ထားရင်းက ရဲထွဋ်ကိုယ်ကြီးကို သူမလက်သီးနုနုလေးနှင့် ထုရိုက်ကာ သူမကိုယ်လေးကို သူ့ရင်ခွင်ထဲမှ တွန်းထိုးရုန်းထွက်





လိုက်လေသည်။

"ဟား ဟိတ် ဟိတ်၊ ဘယ့်နှယ် လူကိုဖွတ်ရိုက်နေရတာလဲကွ"

ချစ်ဇနီးလေး အရှက်သည်းနေသည်ကို သိနေသော ရဲထွဋ်မှာ သဒ္ဒါကြည်ဖြူလက်လေးနှစ်ဖက်ကို အတင်းဖမ်းဆုပ်ချုပ်ကိုင်ရင်း ချစ်မြတ်နိုးမှုတွေ လွှမ်းကဲနေသောအကြည့်နှင့် ကြည့်လျက် စကားဆိုလိုက်သည်။

ထိုအခါ

နှင်းဆီပန်းလေးပမာ နီရဲနေသော ရှက်မျက်နှာလေးနှင့် သဒ္ဒါကြည်ဖြူသည် သူမအား စိုက်ကြည့်နေသည့် မောင့်မျက်နှာချောချောကြီးကို ဖျတ်ခနဲမော့ကြည့်ပြီး

"ရိုက်မှာပေါ့ မောင် သဒ္ဒါမကြိုက်တာ ဘာလို့ခေါ်လဲ"

"ဟောဗျာ မောင်ခေါ်တာ ဘာမှားလို့လဲ၊ သဒ္ဒါက မောင့်မိန်းမပဲ မောင့်မိန်းမကို မောင်က မိန်းမလို့"

"မောင်"

သူမ ရှက်ပါသည်ဆိုမှ လူကို မိန်းမချင်းထပ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ် နေသော မောင့်ကို သဒ္ဒါကြည်ဖြူ စိတ်မရှည်ချင်တော့ပါ။ ထို့ကြောင့် ရှက်ရှက်နှင့် မောင့်အား ခေါ်လိုက်တော့ မောင်သည် သဒ္ဒါကြည်ဖြူ အား အကြည့်စူးစူးတွေနှင့် ခပ်စိုက်စိုက်ကြည့်လာ၏။

''ကဲ ပြောပါဦးဗျာ၊ ခင်ဗျားလေးကို ကျုပ် ဘယ်လိုခေါ် ရမလဲဆိုတာ''

''မသိဘူး ဘယ်လိုမှမခေါ်နဲ့''

''ဟ ရမလားကွ၊ ဒီကောင်က ခင်ဗျားကို ဘယ်လောက် ချစ်လဲဆိုတာ ခင်ဗျားမသိဘူးလား၊ ကျုပ်ချစ်တဲ့မိန်းမကို ကျုပ်က မိန်းမလို့မခေါ်ရရင် ဘယ်သူကိုသွားပြီး ကျုပ်က မိန်းမလို့ခေါ်ရမှာ လဲ''

''ဟင် ကြည့်စမ်း ကြည့်စမ်း၊ ခုမှ မောင့်စိတ်ကိုသိတော့ တယ်''

''ဘာလဲကွ''

''မောင်နော် ခုမှဘာမသိချင်ဟန်ဆောင်နေရတာလဲ၊ မောင်က သဒ္ဒါ့အပြင် တခြားတစ်ယောက်ကို တွေ့ထားပြီပေါ့လေ ဟုတ်လား''





''ဟော့ ဟော့ ဘာတွေပြောနေတာလဲ၊ သဒ္ဒါနော် ဘာလို့ မောင့်ကို အဲလိုပြောရတာလဲ''

''အို ပြောမှာပေါ့၊ သဒ္ဒါပြောတာ အလွန်လားလို့ မောင်ပဲ ခုပြောတယ်လေ၊ သဒ္ဒါကိုမှ မိန်းမမခေါ်ရရင် ဘယ်သူကိုခေါ်ရမလဲ ဆိုတာ''

''အဲဒါ ကျုပ်ပြောတာဟုတ်ဝးယ်လေ''

''ဟုတ်တယ်ဆို မောင်က ဝန်ခံကာပေါ့လေ''

''ဘာဆိုင်လဲ''

''ဘာဆိုင်ရမှာလဲ မောင့်မှာ သဒ္ဒါအပြင့် တခြား တစ်ယောက်ရှိနေလို့ ဒီလိုစကားမျိုးပြောတာပေါ့''

''ဟာ ကြံကြီးစည်ရာကွာ၊ မောင့်မှာ ဘယ်တခြား တစ်ယောက်မှ မရှိပါဘူး၊ ဟော့ဒီကတစ်ယောက်ကိုတောင် မောင်ချစ်လို့ မဝနိုင်တဲ့ဟာ၊ ဘယ်ကတစ်ယောက်ရှိရဦးမှာလဲဗျာ''

ပြောပြောဆိုဆို ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းဆွဲပွေ့ဖက်လိုက်သည်။

''အို မသိဘူး မသိဘူး၊ ဖယ် လွှတ် လွှတ်၊ ရှင်သဒ္ဒါကို



www.burmeseclassic.com

www.burmeseclassic.com



မထိနဲ့သိလား"

သဒ္ဒါကြည်ဖြူ ဖွတ်ပင် ရဲထွဋ်ရင်ခွင်ထဲမှ ရုန်းထွက်ပစ်လိုက်သည်။ သို့သော် ရဲထွဋ်သည်က သဒ္ဒါကြည်ဖြူအား နည်းနည်းမှ လွှတ်မပေးပါပေ။

သူ့ရင်ခွင်ထဲမှ ဖွတ်ထိုးရုန်းထွက်နေသူလေးအား မချင့်မရဲစိတ်နှင့်ပင် ပို၍တိုးဖက်ထားလိုက်ပြီး

"သဒ္ဒါနော် မောင့်ရင်ခွင်ထဲက ဘာလို့ရုန်းနေတာလဲ"

"ရုန်းမှာပေါ့ ရှင့်လိုအချစ်သစ်ရှိနေတဲ့ လူကို ကျွန်မ မုန်းတယ်သိလား"

"ဟာ ဟိတ် ဟိတ် မင်းနော်၊ ဒါဘာပြောတာလဲ၊ မောင် မင်းကိုသိပ်ချစ်တယ်"

"မချစ်နဲ့ မချစ်နဲ့"

"အပွန်း ခုမှမချစ်နဲ့လို့ ပြောလို့ရမလားဗျ၊ ချစ်လွန်းလို့ ဒီကောင်မှာ မင်းလေးကို လက်ထပ်ခဲ့ရတာပဲ"

ရဲထွဋ်သည် ပြောရင်းက သဒ္ဒါကြည်ဖြူကိုယ်လေးကို သူ့ရင်ခွင်ထဲ မလွှတ်တမ်း ထွေးပွေ့ကာ သူ့အနမ်းတွေက သဒ္ဒါ





ကြည်ဖြူ မျက်နှာလေးထက် ရောက်ရှိလာရသည်။

မောင့်ထံမှ အနမ်းနွေးနွေးများကို သဒ္ဒါကြည်ဖြူသည် မျက်နှာလေး လွှဲဖယ်ကာ တိမ်း ရှောင်ရင်းမှ

"ဖယ်နော် ဖယ်လို့ပြောနေတယ်မဟုတ်လား"

"ချစ်တယ်သဒ္ဒါရယ်၊ သိပ်ချစ်တယ်"

"အို ရှင်နော်"

"အဲဒီရှင်က ဘယ်ကတတ်လာတာလဲ၊ ခေါ်စမ်း မောင်လို့"

သူ့စကားကို သဒ္ဒါကြည်ဖြူသည် ဂရုမစိုက် အရေးမထားသလို နှုတ်ခမ်းလေးတင်းတင်းစေ့ကာ နှုတ်ဆိတ်နေတော့

"ကြည့်စမ်း မင်းမောင့်စကားကို နားမထောင်ဘူးပေါ့"

သဒ္ဒါကြည်ဖြူ စကားမဆိုပါ။

သူမပုံစံလေးက သူ့ကို ဂရုမစိုက်သည့်ဟန်မို့ ရဲထွဋ် မချင့် မရဲနှင့် ချစ်အသည်းယားသွားရပြီး

"အေး ဒီလောက်ခေါင်းမာတဲ့ ကောင်မလေး၊ တွေ့ကြသေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

"အို"

မောင့်အနမ်းများကြောင့် ရင်ခုန်သံတွေ တဒိတ်ဒိတ် မြန်ဆန်နေရသော သဒ္ဒါကြည်ဖြူသည် မောင့်ရင်ဘတ်ကြီးအား သူမလက်လေးနှင့် တွန်းထိုးထောက်ထားလိုက်ပြီး

"လွှတ်လို့ပြောနေတယ်နော်"

"ဘယ်သူကိုပြောတာလဲ"

"ရှင့်ကို"

"လာပြန်ပြီလား ဒီရှင်က"

မျက်စောင်းလှလှလေးတစ်ချက်က ရဲထွဋ်ထံ ရောက်ရှိလာရတော့ ရဲထွဋ်မှာ ရင်ထဲရှိ နှလုံးသားတွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားရသည့်အထိ။

သည်မိန်းကလေးဆိုတာ သူ့ဘဝ သူ့နှလုံးသားတွေ ပေးဆပ်ကာ ချစ်ရသူတစ်ယောက်။

သူမကိုချစ်ရသည့် အချစ်မျိုးနှင့် သူဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးပေ။





ယခု သူသိပ်ချစ်နေရသည့် မိန်းကလေးက သူ့အပေါ် စကားစိမ်းစိမ်းတွေနှင့်ဆိုလာတော့ ရဲထွဋ်ရင်မှာ မခံမရပ်နိုင်အောင် နာကျင်သွားရကာ ချစ်သူလေးအပေါ် မချင့်မရဲစိတ်တွေ ပိုဖြစ်သွားရပြီး

"မောင် သဒ္ဒါကိုသိပ်ချစ်တယ်"

"သဒ္ဒါ"

သဒ္ဒါတစ်ကိုယ်လုံး အနမ်းမိုးတွေ ရွာချလိုက်ပြီး သူမမျက်နှာလေးနှင့် သူ့နှဖူးချင်း တေ့ထားလိုက်တော့ သဒ္ဒါကြည်ဖြူသည် အနေရခက်သလို သူမမျက်နှာလေးကို ရှောင်လွှဲပစ်လိုက်သည်။

"သိပ်ချစ်တယ်ဗျာ၊ မောင့်ကိုကော သဒ္ဒါချစ်ရဲ့လားဟင်"

ရက်လွန်းလွန်း အမူအရာလေးနှင့် အေးတိအေးစက်ရှိနေရသော သဒ္ဒါကြည်ဖြူကို ရဲထွဋ် အားမလိုအားမရကြီးနှယ် သူမကိုယ်လေးကို ဖျစ်ညှစ်စကားဆိုလျက် မေးလိုက်သည်။

သဒ္ဒါကြည်ဖြူသည် သူ့ရင်ခွင်ထဲတွင် အသက်ရှူများ မဝနိုင်တော့အောင် မွန်းကျပ်သွားရကာ

"သူနော်"



www.burmeseclassic.com

www.burmeseclassic.com



''အဟွန်း ဘယ်သူလဲ''

''အို ဘယ်လိုဖြစ်နေတာလဲ''

ချစ်စိတ်တွေနှင့် ခပ်တင်းတင်းလေး ဖျစ်ညှစ်လိုက်သည့် မောင့်ကြောင့် သဒ္ဒါကြည်ဖြူ မောင့်ရင်ခွင်ထဲ ခါးလေးတွေကော့သွားရ၏။

မောင်သည် သိမ်မွေ့နူးညံ့သလို အချစ်ကြမ်းသူလည်းဖြစ်သည်။ အချစ်ကြမ်းသည့်မောင့်ကို သဒ္ဒါကြည်ဖြူ ကြောက်မိပေမယ့် မောင့်ကိုတော့ဖြင့် သူမ အရှုံးမပေးချင်ပါ။

မောင့်အပေါ် အမြဲအနိုင်ယူနေကြ အနိုင်ယူရမှ ကျေနပ်တတ်သော သဒ္ဒါကြည်ဖြူသည် ခုလည်း မောင်ကို အနိုင်ယူချင်သေးသည်မို့ မောင့်အပေါ် စိတ်ဆိုးနေသည်မဟုတ်ပေမယ့် ချစ်ခင်ပွန်းသည်အပေါ် ဆိုးနွဲ့ချင်သည့် စိတ်ကလည်းရှိနေသေးသည်မို့ နှုတ်ခမ်းလေးစူ မျက်စောင်းလေးထိုးပြီး မောင့်ရင်ခွင်ထဲက သူမကိုယ်လေးကိုသာ ရုန်းထွက်နေလိုက်သည်။

''သဒ္ဒါနော် မောင့်ရင်ခွင်ထဲက ဘာလို့ ဒီလောက်ရုန်းနေရတာလဲ''





''ရုန်းမှတော့ လွှတ်စေချင်လို့ပေါ့''

''အဟွန်း ဟွန်း ဟွန်း၊ ဒါပေမယ့် မောင်က မလွှတ်ချင်ဘူးဆိုရင်ကော''

''လွှတ်ပါ သဒ္ဒါအဝတ်လဲချင်ပြီ''

ယခုထက်တိုင် သတို့သမီးဝတ်စုံနှင့် အဝတ်မလဲရသေးသော သဒ္ဒါကြည်ဖြူသည် ရဲထွဋ်ရင်ခွင်မှ ခပ်လွန့်လွန့်လေး ရုန်းနေလေပါ၏။

''မောင့်မျက်စိထဲမှာတော့ သဒ္ဒါက ဒီသတို့သမီး ဝတ်စုံလေးနဲ့ သိပ်လိုက်တာပဲ၊ ပြီးတော့ အရမ်းလည်းလှတယ်''

''ဘာလဲ သဒ္ဒါလှလို့ မောင်ကချစ်တာလား''

''ချစ်တော့လှတယ် လှတော့လည်းချစ်တာပဲ''

''ဒါဖြင့် မောင်တို့ယောကျ်ားတွေအချစ်က အလှတွေပေါ်မှာ အမြဲတမ်း ပြောင်းလဲနေတာပေါ့လေ''

''မိန်းမရယ် မောင်တို့ယောကျ်ားတွေလိုတော့ သိမ်းကြုံးမပြောပါနဲ့ဗျာ၊ အဲဒီထဲမှာ မောင်မပါတာတော့ သေချာတယ်၊ မောင်က ယောဒီက မောင့်မိန်းမလှလှ မလှလှ အမြဲချစ်နေမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



ကွ''

''တော်ပါ ပြောတာပဲ''

''ဘာလဲ ခင်ဗျားလေးက ကျုပ်စကားကိုမယုံဘူးလား''

''မောင်ကကော ယုံစေချင်လို့လား''

''ကြည့်စမ်း မင်းတော့ကွာ၊ ဒါဘာစကားလဲ''

ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးအား တင်းနေအောင် ပွေ့ဖက်ထားရင်းက သူ့နှာခေါင်းချွန်ချွန်က သဒ္ဒါကြည်ဖြူ ပါးပြင် အိအိလေးထဲ နစ်ဝင်သွားရသည်။

သည်နောက် ဆက်တိုက်ဆိုသလို ကျရောက်လာသည့် မောင့်အနမ်းများကြောင့် သဒ္ဒါကြည်ဖြူ မောင့်ရင်ခွင်ထဲကနေ ထိတ်လန့်သလိုမျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက်လာရပြီး

''မောင် လွှတ်ကွဲ့ယ်''

''မောင်ချစ်တာယုံပြီလား''

''အင်း ယုံပါပြီမောင်ရယ်၊ လွှတ်နော် သဒ္ဒါ အဝတ်လဲ ချင်ပြီ၊ ပြီးတော့ မောင်လဲ အဝတ်အစားလဲရဦးမယ်''

သဒ္ဒါကြည်ဖြူသည် သူမပါးနှင့် မောင့်ပါးပြင်ကပ်ကာ





ချွဲသလိုဆိုလိုက်တော့မှ ရဲထွဋ်သည် သူမကိုယ်လေးအား မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်သည်။

ဒါတောင် သူ့ရင်ခွင်ထဲက လွှတ်မပေးခင် သူမကိုယ်လေးအား ခပ်တင်းတင်းပွေ့ဖက်လျက် အနမ်းတွေ ရောက်ရှိလာသေးသည်မို့ သဒ္ဒါကြည်ဖြူသည် ရှက်ရွံ့မှုတွေနှင့်သာ မောင့်အလိုကျ ရှိနေခဲ့၏။

သဒ္ဒါကြည်ဖြူမှာ မောင့်အတွက် အဝတ်အစားများကို သူမ၏ ရွေးထုတ်ပေးလိုက်တော့မှ မောင်သည် အဝတ်အစားလဲလေ၏။

အဝတ်အစားလဲပြီးသွားသည့်မောင်သည် အခန်းထဲက မထွက်ဘဲ သူမအနားတွင်သာရှိနေသည်မို့ သဒ္ဒါကြည်ဖြူမနေသာ တော့ဘဲ မောင်နှင့်မျက်နှာချင်းဆိုင်လိုက်ကာ

''မောင်''

''ဘာလဲသဒ္ဒါ''

''အခန်းထဲကထွက်လေ''

''ဟင် ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် မောင်ကလည်း ထွက်ဆိုထွက်ကွာ၊ ဒီမှာ သဒ္ဒါ အဝတ်လဲမလို့ရှင့် ကဲသိပြီလား"

"ဟောဗျာ အဟွန်း ဟွန်း ဟွန်း"

"မောင်နော် ဘာရယ်တာလဲ"

"မောင့်မိန်းမကတော့ တကယ်စံပါပဲကွာ၊ အဝတ်အစား လဲတာပဲ ဘာဖြစ်လဲ၊ ကိုယ့်ယောကျ်ားကို ကိုယ်ပြန်ရှက်နေရသေး တယ်လို့ဗျာ"

ဝင်းမှုန်အိစက်နေထွေးနေရသော သဒ္ဒါကြည်ဖြူ၏ အလှ တွေကို ရဲထွင်သည် မြတ်နိုးမဆုံး တွယ်တာချစ်မြတ်နိုးခြင်းတွေနှင့် ငေးကြည့်ကာ မချင့်မရဲ စကားဆိုလိုက်တော့ သဒ္ဒါကြည်ဖြူ မျက်နှာ လေးရဲပသွားရပြီး

"မောင်နော် သဒ္ဒါထွက်ဆိုထွက်ပေး မဟုတ်ရင် သဒ္ဒါ အဝတ်မလဲဘဲ ဒီအတိုင်းနေနေလိုက်မှာ"

"ဒီအတိုင်းတော့ မနေပါနဲ့မောင့် မိန်းမရယ်၊ ဒီဝတ်စုံလေး နဲ့ သိပ်လှပေမယ့် မောင့်မိန်းမနေရတာ အနေကျဉ်းကျပ်နေမှာပေါ့"

"ဒါဆို မောင် အခန်းအပြင်ထွက်ပေါ့"





"သဒ္ဒါအဝတ်လဲလို့ရအောင် မောင် ဟိုဘက်လှည့်ပေး မယ်လေ"

"ဟင့်အင်း မရဘူး၊ အခန်းပြင်ကို မောင်ထွက်ပေးမှ"

"ရော် ဒီကလေးမ ဖွတ်ကြီးပါလား၊ ကဲ ကောင်းပါပြီဗျာ၊ မောင့်ရဲ့မိန်းမ ဒီလောက်ရှက်နေမှတော့ ဒီကောင် အခန်းပြင်ထွက်ပေး ရတော့မှာပေါ့၊ ဒါပေမယ့် မသွားခင်တော့"

"အို"

"မောင်"

ခဏလေးခွဲရမှာကို မခွဲနိုင်မခွာရက်သလို အဖြစ်သည်း အချစ်သည်းသော မောင့်ကို သဒ္ဒါကြည်ဖြူ အပြစ်ရယ်လို့လည်း မဆိုချင်ပါတော့။

အကြောင်းကား

မောင်သည် သိပ်ချစ်တတ်သူမှန်း သူမသိနေ၍ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ည။

ညဆိုသောအသိနှင့်အတူ သတို့သား သတို့သမီး အသစ်စက်စက်ဖြစ်သည့် ရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူတို့နှစ်ဦးစလုံးမှာ ရင်တွေခုန်နေရလေသည်။

နံရံကပ်မီးလုံးပြာလဲ့လဲ့ အလင်းရောင်ကလွဲလို့ မင်္ဂလာအိပ်ခန်းကျယ်အတွင်း အပ်ကျသံမျှမကြားရအောင် တိတ်ဆိတ်နေမှုအောက်တွင် ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးကို ရင်ခွင်ထဲတင်းတင်းကြီး ပွေ့ဖက်ထားရင်းက သူကိုယ်တိုင် စိတ်တွေလှုပ်ရှားနေရသလို သဒ္ဒါကြည်ဖြူသည်လည်း စိတ်တွေလှုပ်ရှားနေရပါ၏။

''သဒ္ဒါ''





''မောင်''

''ဒီညလေးကို မောင်တို့ဘဝမှာ ဘယ်တော့မှ မမေ့ပစ်ရဘူးနော်''

''ဟုတ်တယ်နော်မောင်၊ ဒီညလေးက မောင်နဲ့သဒ္ဒါအတွက် ထာဝရ အမှတ်ရနေရမယ့် နေ့တစ်နေ့ပဲနော်''

''မောင်တော့ မောင်ချစ်သူကို ခုလိုရင်ခွင်မှာ ပိုင်ပိုင်ထွေးပွေ့ခွင့်ရတဲ့ဘဝလေးကို သိပ်ပြီး လိုလားနှစ်သက်တာပဲ၊ သဒ္ဒါသိလား''

''ဘာလဲမောင်''

''သဒ္ဒါ အတိတ်မေ့သွားတဲ့အချိန်ကဆို မောင့်မှာ ခံစားရလွန်းလို့ အရူးကြီးတစ်ယောက်လိုဖြစ်ခဲ့ရတာ''

''မောင်ရယ်''

သဒ္ဒါကြည်ဖြူ မောင့်ရင်ခွင်ထဲ သူမကိုယ်လေးကို ပို၍တိုးဝင်လိုက်ကာ မောင့်ကိုယ်ကြီးကို သူမလက်လေးနှင့် ခပ်တင်းတင်း ပြန်လည်သိုင်းဖက်ထားလိုက်သည်။

အတိတ်မေ့ခဲ့စဉ်က အဖြစ်တွေကို သဒ္ဒါကြည်ဖြူသည်



www.burmeseclassic.com

www.burmeseclassic.com

ဘာတစ်ခုမှ သူမ မမှတ်မိတော့ပေမယ့် မောင့်ပြောပြချက်အရ မောင် သည် သူ့အတွက် ဘယ်လောက်ခံစားရမည်ဆိုတာကိုလည်း သူမ စဉ်းစားတွေးကြည့်လို့ရပါ၏။

သူမကို သိပ်ချစ်သောမောင်သည် သူမကို မျက်စိရှေ့ အောက်တွင် မြင်တွေ့နေရပါရက်နှင့် သူ့အား မမှတ်မိ မသိရှိတော့ သည့်အဖြစ်ကို မောင်သည် ဘယ်လိုနှလုံးသားနှင့် ရဲရဲရင်ဆိုင်ခဲ့ပါ သည်လဲ။

မောင်ခံစားရမှုကိုတွေးရင်းက သဒ္ဒါကြည်ဖြူသည် မောင့် အား သနားကြင်နာ ချစ်စိတ်တွေ ရင်မှာ ယခင်ကထက်ပိုလို့ တိုးလာရသည့်အဖြစ်။

''အဲဒီတုန်းက မောင် ဘုရားမှာ နေ့ရှိသရွေ့ အမြဲဆု တောင်းခဲ့တယ်၊ မောင်ချစ်တဲ့သဒ္ဒါ အမြန်ဆုံးနေကောင်းပြီး အတိတ် ကို ပြန်ပြီး သတိရပါစေလို့ပေါ့''

''အိုကွယ် မောင်ရယ်''

မောင့်ခံစားမှုနှီးပါး သူမခံစားသွားရသည်မို့ သဒ္ဒါကြည်ဖြူ မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်များ ခိုတွယ်ရစ်ဝိုင်းလာရသည်။





သနားလိုက်တာမောင်ရယ်။ မောင့်ကို သိပ်သနားတာပဲဆို သည့် စကားတွေကို သဒ္ဒါကြည်ဖြူရင်ထဲ အကြိမ်ကြိမ်အခါခါ ဆိုရင်း သဒ္ဒါကြည်ဖြူမှာ ရှက်ကြောက်မှုတွေကိုပင် သတိမရနိုင် တော့ဘဲ မောင့်မျက်နှာချောချောကြီးကို သူမ အကြိမ်ကြိမ်နမ်းရှိုက် နေမိသည်။

မောင်သည် သူမကိုယ်လေးကို ပွေ့ဖက်ထားရင်းက သူမအား အနမ်းတွေပြန်ပေးရင်း

''ခုတော့ မောင့်ရဲ့ဆုတောင်းတွေ အားလုံးပြည့်ဝသွားပြီလို့ ပြောရမှာပဲ သဒ္ဒါ၊ ဘာဖြစ်လဲဆိုတော့ မောင်ချစ်တဲ့သဒ္ဒါကို မောင် ပြန်ပြီး ပိုင်ဆိုင်ခွင့်ရရုံတင်မကဘူး ဟော့ဒီကောင်မလေးက မောင့် ရဲ့ဘေးမှာ မောင့်ရဲ့ထာဝရအဖော်အဖြစ် အမြဲရှိနေတော့မယ့်အဖြစ်က မောင့်ရင်ကို ဘယ်လောက်ကြည်နူးအေးမြစေရတယ်ထင်လဲ''

တကယ်ပင် ရဲထွန်းမျက်နှာတစ်ခုလုံး ပျော်ရွှင်ကြည်နူး ကျေနပ်ရိပ်များဖြင့် အပြုံးပန်းတွေ ဖူးပွင့်နေသည်။

သဒ္ဒါကြည်ဖြူမှာ မောင်၏ ပြုံးလွှန့်လွှန့်နှင့် အကြည့်ရှုးရှူး တွေကို ရင်ဆိုင်ပြန်ကြည့်ဖို့ရာ သူမတွင် အင်အားမရှိနေတော့သည်မို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အတွင်ငုံ့ထားမိတော့ ရဲထွန်းသည် ချစ်သူလေး၏အရှက် သည်းမှုကိုသိကာ မချင့်မရဲဖြစ်လျက် သူ့မျက်နှာလေးကို ဆွဲမော့ကာ သူ့မျက်ဝန်းပြာလဲ့လဲ့လေးကို စိုက်ကြည့်လာလေသည်။

သူ့အကြည့်များကြောင့် သဒ္ဒါကြည်ဖြူမှာ မနေတတ်တော့သလို သူ့မျက်ဝန်းအစုံကို ဖျတ်ခနဲ မှိတ်ပစ်လိုက်တော့ ရဲထွန်းမှာ သဘောကျစွာ သွားစွယ်ဖွေးဖွေးလေးများပေါ်အောင် ပြုံးလိုက်၏။

သည်နောက် မှေးမှိတ်ထားသည့် မျက်တောင်ရှည်စင်းစင်း ကြီးများကို မထိတထိနမ်းရှိုက်ရင်း တိုးရှိုက်စွာဆိုလိုက်၏။

"သဒ္ဒါကော မောင့်လိုပဲမဟုတ်လား၊ ခုချိန်ကစပြီး မောင်နဲ့ မခွဲအတူ ထာဝရ မောင့်ရင်ခွင်မှာ နားခိုရတော့မယ့်ဘဝကို သဒ္ဒါလည်း တန်ဖိုးထား မြတ်နိုးမယ်ဆိုတာ မောင်သိတယ်၊ ဟုတ်တယ် မဟုတ်လား သဒ္ဒါ"

"အင်း"

သူ့ရင်ခွင်ထဲမှနေ သဒ္ဒါကြည်ဖြူသည် ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

သူ့မ၏ ထိုပုံစံလေးကိုပင် ရဲထွန်းမှာ ရယ်ရွှင်ကြည်နူးရိပ်





များနှင့် စိုက်ကြည့်ကာ

"မောင့်ကိုချစ်လားသဒ္ဒါ"

သူ့စကားကို သဒ္ဒါကြည်ဖြူသည် ပြန်မဖြေဘဲ ရှက်ပြုံး လေးနှင့် ငြိမ်နေလေတော့

"အဟွန်း သဒ္ဒါမပြောလည်းရပါတယ်ဗျာ၊ သဒ္ဒါရင်ထဲက အဖြေကို မောင်လှမ်းမြင်နေရပြီပဲ"

"မောင်နော်"

"တကယ်ပြောတာဗျာ သဒ္ဒါဆိုတဲ့ကောင်မလေး မောင့် ကိုသိပ်ချစ်ပါတယ်တဲ့"

"ဟာ သွား၊ မောင်လူလည်"

"ဟ ဘယ့်နှယ်လူကိုတွန်းထုတ်ရတာလဲကွ၊ မောင် တကယ်ပြောနေတာ၊ ဘာလဲ သဒ္ဒါက မောင်ပြောသလို မောင့်ကို မချစ်ဘူးလားပြောစမ်း"

"ဟင့်အင်း"

"ဘာကွ မင်းလေးနော်၊ ဘာဟင့်အင်းလဲ၊ မောင့်ကို သိုင်ပြီး အသည်းယားအောင်မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မချင့်မရဲကြီးနှယ် ရဲထွဋ်သည် ပြောရင်းက သဒ္ဒါကြည်ဖြူ ကိုယ်လေးကို သူ့ရင်ခွင်ထဲ လွတ်ထွက်သွားမတတ် တင်းတင်းကြီး ဖက်ထားလိုက်ပြီး

''ပြောစမ်း မောင့်ကိုချစ်လားဆိုတာ''

သဒ္ဒါကြည်ဖြူသည် မဖြေပါ။ နှုတ်ခမ်းဖူးဖူးဥဥစိုစိုလေး ကိုသာ ခပ်တင်းတင်းလေး ဖိကိုက်ထားလျက် ငြိမ်နေတော့ ရဲထွဋ် ပိုလို့ မချင့်မရဲကြီးဖြစ်လာရကာ

''မောင်မေးနေတယ်လေ သဒ္ဒါ၊ သဒ္ဒါ မောင့်ကိုချစ်လား ဆိုတာ''

သူ့အမေးကို မဖြေရပါ့မလားဆိုကာ ဒေါသတွေနှင့် ချစ်စိတ်တွေပေါက်ကွဲချင်နေရသော ရဲထွဋ်သည် ချစ်သူ၏အမူအရာ ကို အားမလိုအားမရကြီးနှင့်ဖြစ်ရသည်မို့ သူ့စိတ်တွေ မချင့်မရဲ မရိုးမရွဖြစ်လာရကာ ခပ်ကျိတ်ကျိတ်ဆိုလိုက်သည်။

မောင့်မျက်နှာကြီးတည်ကာ မောင်စိတ်ဆိုးနေပြီကို သဒ္ဒါကြည်ဖြူသိလိုက်တော့ သူမမျက်နှာလေးပြုံးသွားကာ

''မောင်ရယ် သဒ္ဒါကိုချစ်လားလို့ မောင်မေးနေဖို့မလို





အောင် မောင့်ရင်ခွင်ထဲ သဒ္ဒါတစ်ယောက်လုံး ရောက်နေပြီပဲရှင်၊ ပြီးတော့ ဒီစကားမျိုး မေးရမှာက သဒ္ဒါပါမောင်''

''ဒါဆိုမမေးနဲ့တော့''

''ဟင် ဘာဖြစ်လို့လဲမောင်''

''ဘာဖြစ်လို့လဲဆိုတော့ သဒ္ဒါကို မောင်သိပ်ချစ်လို့ပေါ့''

''အို''

နွေးထွေးစွာကျရောက်လာသော မောင်အနမ်းများကို သဒ္ဒါ ကြည်ဖြူသည် ရှက်လန့်စိုးရွံ့မှုတွေနှင့် ချောက်ချားတုန်လှုပ်စွာ ခံယူ လိုက်ပါ၏။

မောင့်အနမ်းများကြောင့် သူမတစ်ကိုယ်လုံး နွေးထွေးနေရ ပြီဖြစ်သည်။

''သဒ္ဒါရယ် မောင့်ဘဝမှာ ဒီနေ့လိုမျိုး နေ့ရက်အချိန်ကို တမ်းတတောင့်တခဲ့ရတာ သဒ္ဒါသိမှာမဟုတ်ပါဘူးဗျာ၊ အဲဒီလောက် ထိ သဒ္ဒါကို မောင်သိပ်ချစ်တယ်''

ချစ်စကားတွေနှင့် တရှူးထိုးအနမ်းများကြားတွင် သဒ္ဒါ ကြည်ဖြူထံမှ ဘာစကားမှ ထွက်မလာပါပေ။



www.burmeseclassic.com

www.burmeseclassic.com



မှုံမှုံမှေးမှေး မောင့်အနမ်းများကြားတွင် သဒ္ဒါကြည်ဖြူ၏ ရင်ခုန်သံတွေ ထူးထူးခြားခြားကြီး မြန်ဆန်နေရသည်။

တင်းကျပ်စွာပွေ့ဖက်ထားသည့် မောင်၏အပွေ့အဖက် အနမ်းများကြားတွင် သဒ္ဒါကြည်ဖြူ ဘယ်လိုမှ ရုန်းခွင့်မသာပါပေ။

မောင်သည် သူမကို သိပ်ချစ်တတ်လွန်းသူပါလားဆိုသည့် အတွေးနှင့် သဒ္ဒါကြည်ဖြူရင်ထဲ ကြည်နူးပီတိများ တသိမ့်သိမ့် လှိုက်ဝေ့လာရတော့ သူမလက်လေးနှစ်ဘက်က မောင့်ကိုယ်ကြီးကို ပြန်လည်သိုင်းဖက်လာရသည်။

''မောင်''

''ဗျာ''

''မောင် သဒ္ဒါကို သိပ်ချစ်တာပဲလားဟင်''

''အေးကွ၊ ဒီအခြေအနေရောက်နေတာတောင် မောင်ချစ်တာ မင်းလေးမသိသေးဘူးလား''

''မောင်ပြောပြလေ''

''နောက်တော့သိမယ်''

''မောင်ကလည်း''





''ဈေးကိုင်တာပဲ၊ ခုပြောတော့ ဘာဖြစ်လို့လဲ''

''အဟွန်း ဟွန်း ခုပြောရင် ဘာမှမဖြစ်ပေမယ့် မောင်နဲ့ အတူနေချိန်မှာ သဒ္ဒါအပေါ် မောင့်အချစ်တွေ ဘယ်လောက်ထိ နိုင်မာလေးနက်တယ် နက်ရှိုင်းတယ်ဆိုတာ မင်းလေးကို ပိုပိုပြီး သိစေချင်လို့ပေါ့''

''မောင်ရယ်''

မောင့်အချစ်တွေကို ကြားသိရတော့ သဒ္ဒါကြည်ဖြူရင်ဝယ် ကြည်နူးမှုတွေနှင့် ကြက်သီးလေးများပင် ထသွားရသည်။

တစ်ဆက်တည်း ချစ်တတ်လွန်းသည့် မောင့်အချစ်တွေကို လည်း သဒ္ဒါကြည်ဖြူသည် အထင်မသေးရဲတော့ပြီမို့ မောင့်ရင်ခွင် ကျယ်ကြီးထဲ ခေါင်းတိုးဝင်လိုက်ရင်းက

''သဒ္ဒါလည်း မောင့်ကိုသိပ်ချစ်ပါသည်''ဆိုတဲ့ စကားကို ရှက်လွန့်လွန့်လေး သူမဆိုလိုက်ရသည်။

''တကယ်တော့ သဒ္ဒါ မောင့်အချစ်တွေကို အချိန်နဲ့ဒီထက် စောပြီးသိရမှာသိလား''

''ဘာလို့လဲမောင်''



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါစဉ်းစားကြည့်လေ၊ ဒီကြားထဲမှာ သဒ္ဒါအကိုက်မေ့သွားခဲ့လို့မဟုတ်လား၊ မဟုတ်ရင် အဲဒီအချိန်မှာကတည်းက သဒ္ဒါကို မောင်ပိုင်ဆိုင်နေရပြီ"

"မောင်"

"မောင်တကယ်ပြောတာကွ၊ မောင်ချစ်တာကို သဒ္ဒါလည်းသိနေတာပဲလေ၊ မောင့်မှာ အဲဒီအချိန်တွေတုန်းက ဘယ်လောက်ထိ အောင့်အီးသည်းခံခဲ့ရတယ်မှတ်လဲ၊ ဒီကြားထဲ သူ့သဒ္ဒါက မောင့်ကို အစ်ကိုရင်းမှတ်ပြီး ကိုမိုးဆွေနဲ့"

"ကိုမိုးဆွေနဲ့ ကိုမိုးဆွေနဲ့သဒ္ဒါ ဘာဖြစ်လဲမောင်"

"ဟင် ဟို ဘာမှမဖြစ်ပါဘူးသဒ္ဒါ၊ သဒ္ဒါနဲ့ကိုမိုးဆွေ ခင်တဲ့ အကြောင်းပြောမလို့ပါ"

ရဲထွဋ်သည် မှားသွားရသည့် သူ့စကားအတွက် အမြန်ပြန်ပြင်လိုက်ရင်း သဒ္ဒါကြည်ဖြူအား သင့်လျော်သည့် အကြောင်းတစ်ခုကိုပြကာ ပြောလိုက်တော့မှ သူမစိတ်ထဲ ကျေနပ်သွားရသလိုနှင့်

"မောင်ပြောသလို သဒ္ဒါနဲ့ကိုမိုးဆွေ ခင်တယ်ဆိုတာ ဟုတ်လိမ့်မယ်မောင်၊ ဘာဖြစ်လို့လဲဆိုတော့ သဒ္ဒါစိတ်ထဲမှာ သူ့အပေါ်





ရင်းနှီးခဲ့သလိုပဲ၊ ဒါနဲ့ သဒ္ဒါနဲ့ကိုမိုးဆွေ သိပ်ရင်းနှီးခဲ့လားမောင်"

"သြော် အင်း၊ ဟိုဒီလိုပါပဲသဒ္ဒါ ကိုမိုးဆွေနဲ့သဒ္ဒါ အိမ်နီးချင်း မိတ်ဆွေတွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် သိတယ်ခင်တယ်ဆိုရုံပါပဲ၊ သဒ္ဒါ ကိုမိုးဆွေနဲ့ပတ်သက်ပြီး ဘာတွေသိထားလို့လဲ၊ ပြီးတော့ ဘာတွေကိုကော ပြန်ပြီးအမှတ်ရနေလို့လဲ သဒ္ဒါ"

ကိုမိုးဆွေနှင့်ပတ်သက်သည့် အတိတ်ကို ချစ်သူလေးပြန်၍ သတိရမှတ်မိနေပြီလားဆိုကာ ရဲထွဋ်ရင်ထဲ ထိတ်ခနဲဖြစ်သွားရသမျှ သဒ္ဒါကြည်ဖြူထံမှ စကားကိုကြားပါမှ သူသက်မချနိုင်တော့သည်။

"ကိုမိုးဆွေနဲ့ပတ်သက်ပြီး သဒ္ဒါမှာ ဘာမှသတိရစရာ မရှိဘူးနဲ့တူပါတယ် မောင်ရယ်၊ သဒ္ဒါ သူနဲ့ပတ်သက်ပြီး ဘာမှ သတိရမှတ်မိတယ်ဆိုတာ မရှိပါဘူး၊ ဒါပေမယ့် သဒ္ဒါတွေးလို့မရတာက သဒ္ဒါရင်ထဲမှာ သူနဲ့ပတ်သက်ပြီး တစ်ခုခုကို ဘာကြောင့် စိတ်မကောင်းဖြစ်နေရတာလဲဆိုတာ"

ဝေဒနာတွေ ခံစားခဲ့ရသည့် ချစ်သူလေးအတွက် ရဲထွဋ်လည်း စိတ်မကောင်းဖြစ်သွားရသည်မို့

"သဒ္ဒါရယ် ဘာဖြစ်လို့ ဒီအကြောင်းတွေ ကိုယ့်ကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ခံပြီး တွေးနေရတာလဲဗျာ၊ ကိုမိုးစွေနဲ့ သဒ္ဒါကြားမှာ ဘာရင်းနှီးပတ်သက်တဲ့ ခံစားမှုမျိုး မရှိဘူးဆိုတာ မောင်ပြောရဲပါတယ်၊ ဒါကြောင့် ဒီအကြောင်းတွေ ဘာမှစိတ်ညစ်ခံပြီး တွေးမနေနဲ့တော့ ဟုတ်ပြီလား"

ကိုမိုးစွေအတွက် သူကိုယ်တိုင် စိတ်မကောင်းဖြစ်ရပေမယ့် ချစ်သူလေး ဝေဒနာခံစားရမည့်အဖြစ်ကိုတော့ သူ့အနေနှင့် နည်းနည်းမှ မလိုလားနိုင်ပါပေ။

ထို့ကြောင့် အကောက်ခွန်အရာရှိလေး ရဲထွဋ်သည် စိတ်မှနေ ကိုမိုးစွေအား 'ခွင့်လွှတ်ပါတော့' ဆိုသည့် စကားတွေနှင့်သာ ရင်မှာ အကြိမ်ကြိမ် တောင်းပန်နေသည့်အဖြစ်ကိုတော့ ကာယကံရှင်ဖြစ်သည့် ကိုမိုးစွေသည်လည်း သိနိုင်လိမ့်မည်မဟုတ်တော့ပါ။

ခုချိန် သူတို့နှင့် မိုင်ပေါင်းထောင်ချီဝေးသည့် အဝေးတစ်နေရာတွင် ရောက်ရှိနေမည်ဖြစ်သည့် အင်ဂျင်နီယာလေး ကိုမိုးစွေအတွက် စိတ်မကောင်းဖြစ်ရုံကလွဲလို့ သူကိုယ်တိုင်လည်း ဘာမှ မတတ်နိုင်ခဲ့ပါ။

သူတို့သုံးဦးအတွက် ကံကြမ္မာက ဖန်ပေးလိုက်သည့် ကံဇာတ်ဆရာ၏ အလိုတော်အတိုင်းသာ ရဲထွဋ်၊ မိုးစွေနှင့် သဒ္ဒါကြည်ဖြူတို့သုံးဦးသည် လောကဇာတ်ခုံပေါ်တွင် ကရခြင်းဖြစ်ကြောင်း ရဲထွဋ် နားလည်သလို ကိုမိုးစွေကိုလည်း သူနားလည်စေချင်ပါ၏။





ထို့အတူ

သူ့အနေနှင့် ဒီအဖြစ်တွေကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် ချစ်ဇနီးချောအား ဖွင့်ပြောဖို့ဆိုတာကိုတော့ ရဲထွဋ် အတော်စဉ်းစားရပါပေလိမ့်မည်။

ပြောရလျှင် သူ့အနေနှင့် ချစ်ဇနီးကို ဘာအတွက်ကြောင့်နှင့်မှ စိတ်မထိခိုက်စေချင်တော့ပါ။

သူမ၏အေးချမ်းနေပြီဖြစ်တဲ့ ဘဝလေးကိုသာ အကောင်းဆုံးဖြစ်အောင် သူ့အချစ်တွေနှင့် ဖန်တီးပေးချင်သည့် ဆန္ဒတစ်ခုတည်းသာ ရဲထွဋ်တွင်ရှိပါ၏။

ရဲထွဋ်သည် သဒ္ဒါကြည်ဖြူကိုယ်လေးကို ရင်ခွင်ထဲထွေးပွေ့ဖက်ကာ မျက်နှာလေးကို နမ်းရှိုက်လိုက်ပြီး

"သဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

ချစ်ရည်ရွှန်းလက်နေသော မျက်ဝန်းစိုစိုကြီးများနှင့် သဒ္ဒါကြည်ဖြူအားကြည့်ကာ ခေါ်လိုက်တော့ သဒ္ဒါကြည်ဖြူသည် ချစ်သူမောင့်အား အလှဆုံးအပြုံးမျက်နှာလေးနှင့် ကြည့်လာလေ၏။

ရဲထွဋ်မှာ ချစ်ဇနီးလေးကို ပြုံး၍ကြည့်ကာ

"သဒ္ဒါကို မောင်သိပ်ချစ်တာပဲ"

"အမယ် သဒ္ဒါကကော မောင့်ကို မချစ်ဘူးထင်လို့လား"

"အဟွန်း မောင့်အချစ်ကိုတော့ သဒ္ဒါမီမယ်မထင်ပါဘူးဗျာ"

"ယုံအောင်ညာပါနော်"

"ကြည့်စမ်း ခင်ဗျားလေးက မောင့်အချစ်ကို မယုံဘူးပေါ့လေ"

သူ့အချစ်ကို မယုံရပါ့မလားဆိုတာ ရဲထွဋ်သည် သဒ္ဒါကြည်ဖြူ လက်မောင်းသား ဝင်းဝင်းနုနုလေးကို သူ့လက်နှင့် ခပ်တင်းတင်း ဖျစ်ညှစ်လိုက်သည်။

"သဒ္ဒါကို မောင်ခုမှ ဘာကြောင့် ပိုင်ဆိုင်ခွင့်ရတယ်မှတ်လဲ"





သဒ္ဒါကြည်ဖြူမှာ သူ့ကို နားမလည်သလိုကြည့်လိုက်သည်။ ရဲထွဋ်မှာ ချစ်သူ၏မျက်နှာကို ရွှန်းမြမြကြည့်ပြီး

"ဟေး မောင့်ကို ဘာကြည့်တာလဲကွ"

"မောင်ပြောတာ"

"အဟွန်း သဒ္ဒါစဉ်းစားကြည့်လေကွာ၊ တကယ်တော့ သဒ္ဒါကို မောင်အစောကြီးကတည်းက ပိုင်ဆိုင်ခွင့်ရရမှာ"

"ဒါပေမယ့်"

"ရှူး မပြောနဲ့၊ သဒ္ဒါပြောမှာ မောင်သိတယ်၊ ခုမောင်ပြောတာ သဒ္ဒါကို အပြစ်ပြောနေတာမဟုတ်ဘူး၊ မောင့်အချစ်ကို သက်သေပြုပြီးပြောနေတာ၊ သဒ္ဒါကိုသိပ်ချစ်လွန်းလို့ မောင် အချိန်တွေ အများကြီးပေးဆပ်ချစ်ခဲ့ရတာကိုလည်း တွေးဦးလေဗျာ"

"ပြီးတော့ မောင်သဒ္ဒါကို ဘယ်လောက်ထိ ချစ်ခဲ့၊ အလိုလိုက်ခဲ့ ဂရုစိုက်ခဲ့ရလည်းဆိုတာ သဒ္ဒါတွေးကြည့်မိရင်သိမှာပါ"

သဒ္ဒါကြည်ဖြူ သူ့အပေါ် ကြင်နာယုယမှုတွေနှင့် ဂရုစိုက်ချစ်တတ်လွန်းမှုတွေကို ပြန်လည်သတိရကာ မောင့်အချစ်များ

www.burmeseclassic.com



အတွက် ရင်မှာ ကြည်နူးပီတိများ သိမ့်သိမ့်ဖြာဝေသွားရသည်။

ချစ်ဖနီးလေး၏ မျက်နှာအရိပ်အကဲကို စောင့်ကြည့်နေသော ရဲထွဋ်မှာ ပန်းသွေးရောင်တောက်နေသည့် လွန်စွာလှပလွန်းသော ရှက်မျက်နှာလေးကို ချစ်မြတ်နိုးမှုတွေနှင့် ကြည့်မဝ ရှုမဝနိုင်သလို ကြည့်ရင်း သူ့ပါးပြင်ချောချောကြီးက သူမပါးပြင်နုနုလေးပေါ် ဖိကပ်လာကာ

''မောင့်မိန်းမကလေ ဘယ်လိုနေနေ သိပ်လှတာပဲ၊ မောင်တော့ မိန်းမရတာ တကယ်ကံကောင်းတယ်သိလား၊ မောင့်ဖနီးက ကြွေရုပ်လေးလိုလှနေတဲ့အပြင် မောင့်အပေါ်မှာလည်း သိပ်ချစ်တယ်၊ အဟွန်း ဒီလိုကောင်မလေးကိုရတာ မောင်မှကံမကောင်းရင် ဘယ်သူကံကောင်းနိုင်ဦးမှာလဲဗျာ''

မတည်မပြုံးမျက်နှာချောချောကြီးနှင့် သူမအား ခပ်စိုက်စိုက်ကြည့်ကာ ကြည်နူးရိပ်များဖြင့် စသလိုဆိုနေသော မောင့်ကြောင့် သဒ္ဒါကြည်ဖြူသည့် ရှက်ပြုံးလေးနှင့် မောင့်ကိုယ်ကြီးကို တွန်းထုတ်လိုက်တော့ မောင်သည်ကလူ့ပါး။ သူမကိုယ်လေးကို မလွှတ်သည့်အပြင် တိုး၍ပင်ဖက်ထားလိုက်တော့ သဒ္ဒါကြည်ဖြူသည် မောင့်





ရင်ခွင်ထဲတွင် မနေတတ်အောင် ဖြစ်သွားရကာ

''မောင်နော် လွှတ်''

ရဲထွဋ်မှာ လွှတ်မပေးဘဲ တိုးဖက်ကာ အပြုံးခပ်လွန်လွန်နှင့် မချိုမချဉ်ကြည့်ပြီး

''ဒီနေ့ ဒီအချိန်ကစပြီးတော့ ဒီကကောင်မလေးကို မောင့်ရင်ခွင် မောင့်ဘဝထဲက ဘယ်တော့မှ ရုန်းထွက်ခွင့်မရအောင် မောင့်အချစ်တွေနဲ့ တစ်ခါတည်း ချည်နှောင်ထားလိုက်တော့မယ် လာခဲ့''

''မောင်''

''အို''

''ချစ်လိုက်တာ သဒ္ဒါရယ်''

''သိပ်ချစ်တယ်''

''အိုကွယ်''

နှစ်ဦးစလုံး ရင်ခုန်သံတွေ မြန်ဆန်လာရပြီး ကိုယ်စီရင်ဝယ် စိတ်လှုပ်ရှားခြင်း ကြည်နူးလှိုက်ဖိုခြင်းများက နှလုံးသားထဲထိ ရိုက်ခတ်ပျံ့နှံ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နှစ်ဦးစလုံးမှာ အချစ်ဦးမို့ မူးမူးမိုက်မိုက်နှင့် ထွေးပိုက်မိကြသည့်အချစ်များအောက်တွင် မောင်နှင့်သဒ္ဒါအတွက် နားခိုစရာ အကြင်နာရပ်ဝန်း၏ ကမ္ဘာသစ်လေးပင် ဖြစ်ပါသည်။

ချစ်ခြင်း မြတ်နိုးခြင်း ကြင်နာယုယတွယ်တာ ချည်နှောင်ခြင်းများဖြင့် သိပ်သည်းလှိုက်ဖြာလွန်းသော အနမ်းကမ္ဘာနှင့် အချစ်များအောက်တွင် အကောက်ခွန်အရာရှိလေးရဲထွဋ်နှင့် သဒ္ဒါကြည်ဖြူတို့အတွက် ပြီးပြည့်စုံခြင်းအတိဖြင့် အရာရာလှပနေသော ကမ္ဘာကြီးအား အချစ်ဖြင့် ဖန်ဆင်းတည်ဆောက်ထားလိုက်သည်မှာ သူတို့နှစ်ဦးအတွက် ကြည်နူးမှုအပျော်တွေသည် မကုန်ဆုံးနိုင်ပါလေတော့။

ရွှေအဥ္ဇလီ



www.burmeseclassic.com